# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၁၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေး။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကျန်းမာရေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ဒေသဖွံ့ဖြိုးရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၄ )ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အနောက်ခြမ်းရှိ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း - ရွာတန်းရှည် - အုံတုံ ကျေးလက် လမ်းမကြီးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်က မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အနောက်ခြမ်းရှိ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း - ရွာတန်းရှည် - အုံတုံ ကျေးလက်လမ်းမကြီးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိတ္ထီလာမြို့နယ်အတွင်းရှိ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း - ရွာတန်းရှည် - အုံတုံ ကျေးလက်လမ်းမကြီးအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့နယ်တွင် မြို့ပေါ် (၁၄)ရပ်ကွက်နဲ့ ကျေးရွာအုပ်စု (၅၀)အုပ်စုတို့ ပါဝင်ဖွဲ့စည်းထားသော မြို့နယ်ဖြစ်ပါတယ်။ မိတ္ထီလာကန်အောက်တွင်၊ မြို့အရှေ့ဘက်ခြမ်းတွင် ရပ်ကွက်(၈)ရပ်ကွက်နဲ့ ကျေးရွာအုပ်စု (၂၈)အုပ်စု၊ မိတ္ထီလာကန်အထက် မြို့၏အနောက်ဘက်ခြမ်းတွင် ရပ်ကွက်(၆)ရပ်ကွက်နဲ့ ကျေးရွာ အုပ်စု(၃၀)တို့ ရှိပါတယ်။ မိတ္ထီလာကန်အောက် မြို့အရှေ့ဘက်ခြမ်းရှိ ကျေးရွာအုပ်စုများမှာ မိတ္ထီလာကန်ရေမှ စိုက်ပျိုးရေ ရရှိသဖြင့် အများအားဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိပါတယ်။ မိတ္ထီလာကန်အထက် မြို့အနောက်ဘက်ခြမ်းတွင်ရှိ ကျေးရွာအုပ်စုများမှာ စိုက်ပျိုးရေမရဘဲ မိုးကောင်းသောက်နယ်မြေဖြစ်၍ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံရပြီး စီးပွားရေးအဆင်မပြေမှု ရှိနေပါတယ်။ ယခု ကျွန်တော် တင်ပြမေးမြန်းတဲ့ လမ်းဟာလည်း ဆင်းရဲမှုနဲ့ ရင်ဆိုင်နေရသော မိတ္ထီလာကန်အထက် မြို့အနောက်ဘက်ခြမ်း၌ တည်ရှိသောလမ်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ မေးခွန်းပါ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း-ရွာတန်းရှည်-အုံတုံကျေးလက် လမ်းမကြီးရဲ့ လက်ရှိအခြေအနေကို တင်ပြခွင့်ပြုပါခင်ဗျား။ ဒီလမ်းမကြီးဟာ မိတ္ထီလာမှ ခရိုင်ချင်းဆက်လမ်းအနီးရှိ အုံတုံကျေးရွာသို့ (၁၃)မိုင် (၆)ဖာလုံ ရှိပါတယ်။ ကျောက်ကြမ်းလမ်း(၆)မိုင်နဲ့ မြေသားလမ်း(၇)မိုင် (၆)ဖာလုံ ဖြစ်ပါတယ်။ ကျောက်ပန်းတောင်းလမ်းနဲ့ မြင်းခြံသွားကားလမ်းကြားရှိ ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာပေါင်း(၃၂)ရွာ လူဦးရေ

(၂၀၁၀၆)ဦးတို့က အဓိက အသုံးပြုလျက်ရှိသော လမ်းဖြစ်ပါ၍ အလွန်အရေးပါသော လမ်းမကြီး တစ်ခု ဖြစ်ကြောင်း ဖော်ပြလိုပါတယ်။

အသုံးပြုလျက်ရှိသော ကျေးရွာတွေကတော့ သံဘိုအုပ်စုမှ ကျေးရွာခွဲ(၉)ရွာ၊ ငွေ့အိုင် အုပ်စုမှ ကျေးရွာခွဲ(၁၁)ရွာ၊ အုံတုံအုပ်စုမှ ကျေးရွာခွဲ(၃)ရွာ၊ မယ်ဇလီကုန်းအုပ်စုမှ ကျေးရွာခွဲ(၄)ရွာ၊ ရွှေစစ်သည်အုပ်စုမှ ကျေးရွာခွဲ(၅)ရွာ စုစုပေါင်းကျေးရွာ(၃၂)ရွာ ဖြစ်ပါတယ်။ ယခု လမ်းမကြီးမှာ လမ်းကြမ်းဖြစ်၍ သွားလာမှုခက်ခဲလျက်ရှိကြောင်း ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်းလေ့လာ၊ ကွင်းဆင်းစဉ်က ကြုံတွေ့ခဲ့ရပါတယ်။ ဒေသခံပြည်သူများမှလည်း လမ်းကြီးဖြစ်မြောက်ရေးဆန္ဒကိုပဲ အထူးတင်ပြကြပါတယ်။ အမှန်မှာလည်း ဒီလမ်းမကြီး သွားရေး၊ လာရေး အဆင်ပြေပါက ဆင်းရဲမှုနဲ့ ကြုံတွေ့နေရသော မိတ္ထီလာကန်အထက် မိတ္ထီလာမြို့အနောက်ဘက်ခြမ်းရှိ ကျေးလက်နေပြည်သူ များ၏ လူမှုစီးပွားဘဝ ပြေလည်သွားမှာ အမှန်ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးကအစ အစစ အရာရာ အဆင်ပြေသွားမှာဖြစ်တဲ့အပြင် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက်လည်း များစွာ အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိတ္ထီလာအနောက်ခြမ်း မိတ္ထီလာကန်အထက်၌ ဆင်းရဲတွင်းနက်နေသော ကျေးလက်နေပြည်သူများ၏ ပြင်းပြသောဆန္ဒအရ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အနောက်ခြမ်းရှိ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း - ရွာတန်းရှည် - အုံတုံ ကျေးလက်လမ်းမကြီးကို ကျောက်ချောလမ်းအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင် မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာ၏ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နသန်ဇန်ချောင်းမှ ရေသွယ်ယူ ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာ၏ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နသန်ဇန် ချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးခမ်ဆွင်းမုန် အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ တင်ပြမေးမြန်းမှာကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နသန်ဇန် ချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာသည် မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးလမ်းဖြစ်တဲ့ တီးတိန်-ရိဒ်ခေါဒါလ်လမ်းကြီးပေါ်မှာတည်ရှိပြီး လူဦးရေထူထပ်၍ အိမ်ခြေများပြားသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ လိုင်တွီးကျေးရွာသည် တိုက်နယ်ဆေးရုံတစ်ရုံ၊ အခြေခံပညာအထက်တန်းကျောင်း(၁) ကျောင်းနဲ့ မူလတန်းလွန်ကျောင်း(၂)ကျောင်းရှိသဖြင့် ပတ်ဝန်းကျင်ကျေးရွာ(၁၀)ရွာမှ ပညာရေး၊ ကျန်းမာရေးအတွက် မှီခိုအားထားပြုရသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကျေးရွာ၏ တည်နေရာသည် ပထဝီအနေအထားအရ သောက်သုံးရေ အလွန်ခက်ခဲသောဒေသဖြစ်သဖြင့် ၁၉၉၀ ခုနှစ်တွင် UNICEF အဖွဲ့မှ ကျေးရွာ၏ အနောက်ဘက်(၈)မိုင်အကွာမှ ရေသွယ်ယူပေးခဲ့ပါတယ်။ ယခုအခါ လူဦးရေနှင့် အိမ်ခြေအားဖြင့် နှစ်ဆနီးပါးတိုးတက်လာပြီး အိမ်ခြေ(၇၀၂)အိမ်နဲ့ လူဦးရေ(၅၀၀၀)ခန့် နေထိုင်လာပါသဖြင့် သောက်သုံးရေ လုံလောက်မှုမရှိတော့ဘဲ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

၂၀၁၁ ခုနှစ်၊ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကျေးရွာမှ ချင်းပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိကိုယ်တိုင် သွားရောက်ပြီး ကျေးရွာ၏အနောက်တောင်ဘက် (၈)မိုင်ခန့်အကွာရှိသော နသန်ဇန်ချောင်းရေသွယ်ယူရန် တိုင်းတာတွက်ချက်မှု အသေးစိတ် စီမံချက်ရေးဆွဲပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်အစိုးရမှ ရန်ပုံငွေလုံလောက်မှု မရှိခြင်းကြောင့် ယနေ့အထိ ဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုင်တွီးကျေးရွာသည် လူဦးရေနှင့် သောက်သုံးရေ လွှမ်းခြုံမှု ကွာဟနေပါသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ များစွာထိခိုက်နစ်နာနေသည်ကို တွေ့ရှိရပါတယ်။ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ဒီစာနဲ့ ပူးတွဲတင်ပြထားတဲ့ တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အသေးစိတ် ခန့်မှန်းတွက်ချက် တင်ပြမှုအတိုင်း နသန်ဇန်ချောင်းမှ ရေသွယ်ယူပေးပါက လိုင်တွီးကျေးရွာတွင် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေးမှစ၍ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာ၏ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နသန်ဇန်ချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်းနှင့် ဒေသခံပြည်သူများ အကျိုးအလို့ငှာ အထူးအလေးထား ဆောင်ရွက်ပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၇။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် နဲ့ ချင်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်မြေမှ ဦးခမ်ဆွင်းမုန်တို့ရဲ့ မေးခွန်း(၂)ခုနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ပြန်လည်ရှင်းလင်း ဖြေကြားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့နယ်အနောက်ခြမ်းမှာရှိတဲ့ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း - ရွာတန်းရှည် - အုံတုံ ကျေးရွာချင်းဆက်လမ်းဟာ မိတ္ထီလာမြို့နှင့် ခရိုင်ချင်းဆက်လမ်းမကြီးကို ဆက်သွယ်ထားတဲ့ လမ်းမကြီးဖြစ်ပါတယ်။ ကျေးရွာအုပ်စု(၅)စုနဲ့ ကျေးရွာပေါင်း (၃၂)ရွာ၊ လူဦးရေ(၄၁၀၃)ဦးတို့ အဓိက အသုံးပြုနေတဲ့ ကျေးလက်လမ်း (၁)လမ်း ဖြစ်ပါတယ် ခင်ဗျား။ အဲဒီလမ်းဟာ စုစုပေါင်းလမ်းမိုင်အရှည် (၁၃)မိုင် (၆)ဖာလုံရှိပြီး ကျောက်ကြမ်းလမ်း (၆)မိုင်နဲ့ မြေသားလမ်း(၇)မိုင် (၆)ဖာလုံ ပါဝင်ပါတယ်။ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်း အဖြစ်ဆောင်ရွက်မည်ဆိုပါက ကျောက်ချောလမ်းပြုပြင်ခြင်း (၆)မိုင်၊ ကျောက်ချောလမ်းခင်းခြင်း (၇)မိုင် (၆)ဖာလုံအတွက် စုစုပေါင်းငွေကျပ်(၃၂၅)သန်း ကုန်ကျမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မိတ္ထီလာ - ရွှေစစ်သည် - ကျီကုန်း - ရွာတန်းရှည် - အုံတုံကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းပြုပြင်ခြင်း (၆)မိုင်၊ ကျောက်ချောလမ်းခင်းခြင်း (၇)မိုင်(၆)ဖာလုံ ကုန်ကျငွေကျပ်(၃၂၅.၀၄)သန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနဲ့ လုပ်ငန်းလုပ်ကိုင်တဲ့နေရာမှာ အရည်အသွေးပြည့်မီရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပူးပေါင်းဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကြီးကို ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ၊ ကျွန်တော်တို့ ယခင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်(၄၂၁.၇၅)သန်းဖြင့် မြို့နယ်ပေါင်း(၉)မြို့နယ်မှ ကျေးရွာပေါင်း(၃၀)ရွာမှာ ရေကန်(၆)ကန်နှင့် စိမ့်စမ်းရေသွယ်ခြင်း(၂၄)ခု၊ စုစုပေါင်းလုပ်ငန်း(၃၀)ခုကို အိတ်ဖွင့်တင်ဒါ ခေါ်ယူပြီးတော့မှ တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ချင်းပြည်နယ်အတွင်း မြို့နယ်(၈)မြို့နယ်မှ

ကျေးရွာ(၃၅)ရွာတွင် ရေကန်(၅)ကန်နှင့် စိမ့်စမ်းရေသွယ်ခြင်း(၃၀)ခု၊ စုစုပေါင်းလုပ်ငန်း(၃၅)ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်(၄၉၀.၀) သန်းဖြင့် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော တီးတိန်မြို့နယ်မှာရှိတဲ့ လိုင်တွီးကျေးရွာ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ကျေးရွာမှ (၈)မိုင်ခန့် ကွာဝေးတဲ့ နသန်ဇန်ချောင်းမှ ရေသွယ်ယူရန် ခန့်မှန်းကုန်ကျငွေကျပ်(၆၀)သန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပြီးတော့မှ ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကြီးသို့ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းမည့်သူမရှိသော စိတ်ရောဂါဝေဒနာရှင် လေလွင့်ပုဂ္ဂိုလ်များအား နိုင်ငံတော်မှ ကြပ်မတ်စီမံစောင့်ရှောက်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းမည့်သူ မရှိသော စိတ်ရောဂါဝေဒနာရှင် လေလွင့်ပုဂ္ဂိုလ်များအား နိုင်ငံတော်မှ ကြပ်မတ်စီမံစောင့်ရှောက်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး က ဒီနေရာကနေ အလေးအမြတ် ဂါရဝပြုပါတယ်။ ကျွန်တော် ဒီနေ့ မေးရမယ့် မေးခွန်းက စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းမယ့်သူ မရှိသော စိတ်ရောဂါဝေဒနာရှင် လေလွင့်ပုဂ္ဂိုလ်များအား နိုင်ငံတော်မှ ကြပ်မတ်စီမံစောင့်ရှောက်သွားမယ့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ ပတ်သက်ပါတယ်။

ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့အကြောင်းက နိုင်ငံတော်မှာ စိတ်ရောဂါဝေဒနာရှင်တွေဟာ ကူညီစောင့်ရှောက်မယ့်သူ မရှိ၊ လူတကာက ခေါ်ချင်ပြောချင်စိတ် မရှိဘဲနဲ့ သူတို့ခမျာမှာ မျှော်လင့်ချက် ကင်းမဲ့ပြီးတော့ အဲဒီလို ရောက်ရှိနေတဲ့လူတွေ အများအပြားရှိပါတယ်။ အဲဒီလူတွေဟာ

တစ်ချိန်တုန်းက ကျွန်တော်တို့လိုပဲ နိုင်ငံ့ဝန်ထမ်းတွေလည်း ဖြစ်ခဲ့ကြပါတယ်။ နိုင်ငံ့အကျိုးကို ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေလည်း ဖြစ်ခဲ့ကြပါတယ်။ ယခုအချိန်အခါမှာဆိုရင်တော့ သူတို့ဟာ လူမသိ၊ သူမသိ တချို့နေရာတွေမှာ လမ်းဘေးရောက်၊ တစ်ခါတလေ မတော်တဆ ထိခိုက်ပြီးတော့ ဒဏ်ရာရ၊ အဲဒီလို အမျိုးမျိုး ဒုက္ခရောက်ပြီးတော့ ရှိနေရတဲ့သူတွေကို ကျွန်တော် စာနာထောက်ထားပြီးတော့ ဒီလူတွေ ဟာလည်းပဲ ကျွန်တော်တို့လိုပဲ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးတွေ ရရှိသင့်တယ်။ နိုင်ငံတော်ရဲ့ စောင့်ရှောက်မှုကို ခံယူရရှိသင့်တယ်ဆိုတဲ့ အယူအဆနဲ့ ကျွန်တော်မေးမြန်း ရခြင်းဖြစ်ပါတယ်။

ဇွန်လ ၂၄ ရက်နေ့က မြန်မာ့အလင်းသတင်းစာမှာ သတင်းတစ်ပုဒ် ပါရှိခဲ့ပါတယ်။ စိတ်မနှံ့သူတစ်ဦး ရထားကြိတ်ပြီးတော့ သေဆုံးဆိုတဲ့သတင်း၊ မန္တလေးက ရန်ကုန်သွားတဲ့ ရထားဟာ တောင်ငူဘူတာမှာ တွဲထိုးနေတဲ့အချိန်မှာ မီးရထားနဲ့ မျက်နှာချင်းဆိုင် လမ်းလျှောက်လာတဲ့ တောင်ငူမြို့က စိတ်မနှံ့တဲ့ လူတစ်ယောက်ဟာ မီးရထားဥသြဆွဲတဲ့ အသံကို မကြားဘဲနဲ့ စက်ခေါင်းနဲ့ တိုက်မိပြီးတော့ အဲဒီနေရာမှာပဲ သေဆုံးခဲ့ရပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သူမှန်းတောင်မှ မသိကြပါဘူး။ တစ်ခါ နိုင်ငံခြားမှာလည်းပဲ ဘာလင်မှာ ဝတ်လစ်စလစ်နဲ့ လူတစ်ဦးဟာ ဓားနဲ့ ရမ်းကားတဲ့ အတွက် ရဲက သေနတ်နဲ့ ပစ်သတ်ခဲ့ရတယ်။ သူဟာ သူ့ကိုယ်ကိုလည်းပဲ လှီးဖြတ်ပြီးတော့၊ ဒဏ်ရာတွေနဲ့ သွေးတွေ စိုရွှဲပြီးတော့ ရဲတွေက တားတာတောင်မှ လက်နက်မချဘဲနဲ့ ငြင်းဆန်ခဲ့တယ်။ ရဲတွေကို သူခုခံခဲ့တယ် ဆိုတဲ့အတွက် အသက်ကို ဆုံးရှုံးခဲ့ရပါတယ်။ အဲဒါကို ကျွန်တော် ပြည်မြန်မာ နေ့စဉ်သတင်းစာမှာ ၃၀ ရက်နေ့က ဖတ်ရှုခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ် ပေါက်တောမြို့မှာ အမျိုးသမီး တစ်ယောက်ဟာ အခါတိုင်းလိုပဲ ဈေးကိုလာပါတယ်။ ဈေးဝယ်ဖို့လာတယ်။ အဲဒီအချိန်မှာ စိတ်မနှံ့တဲ့ သူတစ်ယောက်က ဘယ်အချိန်က ဘယ်လို ရောက်လာမှန်း မသိဘူး။ ဓားနဲ့လာပြီးတော့ နောက်ကနေခုတ်ပစ်လိုက်တာ တစ်ခါတည်းသူဟာ အခုထက်ထိကို လူစဉ်မမှီဘဲ ဖြစ်ခဲ့ရပါတယ်။ အဲဒီအမျိုးသမီးဟာ။ စိတ်မနှံ့တဲ့လူကတော့ ဘာမှ တော့မဖြစ်ပါဘူး။ သူ့ကို ရဲကပဲ ဖမ်းတယ်။ အဲဒီလောက်ပဲ ရှိပါတယ်။ အဲဒီတော့ ဒီဟာမျိုးတွေဟာ ဒီလိုပဲ ဖြစ်ပျက်နေတယ်။ ဒီလိုလူတွေဟာ နေရာတကာမှာ တွေ့ရတယ်။

ကျွန်တော်တို့ နိုင်ငံအနှံ့မှာ၊ နေရာတိုင်းမှာ လမ်းဘေးမှာဖြစ်မယ်။ ဘူတာမှာဖြစ်မယ်။ ကျွန်တော်တို့ ဈေးထဲမှာဖြစ်မယ်။ သီချင်းပေါင်းစုံ ဆိုပြီးတော့ ပျော်နေတယ်လို့ ထင်ရတဲ့လူတွေ၊ ငိုချင်းချပြီးတော့ ငိုနေတဲ့လူတွေ၊ စကားကြီးစကားကျယ် ပြောပြီးတော့ အာပေါင်အာရင်းသန်သန်နဲ့ မောပမ်းနေတဲ့လူတွေ၊ ဒေါ်ကြီးမောကြီး ဆဲဆိုနေတဲ့လူတွေ အဲဒီလိုလူတွေဟာ နေရာတကာမှာ ကျွန်တော်တို့ တွေ့ရှိနိုင်ကြပါတယ်။ ဒါပေမဲ့ ဘယ်သူမှ သူတို့ကို သေသေချာချာ သူတို့အတွက်ကို စဉ်းစားတွေးခေါ်ပြီးတော့ လုပ်ခဲ့ကြတာတွေ မရှိခဲ့ပါဘူး။ Messenger ဂျာနယ်မှာ ဇွန်လ ၂၉ ရက်နေ့စွဲနဲ့ သတင်းတစ်ပုဒ် ပါခဲ့ပါတယ်။ အဲဒါကတော့ ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံ၊ ဆေးရုံအုပ်ကြီး ဦးကျော်စိုး က အဲဒီသတင်းထောက်ကို ပြောပြခဲ့တဲ့ သတင်းဖြစ်ပါတယ်။ ဆရာက ပြောပြခဲ့တာဟာ ၂၀၀၄ မှာ စာရင်းကောက်တဲ့အခါမှာတဲ့ စာရင်းအရ လူ(၁၀၀၀)မှာ (၅)ယောက်ဟာ သိသာထင်ရှားတဲ့ စိတ်ရောဂါ ခံစားနေရသူများ ဖြစ်တယ်။ လူတွေအမြင်မှာကို အရူးလို့ သိသာစေတဲ့ သူများ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်တမ်း ဆေးကုသခံတဲ့သူက (၂)ရာခိုင်နှုန်းပဲ ရှိပါတယ်လို့ ပြောခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒီလိုလာပြီး ဆေးကုသခံတဲ့ ဝေဒနာရှင်တွေထဲမှာ အရက်နဲ့ နွယ်ပြီးတော့

ဖြစ်တဲ့ ဝေဒနာရှင်၊ စိတ်ကစဥ့်ကလျားဖြစ်တဲ့ ဝေဒနာရှင်၊ စိတ်ကြွ၊ စိတ်ကျရောဂါ ဝေဒနာရှင် အများဆုံး ဖြစ်တယ်လို့ ဆိုပါတယ်။ ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံမှာ ၂၀၁၃ ခုနှစ်၊ စာရင်းအရ ၆ လ ပိုင်းမှာပဲ အတွင်းလူနာ (၁၁၁၂)ဦး ရှိပါတယ်။ ၂၀၁၀ မှာ အရက်စွဲလူနာက (၁၉၃၉)ယောက်၊ ၂၀၁၂ ရက်နေ့မှာ (၁၇၆၈)ဦး၊ စိတ်ကစဥ့်ကလျား လူနာက ၂၀၁၀ မှာ (၁၇၁၃)ဦး၊ ၂၀၁၂ ရက်နေ့မှာ (၂၁၉၉)ဦးရှိပါတယ်။ စိတ်ကြွရောဂါသည်က ၂၀၁၀ မှာ (၁၇၇၇)ဦး၊ ၂၀၁၂ ရက်နေ့မှာ (၂၇၅၇)ဦး ရှိခဲ့ပါတယ်။ စိတ်ကုဆရာဝန်တစ်ဦးက ဘာပြောလဲဆိုတော့ ပြည်ပ နိုင်ငံတွေမှာတော့တဲ့ စိတ်ရောဂါနဲ့ ပတ်သက်လာရင် အရေးကြီးဆုံးအဆင့်မှာ ရှိပေမယ့်လို့ မြန်မာနိုင်ငံမှာ ဦးစားပေးမှု အဆင့်မှာ မရှိသေးပါဘူး။ စိတ်ကျဝေဒနာရှင် (Depression) ကို ပြောတာပါ။ အဲဒီလူတွေဟာ ဘဝမှာ ကံမကောင်းတဲ့သူတွေပါပဲ။ ဘဝရဲ့ အဆင်မပြေမှုရဲ့ နာကျင်မှု တွေကြောင့် ဒဏ်ရာတွေရ၊ Formal တွေ ရပြီးတော့ မိမိကိုယ်ကို အဆုံးစီရင်တဲ့အထိ အဆိုးဆုံး အခြေအနေကို ရောက်သွားတတ်ပါတယ်။ အခုတစ်လောမှာ၊ နေ့စဥ်သတင်းစာတွေမှာ ကျွန်တော်တို့ ကြိုးဆွဲချ သတ်သေတဲ့ဟာတွေ အများကြီး တော်တော်လေးကို တွေ့နေရပါတယ်။ ကျွန်တော်တို့ သုတေသနပြုဖို့ ကောင်းပါတယ်။ စိတ်ကြွဝေဒနာရှင်တွေ အမျိုးအစားထဲမှာလည်း မလုပ်ရမနေနိုင် Mental ဝေဒနာရှင်တွေဟာ ပတ်ဝန်းကျင်လောကကို ဒုက္ခပေးနိုင်တဲ့ အမျိုးအစားဖြစ်ပါတယ်။

ဟိုတစ်လောက အမေရိကန်မှာ ကြားလိုက်ကြမှာပါ။ ရုပ်ရှင်ရုံထဲမှာ ဝင်ပြီးတော့ သေနတ်နဲ့ ပစ်သတ်လို့ လူတွေ သေကြ၊ ကြေကြရတယ်။ အဲဒါလည်း ဒုက္ခပေးနိုင်တဲ့ လူမမာတစ်မျိုး ဖြစ်ပါတယ်။ နောက် Forbearance ဆိုတဲ့ အကြောက်လွန်ရောဂါဟာလည်းပဲ အသက်ကို အန္တရာယ်ပြုတဲ့၊ မိမိ အသက်ကိုလည်း အန္တရာယ်ပြုတဲ့ ရောဂါမျိုးဖြစ်ပါတယ်။ ဒီနေရာမှာ စိတ်ဝေဒနာအကြောင်းတွေ ကျွန်တော် ရှင်းပြနေဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလိုအခြေအနေမျိုးတွေဟာ ကျွန်တော်တို့ ကိုယ်တိုင်လည်း တစ်ချိန်ချိန်မှာ ရောက်နိုင်ပါတယ်။ လူဆိုတာဟာ၊ ဒီ လူကို မောင်းနှင်နေတဲ့စိတ်ဟာ တစ်ချိန်ချိန်မှာ ဖောက်ပြန်သွားတဲ့အခါမှာ အဲဒီလူတွေရဲ့ ဘဝဟာ တစ်မျိုးတစ်မည် ပြောင်းလဲသွားတာပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်းပဲ ရန်ကုန် တံတားကလေးစိတ်ဆေးရုံကို မကြာခဏ ရောက်ခဲ့ဖူးပါတယ်။ ဟိုတုန်းက၊ အဲဒီတုန်းကတော့ ကျွန်တော်တို့ အရပ်အခေါ်နဲ့ဆိုရင် အရူးထောင်လို့ ခေါ်ကြပါတယ်။ အရူးထောင်လို့ ခေါ်တယ်။ လူမမာတွေကို Cell တွေမှာ ထည့်ထားတယ်။ တချို့ ပြင်းထန်တဲ့ လူနာတွေကျတော့ ကျွန်တော်တို့ တော်တော်ကို လူမဆန်အောင်ကိုပဲ တွေ့ရပါတယ်။ သူတို့ မနိုင်နင်းလိုလား၊ ဘာလားတော့ မသိဘူး။ ဒါပေမဲ့ အခုအခြေအနေမှာ တော်တော်လေး အခြေအနေ ကောင်းလာပါတယ်။

ကျွန်တော်တို့ ဆေးရုံတွေဟာ၊ ရောဂါအခြေအနေတွေကို သိထားမှသာလျှင် ကျွန်တော်တို့ ဒီစိတ်ရောဂါအခြေအနေတွေကို လူတွေက ဗဟုသုတရှိမှ၊ မရှိလို့ရှိရင် ကိုယ့်မိသားစုထဲမှာ ကျွန်တော်တို့ ဂရုမစိုက်နိုင်ပါဘူး။ ကျွန်တော့်ရဲ့ မိသားစုထဲမှာကို ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အစ်ကို အကြီးဆုံး တစ်ယောက်ဆိုလို့ရှိရင် ကျွန်တော်တို့ မသိလိုက်ပါဘူး။ နောက်သူက အမျိုးမျိုး ကြံစည်ခဲ့တယ်၊ သူ့ကိုယ်ကိုယ်ကို၊ သတ်သေဖို့ဟာကို နည်းမျိုးစုံနဲ့ ကြံစည်နေတယ်။ အိပ်ဆေး စားတယ်၊ ခဏ ခဏ။ နောက်ဆုံးမှာတော့ သူ အောင်မြင်သွားပါတယ်။ သူဟာ ပစ်စတိုတစ်လက်နဲ့ သူ့ပါးစပ်ထဲကို ထည့်ပြီးတော့ မောင်းဖြုတ်လိုက်တဲ့အချိန်မှာ အသက်ဆုံးရှုံးသွားပါတယ်။ သူရဲ့ အသက်က (၃၀)

လောက်ပဲ ရှိပါသေးတယ်။ အဲဒီအချိန်မှာ အရွယ်ကောင်းမှာ ဆုံးရှုံးခဲ့ရပါတယ်။ ကျွန်တော်တို့ မသိခဲ့ပါဘူး။ ကျွန်တော်တို့ မိဘတွေကလည်း မရိပ်မိခဲ့ဘူး။ သူ့ဟာသူ ယဥ်ယဥ်လေးနဲ့ ဖြစ်နေတာ၊ Depression ဖြစ်နေတယ်။ နောက်ပြီးတော့ ကြိုးစားနေတယ်။ ကိုယ့်ကိုယ်ကို လုပ်ကြံဖို့ အမြဲတမ်း။ အဲဒါမျိုးတွေလည်း နေရာတကာမှာ ရှိနိုင်ပါတယ်။ ကျွန်တော်တို့ အထဲမှာလည်း မရှိဘူးလို့ မပြောနိုင်ပါဘူး။ အဲဒီတော့ ပတ်ဝန်းကျင်၊ ကျွန်တော်တို့ ပတ်ဝန်းကျင်အခြေအနေမှာ အဲဒီလိုမျိုးတွေ ရှိလို့ရှိရင် အန္တရာယ်ဟာ အမြဲတမ်း ရှိပါတယ်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ဘဝမှာတုန်းကတော့ စာရေးဆရာတွေ၊ ဆရာတက္ကသိုလ်ဘုန်းနိုင် တို့ ပညာပေးဝတ္ထုတွေ ရေးပါတယ်။ စိတ်ပညာနဲ့ ပတ်သက်လို့ နောက်တစ်ခါ ဒေါက်တာအုန်းမောင် တို့ ဆောင်းပါးတွေ အများကြီး ရေးခဲ့ပါတယ်။ ကျွန်တော်တို့ နောက်ပြီးတော့ ဆရာမောင်သာရ၊ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း ဆိုတာ ရုပ်ရှင်တောင်ရိုက်ခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုကို ဗဟုသုတပေးဖို့ အဲဒါမျိုးတွေဟာ ကျွန်တော်တို့ အခုထက်ထိ လိုအပ်နေဆဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ ဒီအပြုအမူတွေ ဟာ မူမမှန်ဘူး။ စိတ်ကွဲရောဂါ ရှိနေတယ်။ Denying ရှိနေတယ်။ မလုပ်ရ မနေနိုင်တွေ ဖြစ်နေတယ်။ စိတ်ရောဂါဆန်တယ်လို့ ကျွန်တော်တို့ သံသယဝင်ဖို့၊ ကျွန်တော်တို့မှာ အသိတရားရှိမှ၊ ကျွန်တော်တို့ Awearness ရှိမှ၊ လုပ်ငန်းခွင်က အလုပ်ရှင်တွေရော၊ ကျောင်းဆရာ/ဆရာမတွေရော၊ ဒီစက်ရုံတွေ မှာရော၊ ဒီဟာတွေကို ကျွန်တော်တို့ Psycho Test တွေ လုပ်ရမယ်။ ဒီအလုပ်ရှင်တွေ၊ ဆရာ/ ဆရာမတွေကလည်း ဗဟုသုတရှိမှသာလျှင် သတိထားမိပြီးတော့ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်နိုင်တဲ့အချိန်မှာ၊ ဖြစ်နိုင်တဲ့ အချိန်မရောက်ခင်ကို ကျွန်တော်တို့ ကြိုတင်ကာကွယ် တားဆီးနိုင်မယ် ဖြစ်ပါတယ်။ မန္တလေးမှာ တော့ The Voice ဂျာနယ် ဩဂုတ်လ ၁၂/၁၈ စာစောင်မှာ မန္တလေးတိုင်း စည်ပင်က အုပ်ထိမ်းသူ မရှိဘဲ လမ်းပေါ်မှာ သွားလာနေတဲ့ စိတ်ရောဂါဝေဒနာရှင်တွေကို ကားနဲ့ခေါ်တင်ပြီးတော့ စိတ်ကျန်းမာရေး ဆေးရုံကို ပို့ပေးနေတယ်။ ဘယ်သူ၊ ဘယ်သူဆိုတာကို တစ်ခါတည်း Identified လုပ်ပြီးတော့ အကြောင်းကြားတယ်။ အဲဒါဟာ အင်မတန်မှကြိုဆိုစရာပါ။ ကျေးဇူးအများကြီးတင်ဖို့ ကောင်းပါတယ်။

ရန်ကုန်မှာတော့ ကျွန်တော်တို့ ပုဂ္ဂလိက ဆေးရုံ(၂)ရုံ ရှိနေတယ်လို့ ကြားသိရပါတယ်။ အဲဒီတော့ ကျွန်တော်ပြောချင်တာကတော့ ဒီလိုပဲ ကျွန်တော်တို့ ဒီဝေဒနာရှင်တွေဟာ နေရာတကာမှာ ရှိတယ်။ ဒီအတွက်ကို ကျွန်တော်တို့ ဘာလုပ်နိုင်ကြသလဲ။ စစ်တွေဆေးရုံမှာ ကျွန်တော် စုံစမ်းခဲ့တဲ့ အခါကျတော့ စိတ်ရောဂါဆရာဝန်တော့ ရှိတယ်။ ဒါပေမဲ့ သူ့အတွက် Ward သပ်သပ်မရှိဘူး။ ဒီလိုဖျားနာဆောင်မှာပဲ သူတို့ ထားတယ်။ ဒါပေမဲ့ ဒီဟာက အင်မတန် အန္တရာယ်ကြီးပါတယ်။ ဒီလူမမာတွေဟာ သူတို့ကို ဆေးရုံသပ်သပ်ကို ထားဖို့ကောင်းတဲ့ လူမမာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ အမြဲတမ်း စောင့်ကြပ်ကြည့်ရှုပြီးတော့၊ နားလည်တဲ့သူတွေက စောင့်ကြပ်ကြည့်ရှုပြီးတော့ ကြမ်းတဲ့သူကို ကြမ်းတဲ့အလျောက် အမြဲတမ်းစောင့်ရှောက် ထိမ်းသိမ်းရမယ်။ ဘယ်လို ဆေးမျိုး တိုက်ကျွေးရမလဲ ဆိုတဲ့ဟာကို အဲဒီလိုမျိုးသာ ကျွန်တော်တို့ အနု၊ အရင့်၊ အကြမ်းလိုက် ခွဲခြားပြီးတော့မှ စောင့်ကြပ်ကုသဖို့ သင့်ပါတယ်။ အဲဒီလူမမာတွေဟာ အိမ်တွေမှာ ထားလို့လည်း မသင့်တော်ပါဘူး။ အိမ်မှာလည်း တာဝန်ကြီးကြပါတယ်။ အန္တရာယ်လည်း အင်မတန်လည်း များပါတယ်။ အဲဒါကြောင့်

မိုလို့ ကျွန်တော်ကတော့ ဒီကျွန်တော်တို့ရဲ့ ကံမကောင်းရှာတဲ့ လူ့ဘဝမှာ ဒီဘဝကို ရောက်ရှိသွားကြတဲ့ ပုဂ္ဂိုလ်တွေအတွက် ကျွန်တော်တို့ တစ်စုံတစ်ရာ လုပ်ပေးနိုင်ပါ့မလား။ အစိုးရက လုပ်မပေးနိုင်တောင်မှ ကျွန်တော်တို့ ပုဂ္ဂလိက လူမှုအဖွဲ့အစည်းတွေ အခုအချိန်အခါမှာ အများကြီး လှုပ်ရှားနေကြပါတယ်။ ဒီအဖွဲ့အစည်းတွေက နေပြီးတော့မှ မြို့တိုင်း၊ ရွာတိုင်း ဒါမှမဟုတ်လည်း တိုင်းနဲ့ပြည်နယ်ဆေးရုံတွေမှာ အဲဒီ အဆင့်လောက်ကို ဆေးရုံတစ်ရုံလောက် ကျွန်တော်တို့ လုပ်ပေးနိုင်လို့ရှိရင်တော့ ကျွန်တော်တို့ အများကြီး စိတ်ချမ်းသာရမှာပါ။ တိုင်းပြည်အတွက်လည်း ကျွန်တော်တို့ ဝန်ထမ်းတွေ၊ ဝန်ထမ်းကောင်းတွေ၊ နိုင်ငံသားကောင်းတွေ မဆုံးရှုံးရဘဲနဲ့ အများ၊ လူတကာ စိတ်ချမ်းသာ၊ လက်ချမ်းသာ ဖြစ်ရမယ်။ နတ်လူသာခု ခေါ်မယ့်ကိစ္စ ဖြစ်ပါတယ်လို့၊ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးဇူးတင်ပါတယ် အားလုံးကို။

**ရခိုင်ပြည်နယ်၊ စစ်တွေဆေးရုံကြီးတွင် မြို့တော်အင်္ဂါရပ်နှင့် လိုက်လျောညီမျှစေသည့် ဆေးကုသရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်၊ ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်၊ အစာအိမ်အူလမ်းကြောင်း အထူးကုဆရာဝန် တို့ထားရှိပြီး ဆေးကုသရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ စစ်တွေဆေးရုံကြီးတွင် မြို့တော်အင်္ဂါရပ်နှင့် လိုက်လျောညီမျှစေသည့် ဆေးကုသရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်၊ ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်၊ အစာအိမ်အူလမ်းကြောင်း အထူးကုဆရာဝန် တို့ ထားရှိပြီး ဆေးကုသရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဖြစ်ပါတယ်။ အခု ကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ စစ်တွေဆေးရုံကြီးတွင် မြို့တော်အင်္ဂါရပ်နှင့် လိုက်လျောညီမျှစေသည့် ဆေးကုသရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်၊ ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်၊ အစာအိမ်အူလမ်းကြောင်း အထူးကုဆရာဝန် တို့ ထားရှိပြီး ဆေးကုသရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းအရင်းကို နည်းနည်းပါးပါး ကျွန်တော် ဆွေးနွေးပေးပါ့မယ်။

စစ်တွေမြို့ဟာ ဆိုလို့ရှိရင် ရခိုင်ပြည်နယ်ရဲ့ မြို့တော်လည်း ဖြစ်ပါတယ်။ ဒီဆေးရုံဟာ တစ်ခုတည်းသော ပြည်နယ်အဆင့်ရှိတဲ့ ဆေးရုံ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်နယ်သူ/ပြည်နယ်သားများရဲ့ ဆေးကုသရေးနဲ့ ပတ်သက်လို့ အထူးအားကိုးအားထားပြုနေရတဲ့ ဆေးရုံကြီး ဖြစ်ပါတယ်။ ဒါကြောင့် မြို့တော်အင်္ဂါရပ်နဲ့ လိုက်လျောညီမျှအောင်၊ ပြည်နယ်အဆင့်နဲ့လည်း ညီမျှအောင်

ဆေးကုသရေးဆိုင်ရာကဏ္ဍပေါင်းစုံ တိုးမြှင့်ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ဒါပေမဲ့ နိုင်ငံတော်ရဲ့ ယခင်က ဘတ်ဂျက်က နည်းနေခဲ့လို့ ဆောင်ရွက်မပေးနိုင်သေးဘူးဆိုတာကိုလည်း ကျွန်တော်တို့ သိပါတယ်။ နားလည်ပေးနိုင်ပါတယ်။ လက်လည်း လက်ခံပါတယ်။ ဒါပေမဲ့ ကုသရေးဆိုင်ရာ ကဏ္ဍပေါင်းစုံ တိုးမြှင့်ပြီးတော့မှ မဆောင်ရွက်ပေးနိုင်သေးပေမယ့်လည်း အရေးကြီးပြီး အဖြစ်များ နေတဲ့ ရောဂါများကိုတော့ ကုသပေးနိုင်ရေးကို အမှန်တကယ် လိုအပ်လာပါတယ်ဆိုတာကို ကျွန်တော်တို့ တွေ့နေရပါတယ်။ အထူးသဖြင့်တော့ ဆီးနဲ့ကျောက်ကပ် အထူးကုဆရာဝန်၊ ဦးနှောက်နှင့် အာရုံကြော အထူးကု ဆရာဝန်၊ အစာအိမ် အူလမ်းကြောင်း အထူးကုဆရာဝန်တို့ မရှိကြပါဘူး။ ဒီရောဂါတွေ ဖြစ်လာလို့ရှိရင် ရန်ကုန်ကို သွားရောက်ပြီးတော့မှ ဆေးကုသ ကြရပါတယ်။ ငွေကြေးတတ်နိုင်သူများကတော့ အကြောင်းမဟုတ်ပါဘူး။ သွားရောက် ကုသနိုင်ကြ ပါတယ်။ ငွေကြေးမတတ်နိုင်သူများမှာတော့ မလိုလားဘဲ သေဆုံးမှုနဲ့ ရင်ဆိုင်နေရပါတယ်။ ရန်ကုန်ကို သွားရောက်ပြီးတော့ ဆေးကုသဖို့ဆိုတာဟာလည်း စရိတ်စက အလွန်လိုအပ်ပါတယ်။ ဒါကြောင့် ငွေကြေးချို့တဲ့ ဆင်းရဲကြတဲ့ အများပြည်သူတို့ရဲ့ ကျန်းမာရေးကို အလေးထား စဉ်းစားပေးဖို့၊ စာနာပေးဖို့ လိုအပ်နေပါတယ်။

ဒီလိုအဖြစ်များတဲ့ ရောဂါများအတွက် ကုသပေးနိုင်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေး နိုင်ဖို့ နိုင်ငံတော်အစိုးရရဲ့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လုံးဝမဖြစ်နိုင်လောက်တဲ့အထိ ခက်ခဲတဲ့၊ မလွယ်ကူတဲ့ လုပ်ငန်းကိစ္စရပ်တစ်ခု မဟုတ်ဘူးလို့ ယူဆရပါမယ်။ မစဉ်းစားပေးရင်တော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် အများပြည်သူ ကျန်းမာရေးဝန်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန် လာဖို့ရယ်၊ ပြည်နယ်ရဲ့ မြို့တော်အဆင့်နဲ့လည်း လိုက်လျောညီမျှအောင် ဖြစ်လာဖို့ရယ် ဒီအကြောင်းခံ တရားတွေအပေါ်မှာ အခြေခံပြီးတော့မှ ဒီစစ်တွေဆေးရုံကြီးမှာ ကုသရေးဆိုင်ရာကဏ္ဍနဲ့ ပတ်သက်လို့ ဆီးနဲ့ကျောက်ကပ်အထူးကုဆရာဝန်၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်၊ အစာအိမ်နဲ့ အူလမ်းကြောင်း အထူးကုဆရာဝန်တို့ ထားရှိပြီးကာမှ ဆေးကုသရေးကဏ္ဍကို တိုးမြှင့် ဆောင်ရွက်ပေးသွားမည့် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ် ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် ပထမဆုံးအနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီကျွန်တော်တို့ စိတ်၊ လူမှာ ကိုယ်နဲ့စိတ်နဲ့ ရှိတယ်ဆိုရင် ခန္ဓာကိုယ် မကျန်းမာရင်၊ ခန္ဓာကိုယ်မှာ မကျန်းမာလာရင် ရောဂါတွေဖြစ်နိုင်သလို စိတ်မှာလည်း မကျန်းမာလာရင်၊ ရောဂါတွေ ဖြစ်နိုင်တယ်ဆိုတာ ဒါ အားလုံးသိပြီးသားကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ရဲ့ ကျန်းမာတယ် ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း ကျွန်တော်တို့ကတော့ သာမန်အနေအထား အားဖြင့် အများကတော့ နေမကောင်းမဖြစ်ရင် ကျန်းမာတယ်လို့ ယူဆကြပေမယ့် တကယ့် Definition အစစ်ကတော့ ဒီပြည့်ဝတဲ့ ဒီခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်း ဆိုင်ရာ အခြေအနေကိုရောက်မှ ကျန်းမာတယ်လို့ ခေါ်ပါတယ်။ The Sate of complete Physical, Mental and Social well - being လို့ ပြောပါတယ်။ Physical ရုပ်ပိုင်းဆိုင်ရာလည်း ပြည့်ဝရမယ်။ Mental စိတ်ပိုင်းဆိုင်ရာလည်း ပြည့်ဝရမယ်။ and Social လူမှုရေးပိုင်းဆိုင်ရာ well- being ရှိမှ and not merely the absence of disease or Infirmty ရောဂါမရှိရုံ၊ ခန္ဓာကိုယ် အင်္ဂါ အစိတ်အပိုင်း မချို့တဲ့ရုံမျှကိုသာ ကျန်းမာတယ်လို့ ခေါ်တာမဟုတ်ဘူး။ ပြည့်ဝသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာ အခြေအနေတွေ ရှိရမယ်ဆိုတဲ့ အဓိပ္ပာယ် ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့လည်း ဒီရုပ်ပိုင်းဆိုင်ရာ ရောဂါတွေတင် မကဘဲနဲ့ စိတ်ပိုင်းဆိုင်ရာ ရောဂါများကိုလည်း ကာကွယ်ကုသ စောင့်ရှောက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားသလိုပဲ စိတ်ဖောက်ပြန် ဝေဒနာခံစားနေရတဲ့ လူတွေဟာ များသောအားဖြင့်ကတော့ Insight မရှိဘူး ပေါ့ နော်။ ကိုယ် ဘာဖြစ်နေလဲ ကိုယ် မသိကြဘူး။ မိမိကိုယ်မိမိ စိတ်မှုမမှန်ခြင်းကို လက်ခံသိရှိခြင်း မရှိဘဲနဲ့ အဲဒီအခါကျတော့ ဆေးကုသမှုကို ခံယူလိုတဲ့ သဘောသဘာဝလည်း မရှိဘူး။ ဒီစိတ်ရောဂါ ရှင်တွေရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းကလည်း ယခင်ကထက် စာရင်တော့ နည်းနည်းတော့ တော်လာ ပါတယ်။ အရင်တုန်းက ခေတ်တွေကတော့ ပိုဆိုးပါတယ်။ စိတ်ရောဂါကို ရှက်စရာ၊ ကြောက်စရာ၊ ဒါမှမဟုတ်လည်း တခြားလူတွေသိရင် ခွဲခြား၊ နှိမ့်ချ ခံရနိုင်တယ်။ ကိုယ့်မိသားစုနဲ့ စိတ်ရောဂါ ဝေဒနာရှင် ရှိတယ်ဆိုရင် အပြောမခံချင်တဲ့အတွက် အသိမခံလိုဘူး။ ဖွင့်ပြောဖို့ အလွန်ဝန်လေးတယ်။ တတ်ကျွမ်း နားလည်တဲ့ ဆရာဝန်တွေနဲ့ စနစ်တကျကုဖို့၊ ပြဖို့ အင်မတန် ဝန်လေးကြပါတယ်။ အခု ယခင်က အခြေအနေများနဲ့စာရင် စိတ်ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတ အတော်အတန် ရှိလာ တယ် ဆိုပေမယ့်လည်း ကိုယ်စားလှယ်ကြီး ပြောသွားသလိုပဲ စိတ်ကျန်းမာရေးကုသမှုဌာနတွေကို လာရောက်ပြသတဲ့ စိတ်ရောဂါများဟာ စိတ်ရောဂါသည် အရေအတွက်ကို ကြည့်မယ်ဆိုရင် တကယ်ဖြစ်တဲ့ လူရဲ့ အရေအတွက်နဲ့ ဖြစ်နေတဲ့လူရဲ့ အရေအတွက်နဲ့ နှိုင်းယှဉ်ရင် အလွန် နည်းပါး ပါတယ်။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ရောဂါတွေမှာကတော့ အများစုကြီးဟာ ဆရာဝန်၊ ဆရာမ၊ ဆေးရုံ၊ ဆေးခန်း ပြကြပေမယ့် စိတ်ရောဂါမှာကတော့ ဖြစ်တဲ့သူတွေရဲ့ အနည်းစုတွေကပဲ ပြကြတာ ဖြစ်တယ်။

အဲဒါကြောင့်မို့ အချိန်ကြာမြင့်စွာ ခံစားရတာလည်း ဖြစ်မယ်။ ရောဂါရဲ့ အမျိုးအစားကို လိုက်ပြီးတော့ ပြင်းထန်တာလည်း ဖြစ်မယ်။ အဲဒီအခါမှာ ဒီစိတ်ရောဂါဝေဒနာရှင်တို့ရဲ့ ဝန်ထုပ် ဝန်ပိုးကို မိသားစုက ဆက်လက်ပြီးတော့ မခံနိုင်တဲ့အဆုံးမှာ ဒီလူနာတွေ လမ်းပေါ်သွားကြတယ်။

ဒါမှမဟုတ်လည်း ကျန်းမာရေး၊ စိတ်ကျန်းမာရေးဆေးရုံကြီးမှာ မိသားစုက လာပြီးတော့ ထားခဲ့ပြီး တော့ ကျွန်တော်တို့ စွန့်ပစ်လူနာတွေပေါ့။ စွန့်ပစ်လူနာတွေ လာလည်းမတွေ့တော့ဘူး။ အဆက်ဖြတ် လိုက်တယ်။ ဒါတွေလည်း အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရန်ကုန်စိတ်ကျန်းမာရေး ဆေးရုံကြီးအနေနဲ့ မိသားစုကနေပြီး စွန့်ပစ်ထားတဲ့ လူနာတွေကို လက်ခံစောင့်ရှောက်ထားတာဟာ ခုနက ပြောတဲ့အတိုင်း အများကြီးပဲ၊ အများကြီးပဲ ရှိနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုအချိန်မှာ တစ်ချိန်တုန်းကတော့ ကျွန်တော်တို့က အခေါ်အဝေါ်ကအစ ပြောင်းလာပါတယ်။ အရင်တုန်းကတော့ အရူးလို့ ခေါ်တယ်။ အရူးထောင် ခေါ်တယ်။ အရူးထောင်ကနေ စိတ္တဇဆေးရုံလို့ ခေါ်တယ်။

နောက်တစ်ခါ စိတ်ရောဂါအထူးကုဆေးရုံကြီးလို့ ခေါ်ရာကနေ အခုကျတော့ ကျွန်တော်တို့က Positive ဘက်ပေါ့၊ Negative ဘက် မဟုတ်ဘဲနဲ့ Positive ဘက်ကို သွားမယ် ဆိုတော့ စိတ်ကျန်းမာရေးဆေးရုံကြီး ဟုတ်လား။ စိတ်ကို ကျန်းမာအောင် လုပ်ပေးတဲ့ ဆေးရုံကြီး၊ မကျန်းမာတဲ့ စိတ်ကို ကျန်းမာအောင် လုပ်ပေးတယ်။ ကျန်းမာတဲ့ စိတ်ကို ပိုပြီးတော့ ပြည့်ဝအောင် လုပ်ပေးမယ်။ ဒီလိုအနေအထားမျိုးနဲ့ Orientation လည်း ပြောင်းလာတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုလုပ်တဲ့အခါမှာ အရင်တုန်းကတော့ နိုင်ငံတကာမှာ ဒီ ဆေးရုံတွေမှာ Institutional-based ပေါ့ ဆေးရုံတွေမှာ ဆေးရုံတက်ပြီးတော့ ဒီလူနာတွေကို ကုထားတယ်ဆိုပေမယ့် နောက်ပိုင်းကျတော့ ဒီ ဆေးရုံတွေမှာ ထားပြီးတော့၊ သူများတွေနဲ့ ခွဲခြားပြီးတော့ ထားတာတွေ တကယ့်တကယ်ကျတော့ အထောက်အကူ ဖြစ်သင့်သလောက် မဖြစ်ဘူးဆိုပြီးတော့ အခုက Community-based ပြည်သူ လူထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံတကာမှာ လုပ်ကိုင် ကြတာတွေ ရှိပါတယ်။

အဲဒီတော့ ခုန ကိုယ်စားလှယ်ကြီး ပြောတာလည်း တစ်စိတ်တစ်ပိုင်းတော့ မှန်ပါတယ်။ စိတ်မကျန်းမာတဲ့ လူတွေကို ဆေးရုံမှာပဲ ထားသင့်တယ်။ ဆေးရုံမှာတောင်မှ အထွေထွေရောဂါ ဆေးရုံအဆောင်မှာ မထားသင့်ဘဲနဲ့ စိတ္တဇဆေးရုံ၊ စိတ်ရောဂါဆေးရုံ၊ စိတ်ကျန်းမာရေးဆေးရုံမှာ သီးသန့်ထားသင့်တယ် ဆိုတာ မှန်ပေမယ့် နိုင်ငံတကာမှာတော့ Approach က နည်းနည်းပြောင်း သွားပြီ။ ဆေးရုံထဲမှာ ထားတဲ့အဆင့်ကနေ Community ထဲကို လူထုကြားမှာ ဆင်းကုတဲ့အဆင့်မှာ ဖြစ်နေပါပြီ ဆိုတဲ့ အကြောင်းလည်း အသိပေးလိုပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ ဒီစိတ်ကျန်းမာရေးဆေးရုံကြီး အနေနဲ့တော့ ရန်ကုန်မှာ (၁)ရုံတည်း ရှိရာကနေပြီးတော့ ဒါပေမဲ့ စိတ်ကျန်းမာရေး ကုသမှုဌာနတွေကတော့ ပြည်နယ်နဲ့တိုင်း အားလုံးမှာရှိပါတယ်။ သီးသန့် စိတ်ကျန်းမာရေးဆေးရုံကြီး အနေနဲ့ကတော့ ရန်ကုန်မှာ (၁)ရုံတည်းရှိပြီး အခုမန္တလေးမှာ ကျွန်တော်တို့ ဖွင့်လှစ်ဖို့ ဖွဲ့စည်းပုံနဲ့ ကျထားပြီး ဖြစ်ပါတယ်။ နဂိုကတော့ မူးယစ်ဆေးရုံနဲ့ တွဲနေရလို့ သီးသန့် စိတ်ကျန်းမာရေးဆေးရုံ ဖွဲ့စည်းပုံကျထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီး အဆင့်ဆင့် ဆေးရုံများမှာလည်း စိတ်ကျန်းမာရေးကို ဌာနတွေ ထားရှိပြီးတော့ ဆရာဝန်တွေ ထားရှိပြီး ကုသပေးပါတယ်။ Ward တွေ အနေနဲ့၊ ဆေးရုံအနေနဲ့ကတော့ သီးသန့်ဆေးရုံ မထားနိုင်သေးပါဘူး။ ကျွန်တော်တို့ သီးသန့်ဆေးရုံထားနိုင်တာကလည်း ရန်ကုန်နဲ့ မန္တလေး(၂)မြို့လောက်ပဲ ရှိပါတယ်။ ဥပမာ - ကျွန်တော်တို့ အမျိုးသမီးဆေးရုံ၊ ကလေး ဆေးရုံ၊ အရိုးအထူးကုဆေးရုံ၊ မျက်စိအထူးကု ဆေးရုံ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံ၊ စိတ်ကျန်းမာရေးဆေးရုံဆိုတဲ့ အထူးကုဆေးရုံ

ကြီးတွေ အနေနဲ့ကတော့ ရန်ကုန်နဲ့ မန္တလေးမှာပဲ ရှိပြီးတော့ ကျန်တဲ့ ပြည်နယ်နဲ့ တိုင်းဆေးရုံကြီးတွေမှာ လူနာဆောင်အနေနဲ့ ကုသမှုအဆောင်အနေနဲ့ပဲ ထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုရဲ့အကူအညီနဲ့ အားလုံးဝိုင်းလုပ်ကြရမှာ ဖြစ်တဲ့အတွက် စောင့်ကြပ်ထိန်းသိမ်းမယ့်သူ မရှိဘဲနဲ့ မြို့တွေ၊ ရွာတွေမှာ၊ လမ်းတွေပေါ်မှာ လွတ်လွတ်လပ်လပ် သွားလာနေကြတဲ့ စိတ်ဝေဒနာရှင်တွေကိုတွေ့ရင် သက်ဆိုင်ရာ မိသားစုကပဲဖြစ်ဖြစ်၊ ဆွေးမျိုးမိတ်သင်္ဂတွေကပဲဖြစ်ဖြစ်၊ လူမှုရေးအဖွဲ့အစည်းတွေကပဲဖြစ်ဖြစ်၊ လိုအပ်လာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စတဲ့ အဖွဲ့အစည်းတွေရဲ့ အကူအညီတွေကို ရယူပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာ ရှိတဲ့ ကုသမှုဌာနများကို ပို့ဆောင်ခြင်းအားဖြင့် စိတ်ဝေဒနာရှင်တွေကို ကူညီပံ့ပိုးပေးဖို့လိုပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်တဲ့ စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို ဒီထက်ပိုပြီးတော့ ကောင်းအောင် စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိ အင်္ဂလိပ်လက်ထက်ကတည်းက ပြဋ္ဌာန်းထားတဲ့ The Lunacy Act, Indian Act 4, 1912, ၁၉၁၂ က ကျွန်တော်တို့ခေတ်နဲ့ လျော်ညီမှု မရှိတော့တဲ့အတွက် အခုအခါမှာ ခေတ်နဲ့လျော်ညီတဲ့ စိတ်ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေမူကြမ်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပါတယ်။ ဒီနေ့ နိုင်ငံတကာမှာလည်း တစ်ချိန်တုန်းက ကူးစက်ရောဂါတွေကို အဓိကထားကုရာကနေ ခု NCD လို့ခေါ်တဲ့ Non Commu- nicable Diseases ကူးစက်နိုင်ခြင်း မရှိတဲ့ရောဂါတွေ အဲဒါ့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာပါ နှစ်စဉ်နှစ်တိုင်း ညီလာခံမှာ ခေါင်းစဉ်အကြီးကြီးအနေနဲ့ ဆွေးနွေးတာကတော့ လူတွေရဲ့ Mental Health ဖြစ်ပါတယ်။ Mental Disorder လို့ မပြောဘဲနဲ့ Mental Health စိတ်ကျန်းမာရေး ကို ဦးနှောက်နဲ့အာရုံကြော၊ ဒီစိတ်ကလည်း တချို့စိတ်တွေက ကျွန်တော်တို့ စိတ်ရောဂါများသည် သူ့ဘာသူ စိတ်ကိုအခြေခံပြီး ဖြစ်လာသဖြင့် တချို့သော စိတ်ရောဂါများသည် ရုပ်ပိုင်းဆိုင်ရာ မကျန်းမာမှုကို ရောဂါပေါ် အခြေခံပြီးဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာ ရောဂါတွေလည်း ရှိပါတယ်။ အဲဒီအတွက်ကိုလည်း သူတို့က ဦးစားပေးပြီး ကုလာတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့လည်း ဒီ Direction အတိုင်း ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ လိုက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အခုအခါမှာ နိုင်ငံတကာနဲ့ Collaboration ပူးပေါင်းဆောင်ရွက်မှု များလာတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စိတ်ရောဂါအထူးကု Master ဘွဲ့ အရင်တုန်းက ဒီပလိုမာပေးရာကနေ ပြီးတော့ အခု Master ဘွဲ့ပေး၊ Master ဘွဲ့ပေးရာကနေပြီးတော့ ခုချိန်မှာ နိုင်ငံတကာတက္ကသိုလ်များ အထူးသဖြင့် စိတ်ပါဝင်စားစွာ ကျွန်တော်တို့ကို လာရောက်ကူညီတဲ့ အဖွဲ့ကတော့ (၂)ဖွဲ့ရှိပါတယ်။ တစ်ဖွဲ့က America က၊ United State က John Hopkins University မကြာခင်မှာပဲ လာပါဦးမယ်။ အဲဒီမှာ စိတ်ရောဂါ Professor နှစ်ယောက် လာပြီးတော့ ကျွန်တော်တို့ဆီမှာ သင်တန်းတွေ ဖွင့်၊ ဒါ လုပ်မယ့်ကိစ္စပါ။ နောက်တစ်ခုကတော့ ဩစတြေးလျနိုင်ငံ Sydney University ကနေပြီးတော့ မြန်မာဆရာဝန်များကလည်း အဲဒီမှာ Specialist ဖြစ်နေတာတွေ ရှိပါတယ်။ သူတို့တွေ ကလည်း စိတ်ကျန်းမာရေးနဲ့ ပတ်သက်တဲ့ သင်တန်းများ၊ ဘွဲ့လွန်သင်တန်းများရော ဒီမှာလာပြီးတော့ လုပ်ငန်းခွင်သင်တန်းများရောပေးပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုတိုးတက်အောင်လုပ်နေတဲ့ အစီအစဉ်များလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားလိုပါတယ်။ ကျွန်တော်တို့က အခုချိန်မှာ

အားလုံးကိုရောပြီး ကုနေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာမှာ စိတ်ကျန်းမာရေး ဆိုတဲ့ အောက်မှာ ထပ်ပြီးတော့ Speciality တွေ ခွဲသွားပြီ ဖြစ်ပါတယ်။ ဥပမာ-ကျွန်တော်တို့ မူးယစ်ဆေးစွဲတာကိုဒီမှာ စိတ်ကျန်းမာရေး ဆရာဝန်က ကုပေမယ့် ဟိုမှာ မူးယစ်ဆေး စွဲတဲ့ ပြဿနာဟာသပ်သပ်၊ သူ့ရဲ့ Specialist တွေ ရှိပါတယ်။ Addiction Medicine ဆိုတာ ရှိပါတယ်။ ကျွန်တော်တို့ SEA Game ကြီး လုပ်တော့မယ်ဆိုတဲ့ အခါကျတော့ သူများနိုင်ငံမှာ Sport Psychologist တွေ၊ Sport Psychiatrist တွေ ရှိတယ်။ နိုင်အောင် ဘယ်လိုစိတ်မွေးရမယ်၊ ရှုံးရင် ခံနိုင်ရည်ရှိအောင်၊ Depression မရှိအောင် ဘယ်လို လုပ်ရမယ်။ Sport ကလည်း Psychiatrist ရှိတယ်။ သူတို့မှာ အမျိုးမျိုးပေါ့နော်။ ဒီ ကလေးဆိုလည်း ကလေးရဲ့ စိတ်ပိုင်းဆိုင်းရာ ရောဂါတွေသည် လူကြီးနဲ့ မတူတဲ့အတွက် Child Psychiatrist ဒါလည်း ရှိတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ဘွဲ့လွန် စိတ်ကျန်းမာရေးဆရာဝန် များရဲ့ ထပ်ခွဲသွားတဲ့ အထူးကုပညာရပ်များကိုလည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ဖို့ အစီအမံများ ရှိတဲ့အကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။

နောက်တစ်ခုကတော့ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ မေးခွန်းမှာတော့ အဓိက ကတော့ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးကို ပြည်နယ်ရဲ့ အင်္ဂါရပ်နဲ့ညီအောင် အဖြစ်များတဲ့ ရောဂါတွေမှာ အထူးကုတွေ ထားပေးဖို့ ဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အထူးကုဆိုတဲ့ ရာဇဝင်ကို ပြောရမယ်ဆိုရင် ကျွန်တော်တို့ အင်္ဂလိပ်ခေတ် တုန်းကတော့ ဗမာပြည်မှာ အထူးကုဆိုတာ အဲဒီတုန်းက အထူးကုက အခုအထူးကုနဲ့ မတူပါဘူး ခင်ဗျ။ General Physician လို့ ခေါ်ပါတယ်။ အထွေထွေအထူးကု General Physician, General Surgeon ဆိုတာ ရန်ကုန်မှာပဲ ရှိပါတယ်။ လွတ်လပ်ရေးရပြီးခေတ်မှာ မန္တလေးမှာ စပြီး တော့ ကျွန်တော်တို့ ရောက်ပါတယ်။ မန္တလေးမှာလည်း ဆေးကောလိပ် စပြီးတော့ ဖွင့်လိုက်တယ်။ ဆရာကြီး ဦးဘသန်း တို့ ဖွင့်တဲ့အတွက် အထူးကု စပြီးတော့ရောက်ပါတယ်။ တော်လှန်ရေးကောင်စီ ခေတ် ဒီဘက်ခေတ်မှာ ပြည်နယ်နဲ့ တိုင်း မြို့တော်များမှာ အထူးကုဆရာဝန်များ စတင်ရောက်ရှိ ပါတယ်။ န.ဝ.တ အစိုးရလက်ထက် ၁၉၉၆-၁၉၉၇ ပတ်ဝန်းကျင်မှာ ခရိုင်မြို့ကြီး (၄၀)ကျော်မှာ (၅၀)နီးပါးမှာ အထူးကုဆရာဝန်များ စတင်ပြီးတော့ ကျွန်တော်တို့ ရောက်ရှိပါတယ်။ ခုဆိုလို့ရှိရင် ခုတင်(၁၀၀) ဆေးရုံများမှာ အထူးကုဆရာဝန်များ စပြီးတော့ ထားပြီဖြစ်ပါတယ်။

အဲဒီတော့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အထူးကုကကျတော့ ကျွန်တော်တို့ Specialist တင် မကဘူးပေါ့နော်။ သူက Sub-speciality လို့ခေါ်တဲ့ ခွဲစိတ်အထူးကု ကနေမှ ကျောက်ကပ်ခွဲစိတ်၊ နှလုံးခွဲစိတ်၊ အသည်းခွဲစိတ်၊ ကလီစာခွဲစိတ်၊ ခွဲစိတ် ခွဲစိတ် ခွဲစိတ် အဆင့်ဆင့်ကို ခွဲသွားတဲ့ ခေါ်တာကတော့ Super Specialist လို့ခေါ်တယ်။ ဘာသာရပ်ကိုတော့ Sub-speciality လို့ ခေါ်တယ်။ ဒါတွေက အခုနောက်ပိုင်း ခေတ်ပေါ်ကိစ္စတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီရောဂါ တွေကို အရင်တုန်းက General အထွေထွေအထူးကုမှန်း၊ ကျွန်တော်တို့ များသောအားဖြင့် (၇၅)ရာခိုင်နှုန်း သော ရောဂါသည်၊ ခွဲစိတ်ရမယ့် ရောဂါတွေသည် General Surgeon က ကုတာ ဖြစ်ပါတယ်။ အဲဒီတော့ ဥပမာ - ဦးနှောက်အထူးကု ခွဲစိတ်အထူးကုကမှ ကုတယ်ဆိုတာက ဦးနှောက်

ခွဲစိတ်ကိစ္စရဲ့ (25) Percent ပဲ ရှိပါတယ်။ (75) Percent ကတော့ အထွေထွေ ကုလို့ ရပါတယ်။ အရေးပေါ် ကိစ္စတွေလည်း အထွေထွေ General Surgeon ပေါ့နော်။ M.Sc Surgery ရပြီးသား သူက Training ရှိပါတယ်။ Surgery (၃)နှစ်မှာ Training ရှိသလို (၃)နှစ်အောင်ပြီး (၂)နှစ် ထပ်မံပြီးတော့ ထားတဲ့အခါမှာလည်း သက်ဆိုင်ရာ ကျောက်ကပ်ခွဲစိတ်ဌာန၊ နှလုံးခွဲစိတ်ဌာန၊ အဆုတ်ခွဲစိတ်ဌာန၊ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ဌာနကို သင်တန်းကာလ (၃)နှစ်မှာလည်း ကျွန်တော်တို့က ဘွဲ့လွန်သင်တန်းသားကို လှည့်ပြီးတော့ Train လုပ်တဲ့အပြင် အောင်ပြီးတော့ (၂)နှစ်အတွင်းမှာလည်း ဒါကို လှည့်ပြီး Train လုပ်တဲ့အတွက် အထိုက်အလျောက် ထပ်မံပြီးတော့ သူတို့ လုပ်နိုင်ကြပါတယ်။

အဲဒီတော့ ခုနပြောတဲ့ ဆီးနဲ့ ကျောက်ကပ်ခွဲစိတ် ဖြစ်ဖို့ ဆိုလို့ရှိရင် ကျွန်တော်တို့က Master (၃)နှစ်အောင်။ အောင်ပြီးတဲ့အခါမှာ (၂)နှစ် အနည်းဆုံး ခုနလို Training ထပ်လုပ်ပြီးတဲ့အခါမှာ Ph.D (၃)နှစ် ထပ်ပြီးတော့ တက်ရပါတယ်။ (၃)နှစ် ထပ်ပြီးတော့ တက်ပြီးတော့ အောင်မြင်တဲ့အခါမှာ ဘာသာရပ်ဆိုင်ရာ Super Specialist ပေါ့နော်၊ Sub - speciality ကို ကူးပြီးသွားတာမျိုး ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုချိန်မှာ ကျွန်တော်တို့ ဒီသင်တန်းများကို စဖွင့်နေပါပြီ။ တစ်ချိန်တုန်းက အထူးကုရှိတယ်ဆိုတာက General၊ အင်္ဂလန် ကလာတဲ့ MRCP ပဲ ဖြစ်ဖြစ်၊ FRCS ပဲဖြစ်ဖြစ် အဲဒါတွေ အားလုံးမှာ General Medicine, General Surgery ပဲ ဖြစ်ပါတယ်။ Specialized Field မဟုတ်ပါဘူး။ အဲဒီတော့ Specialized Field ကို စတင်မွေးထုတ်တဲ့အခါ ခုနတုန်းကလို နှစ်တွေ လိုတဲ့အတွက် ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုလို့ ဘတ်ဂျက်တွေ အများကြီးရတဲ့ ဘတ်ဂျက်တွေကို အရင်ကထက် တိုးရတဲ့အခါမှာ ဆရာဝန်ခန့်ဖို့လည်း ပိုက်ဆံရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ပဲဖြစ်ဖြစ် ဝန်ကြီးဌာနက လူတွေ အားလုံးပဲဖြစ်ဖြစ်၊ ကျွန်တော် ကိုယ်တိုင်ပဲဖြစ်ဖြစ် ဆရာဝန်တစ်ယောက် ဖြစ်တဲ့အတွက် စေတနာလည်း ရှိပါတယ်၊ ထားပေးချင်ပါတယ်။

ဒါပေမဲ့ အထူးကုတစ်ယောက် ခုနလို Super Specialist တစ်ယောက် မွေးထုတ်ဖို့ဆိုတာက အချိန်လိုပါတယ်ခင်ဗျ၊ အချိန်လိုပါတယ်၊ နေ့ချင်း/ညချင်း မဖြစ်ပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အမေရိကန်နိုင်ငံကိုပဲ ထားပြီးတော့ ပြောရလို့ရှိရင် သူတို့က ဆေးကျောင်းကို တက်ဖို့ သူတို့က ပထမ(၁၂)တန်းအောင် ရပါတယ်။ ကျွန်တော်တို့လို (၁၀)တန်း မဟုတ်ပါဘူး။ (၁၂)တန်း အဲဒီမှာ (၁၂)နှစ် ကြာပါတယ်။ အဲဒါပြီးတဲ့အခါကျတော့ အခြေခံဘွဲ့ Bachelor of Surgery B.S (၄)နှစ် တက်ရပါတယ်။ အဲဒီတော့ (၁၂)နှစ်နဲ့ (၄)နဲ့ (၁၆)နှစ်ပြည့်ပြီးတဲ့ လူတွေကျတော့မှ တစ်ခါ ဆေးကျောင်းကို (၅)နှစ်တက်ရပါတယ်။ အဲဒီတော့ သူက (၂၁)နှစ် ကြာသွားပါပြီ။ ဆေးကျောင်း (၅)နှစ် တက်ပြီးတဲ့အခါမှာ မခွဲတဲ့ ဘာသာရပ်တွေပေါ့နော်။ သမားတော်တို့၊ ကလေးအထူးကုတို့ဆိုရင် ကျွန်တော်တို့ ဒီမှာ House Surgeon လို့ ခေါ်တဲ့ဟာမျိုး Internship Residency Programme (၃)နှစ် တက်ရပါတယ်။ အဲဒီတော့ (၂၄)နှစ် ရှိပါတယ်။ ခွဲစိတ်မယ့် ဘာသာရပ်ကို တက်ရင် အထွေထွေခွဲစိတ် ဖြစ်ဖို့အတွက်ကို ဒီ Internship လို့ ခေါ်တဲ့ စာမေးပွဲ အောင်ပြီးတဲ့ နောက်မှာ ထပ်တက်ရတာ (၅)နှစ် ရှိပါတယ်။ အဲဒီတော့ (၂၆)နှစ် ရှိပါတယ် စာသင်နှစ်။ အဲဒါပြီးတဲ့ နောက်မှာမှ သူက နှလုံးအထူးကုသွားချင်တယ် Cardio-vascular ပေါ့နော်။

Plastic Surgeory တို့ဆို နောက်ထပ်(၃)နှစ် ထပ်တက်ရတဲ့အတွက်ကြောင့်မို့ ဒီ ခုန Super Specialist ဆိုတဲ့ဟာကိုသွားမယ်ဆိုရင် အမေရိကန်နိုင်ငံလိုဟာမျိုးမှာ အနည်းဆုံး (၂၉)နှစ်ဆက်တိုက်၊ ဒါမှမဟုတ်ရင်လည်း စာသင်တဲ့ သင်တန်းကာလဟာ (၂၉)နှစ်ကြာပါတယ်။ ခွဲစိတ်ကုပညာရပ်ကတော့ (၃၁)နှစ်ကနေ (၃၃)နှစ်အထိ ကြာပါတယ်။ အဲဒီလောက် အချိန်အကြာကြီး Train လုပ်ကြရတာ ဖြစ်ပါတယ်။ ခု ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ (၁၀)တန်းပေါ့နော် သူငယ်တန်း (၁)နှစ်နေတယ်၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက သူငယ်တန်း (၃)နှစ်ထားပါတော့ (၁၀)တန်းအောင်ပြီးလို့ရှိရင် ဆေးကျောင်းမှာ အလုပ်သင်ဆရာဝန် အပါအဝင် အရင်က(၆)နှစ်၊ အခု(၇)နှစ် ကျွန်တော်တို့ထားပါမယ်။ ထားပြီးတဲ့အခါမှာ ကျွန်တော်တို့ အလုပ်စာမေးပွဲ ဖြေပါတယ်။ အလုပ်ရပြီ ဆိုလို့ရှိရင် လုပ်သက်(၂)နှစ် ရှိတဲ့အခါမှာ M.Sc လို့ ခေါ်တဲ့ ခုန အထူးကုတွေအတွက်ကို (၃)နှစ် တက်ရပါတယ်။ (၃)နှစ် တက်ပြီးလို့ရှိရင် (၂)နှစ် ကျွန်တော်တို့ Training ထပ်ယူရပါတယ်။ အဲဒါပြီးတော့မှ Doctorate ဆိုတာဟာ နောက်ထပ် (၃)နှစ် တက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ဟာ ကြီး၊ ငယ်၊ ရွယ်၊ လတ် အခု သင်တန်းတက်နေတဲ့လူ အပါအဝင် တစ်ပြည်လုံးမှာ (၁၂)ယောက်ပဲ ရှိပါသေးတယ်။ အဲဒါ ရန်ကုန်မှာ ဆေး - ၁ မှာ၊ ဆေး - ၂ မှာ၊ နေပြည်တော်မှာ၊ မန္တလေးမှာ ခွဲဝေလိုက်တဲ့အခါမှာဆိုရင် ပြည်နယ်/တိုင်း အထူးကု ဆေးရုံကြီးများကို ပေးဖို့၊ ပို့ဖို့အတွက် လုံလောက်သော အရေအတွက် မရှိသေးတာ ဖြစ်ပါတယ်။ ဒီလိုပဲ ဦးနှောက်နဲ့ အာရုံကြော ဆေးနဲ့ ကုသတဲ့ ပညာရပ်ဆိုလို့ရှိရင် အားလုံးပေါင်း ကျွန်တော်တို့ လက်ရှိမှာ လက်ရှိ In Service သင်တန်းသားပါ ထည့်ပေါင်းရင် ခုနကလို Doctorate သင်တန်းသား Doctorate ကို တက်ပြီးသွားတဲ့လူ၊ နိုင်ငံခြားက MRCP ပြန်လာတဲ့လူ ဦးနှောက်နဲ့ အာရုံကြော Specialist အားလုံးပေါင်း (၁၅)ယောက်ပဲ ရှိပါတယ်။ အဲဒီတော့ ဒါတွေသည် အခု အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က အထူးကုဆေးရုံကြီးတွေအဆင့်က ဗဟိုအထူးကု ဆေးရုံကြီး တွေအဆင့်မှာကိုပဲ၊ ထားနိုင်ခြင်း ရှိသေးပြီးတော့ ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းအဆင့် ခုတင်(၂၀၀)တွေ၊ ခုတင်(၃၀၀)တွေ ဖြန့်ခွဲဖို့ ခုချိန်မှာ ကြိုးစားပြီးတော့ မွေးထုတ်နေကြောင်း ကျွန်တော့်အနေနဲ့ ဒါ တင်ပြလိုပါတယ်။

နောက်တစ်ခုကလည်း ဒါတွေကို ကျွန်တော်တို့ မွေးထုတ်လေ့ကျင့်၊ ခန့်မထားနိုင်သေးပေမယ့် ဝန်ဆောင်မှုကိုပေးနိုင်အောင် ကျွန်တော်တို့ရဲ့ General Surgery စစ်တွေမှာရှိတဲ့ သမားတော် သည် တော်ရုံတန်ရုံ အစာလမ်းကြောင်းရောဂါ၊ ဆီးနဲ့ ကျောက်ကပ်ရောဂါတွေကို သူ့မှာ ကုဖို့ Training သင်တန်းရော၊ အတွေ့အကြုံရော ရှိပြီးသား ဖြစ်ပါတယ်။ ဒီလိုပဲ General Surgeon လို့ခေါ်တဲ့ ခွဲစိတ်အထူးကုဆရာဝန်ကြီးသည် ဆီးနဲ့ ကျောက်ကပ်ခွဲစိတ်ပဲဖြစ်ဖြစ်၊ အရေးပေါ် ဦးနှောက် အာရုံကြော ခွဲစိတ်ပဲဖြစ်ဖြစ်ကို တော်ရုံတန်ရုံ ခုနပြောတဲ့ (၇၀)(၅၀)မှာ (၇၅)ရာခိုင်နှုန်းကိစ္စတွေကို Training နဲ့ သင်တန်းရော၊ အတွေ့အကြုံရော ရရှိပြီးသား ဖြစ်ပါတယ်။ အဲဒီအပြင် ကျွန်တော်တို့က ဥပမာ-ဦးနှောက် ခွဲစိတ်ပစ္စည်းပစ္စယ ပံ့ပိုးမှုအပိုင်းမှာ ပြည်နယ်နဲ့ တိုင်းဆေးရုံကြီးတွေမှာ ဦးနှောက်နဲ့ အာရုံကြော ခွဲစိတ်ကုဆရာဝန်ကြီး မရှိသေးသော်လည်း ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်မှု အရေးပေါ် လုပ်နိုင်ဖို့အတွက် ပစ္စည်းကိရိယာများကို ပို့ထားပြီး ဖြစ်ပါတယ်။ ခွဲစိတ်တဲ့ ကိရိယာတွေ ရှိပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ မကြာခင်မှာ ကျွန်တော်တို့ မနှစ်က ဘဏ္ဍာရေးနှစ်အတွင်းမှာ ၂၀၁၂-၂၀၁၃ ကတည်းက CT Scan ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းဆေးရုံကြီး အားလုံး တပ်ဆင်မှာ ဖြစ်တဲ့အတွက်

တချို့ဆို လားရှိုးမှာ ဒီ weekend ကို စပြီးတော့ တပ်ပါတော့မယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင်လောက်ပဲ ရှိရာကနေပြီးတော့ ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းဆေးရုံကြီး အားလုံးမှာ တပ်ဆင်ဖို့ ဝယ်လည်းပြီးပါပြီ။ ပစ္စည်းတွေ စရောက်ပါပြီ။ အဲဒါ တပ်တယ် ဆိုလို့ရှိရင် ဟိုမှာ လက်ရှိ ဦးနှောက်နဲ့ အာရုံကြောအထူးကု မရှိတာတောင်မှ ဟိုမှာရှိနေတဲ့ သမားတော်ကြီးတို့၊ ဟိုမှာရှိနေတဲ့ ဦးနှောက်ခွဲစိတ်ကု၊ အထွေထွေခွဲစိတ်ကု ဆရာဝန်ကြီးတို့သည် CT Scan ရဲ့ အကူအညီနဲ့ ကျွန်တော်တို့မြန်မာလို လေဖြတ်တယ်လို့ နားလည်တဲ့ရောဂါက ဦးနှောက်သွေးကြော ပိတ်တာလား၊ ဦးနှောက်သွေးကြောပေါက်တာလားပေါ့၊ ပိတ်တယ်ဆိုရင် သွေးခဲကို ပျော်အောင် (၃)နာရီအတွင်းမှာ သိတယ်ဆိုရင် သွေးခဲလေး ပျော်သွားအောင်လုပ်ရင် ပြန်ပွင့်လာရင် ဒါ လေမဖြတ် တော့ဘူးပေါ့။ ပေါက်ရင်တော့ ဒါ တစ်မျိုးလုပ်ရမှာပေါ့။ ပိတ်တာလား၊ ပေါက်တာလားကို (၃)နာရီ အတွင်းမှာ ခွဲခြားနိုင်ဖို့က ကျွန်တော်တို့ CT Scan တွေ ခု စပြီးတော့ တပ်ဆင်ပါမယ်။ (၃)နာရီအတွင်း သိတယ်ဆိုလို့ရှိရင် တော်ရုံတန်ရုံ ဦးနှောက်အာရုံကြောရောဂါတွေကို ဟိုမှာတင် သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်း မြို့တော်မှာတင် ရောဂါရှာဖွေပြီး ကုသနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အချုပ်အနေနဲ့ ပြန်ဖြေရလို့ရှိရင် ကိုယ်စားလှယ်တော်ကြီး ဦးကျော်ကျော် ရဲ့ မေးခွန်းမှာ လက်ရှိမှာ ကျွန်တော်တို့က ဘတ်ဂျက်လည်း ရှိပါပြီ။ စေတနာတွေ လည်း ရှိပါတယ်။ မွေးထုတ်လျက်ရှိပါတယ်။ လုံလောက်အောင် ပေးနိုင်တဲ့အခါကျလို့ရှိရင် ကျွန်တော်တို့ ပို့ပေးမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံတွေကလည်း တစ်ခါတစ်လေကျတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအရ ကျွန်တော်တို့က ဦးနှောက်နဲ့အာရုံကြော အထူးကု၊ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ကု ဒါ စစ်တွေ ဆေးရုံမှာ ဖွဲ့စည်းပုံရှိပေမယ့် အစာလမ်းကြောင်း ဆီးနဲ့ကျောက်ကပ်တို့ကတော့ ဖွဲ့စည်းပုံအားဖြင့် မရှိသေးပါဘူး။ နောင်တစ်ချိန် ပိုမိုမွေးထုတ်နိုင်လာတဲ့အခါ ကျလို့ရှိရင် ဖွဲ့စည်းပုံကိုလည်း တိုးချဲ့ ပေးမှာ ဖြစ်ပြီးတော့ လူကိုလည်း ပို့ပေးမယ်၊ ပစ္စည်းတွေကိုလည်း ပို့ပေးမှာဖြစ်တဲ့အကြောင်း ပြောကြား ရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၁၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူး-သနပ်ပင်-ကဝမြို့နယ် လမ်းဘေးဝဲ/ယာရှိ လယ်ယာမြေများအားအခြားနည်းဖြင့် သုံးစွဲနိုင်ရန် မြေဂရန် ချထားပေးနေမှုအပေါ် မည်သို့ စိစစ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က ပဲခူးတိုင်းဒေသကြီး၊ ပဲခူး - သနပ်ပင် - ကဝမြို့နယ် လမ်းဘေး ဝဲ/ယာရှိ လယ်ယာမြေများအား အခြားနည်းဖြင့် သုံးစွဲနိုင်ရန် မြေဂရန် ချထားပေးနေမှုအပေါ် မည်သို့စိစစ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဂါဝရပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီကနေ့ သိရှိလို၍ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ် လမ်းဘေး ဝဲ/ယာရှိ လယ်ယာမြေများအား အခြားနည်းဖြင့် သုံးစွဲနိုင်ရန် မြေဂရန် ချထားပေးမှုအပေါ်မည်သို့ စိစစ်ဆောင်ရွက်သွားမည်ကို သိရှိလို၍ မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်၊ ကဝ မြို့နယ် (၂)မြို့နယ်ဟာ ပဲခူးတိုင်းဒေသကြီးရဲ့ အဓိက ဆန်စပါးနဲ့ ပဲမျိုးစုံ အဓိကထားစိုက်ပျိုးပြီးတော့မှ အားထားရတဲ့ မြို့နယ်(၂)မြို့နယ် ဖြစ်ပါတယ်။ ၁၉၉၅-၉၆ ခုနှစ်လောက် ကစပြီးတော့မှ ကျွန်တော်တို့ ရေမြုပ်လယ်ယာမြေများဟာ နွေစပါးစိုက်ပျိုးသီးနှံ ဖြစ်ထွန်းလာပြီးတော့မှ (၁)ဧကကို တင်း(၁၀၀) အထက် ထွက်ရှိတဲ့ လယ်ယာမြေများ ဖြစ်ပါတယ်။ နိုင်ငံတော် အတွက်လည်း အားထားရတဲ့ နွေစပါး စိုက်ပျိုးရာဒေသလည်း ဖြစ်ပါတယ်။ ယခုအခါမှာ ကဝ၊ သနပ်ပင်၊ ပဲခူး လမ်းဘေးဝဲ/ယာ ကားလမ်း တစ်လျှောက်မှာရှိတဲ့ လယ်ယာမြေများဟာ တောင်သူများလက်ဝယ်မှ လုပ်ငန်းရှင်အချို့က

သက်တောင့်သက်သာစျေးများဖြင့် ဝယ်ယူပြီးတော့မှ မြေဂရန် လျှောက်ထားပြီး ဆီဆိုင်များ၊ အိမ်ရာမြေများ ဖော်ထုတ်တဲ့ အတွက်ကြောင့်မို့လို့ တန်ဖိုးဟာ အဆပေါင်းများစွာ ကွာဟပြီးတော့မှ တောင်သူများ နစ်နာဆုံးရှုံးမှု ဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ လမ်းဘေးဝဲ/ယာ ကားလမ်း တစ်လျှောက်မှာရှိတဲ့ လယ်ယာမြေများဟာ မိရိုးဖလာဘိုးစဉ်ဘောင်ဆက် ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ပြီးတော့မှ ဒီကနေ့ ကျွန်တော်တို့ ဆက်လက်ထိန်းသိမ်းလာခဲ့ကြရတဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ယနေ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲခွင့်ပြုမည်ဆိုတဲ့ ဥပဒေတစ်ရပ် ပေါ်ပေါက်လာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လုပ်ငန်းရှင်များနဲ့ တာဝန်ရှိပုဂ္ဂိုလ်များဟာ ပေါင်းစပ်ပြီးတော့မှ တောင်သူများ တိုက်ရိုက်သိရှိခွင့် မပေးဘဲနဲ့ လုပ်ငန်းရှင်များ လက်ဝယ်မှတစ်ဆင့် ဂရန်မြေများကို လွယ်လွယ်ကူကူ ချပေးထားတာ တွေ့ရှိရပါတယ်။

ဥပမာတစ်ခု ကျွန်တော်တို့ပြောရမယ်ဆိုရင် လက်ရှိ ကျွန်တော်တို့ သနပ်ပင် ကားလမ်းဘေး ဝဲ/ယာမှာရှိတဲ့ ကျွန်းသာယာကွက်သစ်ဟာ ၁၉၈၅-၈၆ ခုနှစ်က အိမ်ခြေ၊ ယာခြေမဲ့တဲ့ ဆင်းရဲသားလူတန်းစားများကို မြေကွက်ချပေးပြီးတော့မှ နှစ်ပေါင်း(၃၀)ကျော် ရပ်တည်လာခဲ့တာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ယခုအခါမှာ ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့ လယ်ယာမြေတွေကို အခြားနည်းနဲ့ သုံးစွဲခွင့်ပြုမယ်ဆိုတဲ့ ဥပဒေပေါ်ပေါက်လာသောအခါမှသာ ဘာတွေတွေ့ရသလဲဆိုလို့ရှိရင် မိမိတို့ဟာသည် လယ်ယာမြေများ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အိမ်ခြံမြေများအဖြစ် သတ်မှတ်ခြင်း မပြုဘဲနဲ့ ပြန်လည်သိမ်းဆည်းမယ်ဆိုတဲ့ တာဝန်ရှိအဖွဲ့အစည်းများကနေပြီးတော့ သတင်းပေးပို့လာတာ တွေ့ရပါတယ်။ သို့သော်ငြားလည်း အခု ဒီနေ့ တစ်ဆက်တစ်စပ်ထဲမှာရှိတဲ့ လယ်ယာမြေများဟာတော့ ကျွန်တော်တို့၊ ဟုတ်လား အိမ်ခြေရာခြေ မရှိတဲ့ လယ်ယာမြေများဟာတော့ ဂရန်ချထားပေးမှုဟာ လပိုင်း၊ ရက်ပိုင်းအတွင်း ဖြစ်ပေါ်နေတာ တွေ့ရှိရပါတယ်။ သို့သော် ဒီအဖြစ်အပျက်တွေဟာ ကျွန်တော်တို့ မြို့နေကျေးလက်မှာရှိတဲ့ ပြည်သူများ တွေ့ရှိမြင်သိလာတဲ့ အတွက်ကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြပြီးတော့မှ သက်ဆိုင်ရာ ကျွန်တော်တို့ လွှတ်တော်မှတစ်ဆင့် တင်ပြပေးဖို့ တောင်းဆိုလာတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆို ကျွန်တော်တို့ ဒီနေ့ အမှန်တကယ် လက်ရှိအနေ အထားမှာ ပဲခူးကနေ ကျွန်တော်တို့ စကြည့်မယ်ဆို ဆီဆိုင်များဟာ မဟာဓာတ်အားလိုင်းကြီးရဲ့ အောက်မှာ ကျွန်တော်တို့ ဒီနေ့ တည်ထားတာ တွေ့ရပါတယ်။ ဒါတွေ ဥပဒေနဲ့ ညီညွတ်မှုရှိ/မရှိ စစ်ဆေးတာကို တွေ့ရှိတဲ့အခါမှာတော့၊ သွားရောက် စစ်ဆေးတာတော့ သိရှိရပြီးတော့ လက်ရှိတည်မြဲ တည်တာပဲ ဖြစ်ပါတယ်။

နောက်တစ်ချက် ကျွန်တော်တို့ လယ်ယာမြေများနဲ့ ပတ်သက်လို့ ကျွန်တော်တို့ (၁)ဧကကို (၅)သိန်းတန်တဲ့လယ်ကို (၁၀)သိန်းပေးပြီးတော့ ဝယ်ပြီးတော့မှ လပိုင်းအတွင်းမှာ ကျွန်တော်တို့ ခြံတွေ ခတ်တယ်။ အဆောက်အဦတွေ ဆောက်တဲ့အတွက်ကြောင့်မို့လို့ မကြာသောကာလကပဲ လယ် (၇)ဧက သိန်း(၁၄၀)နဲ့ဝယ်တဲ့ လယ်(၇)ဧကဟာ ခြံခတ်၊ ဂိုဒေါင်(၂)လုံးဆောက်ပြီးတော့မှ ကျွန်တော်တို့ တစ်ခြမ်း ခြမ်းရောင်းလိုက်တာ သိန်းပေါင်း(၁၃၀၀၀)ရတယ်လို့ ကျွန်တော်သိရပါတယ်။ ဒါတွေကို ကျွန်တော်တို့ တကယ်လို့ ပြန်ကြည့်မယ်ဆိုရင် ဒီလိုဖြစ်တဲ့ အဖြစ်အပျက်မျိုးတွေဟာ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်မှ ကြည့်ပြီးတော့ မြေဂရန်ပေးမယ့်အစား တကယ်တောင်သူတွေကို အသိပညာ

ပေးပြီးတော့မှ လယ်ယာမြေတွေကို အခြားနည်းနဲ့ သုံးစွဲခွင့်ရတဲ့ နည်းဥပဒေတွေပေါ်မှာ ဘယ်လို သွားမလဲ၊ ကျွန်တော်တို့သိတဲ့ ဥပဒေကတော့ လယ်ယာမြေကို အခြားနည်းနဲ့ သုံးစွဲခွင့်ပြုသည် ဆိုသည့်မှာ ဟုတ်လား ကျွန်တော်တို့ လယ်ယာမြေအဖြစ် ဆက်လက်ရပ်တည်နိုင်လို့ မရသော ကျွန်တော်တို့မြေ၊ ဟုတ်လား မြေရိုင်းများသာဖြစ်ရမယ်လို့သာ ကျွန်တော်တို့ ဒီလိုသဘောပေါက် ပါတယ်။ အခု ကျွန်တော်တို့ ဒီနေ့ လယ်ယာမြေချထားတဲ့ လမ်းဘေးဝဲ/ယာမြေများဟာ ကျွန်တော်တို့ မြို့နယ်မှာရော၊ တိုင်းမှာရော၊ နိုင်ငံတော်မှာရော တကယ်ကို တန်ဖိုးရှိပြီးတော့ နိုင်ငံရဲ့ပြယုဂ်၊ မြို့နယ်ရဲ့ ပြယုဂ်၊ တိုင်းရဲ့ပြယုဂ်ဖြစ်တဲ့ အမှန်တကယ်တန်ဖိုးရှိတဲ့ လယ်ယာမြေတွေ ဖြစ်နေတာကို တွေ့ရပါ တယ်။ ဒါကြောင့်မို့ ဒီနေ့လက်ရှိ ကျွန်တော်တို့ ဒါတွေကိုကြည့်ခြင်းအားဖြင့် လယ်ယာမြေကို အခြား နည်းဖြင့် သုံးစွဲခွင့်ရတယ်ဆိုတဲ့ ဥပဒေအပေါ်မှာ အခြေခံ၍ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကျွန်တော်တို့ လုပ်ငန်းရှင်အချို့ဟာ လယ်ယာမြေမှအပ ကျွန်တော်တို့ ဘာကိုပါ တွေ့ရသလဲဆို လက်ရှိကျွန်တော်တို့ ပဲခူးမြို့နယ်၊ ကျွန်တော်တို့ ဟင်္သာကုန်းလမ်းဘေးဝဲ/ယာမှာရှိတဲ့ ယခင်ကျွန်တော်တို့ ဘုရားဟောင်း ငုတ်တိုတစ်ခုဟာ ကျွန်တော်တို့ နှစ်ပေါင်းများစွာ တွေ့ရှိရပြီးတော့ ယခုအခါမှာ ခြံဝင်းထရံ ခတ်ပြီး တော့ ကျွန်တော်တို့ ဘာလဲ၊ အိန္ဒိယလူမျိုးတစ်ဦးကို ရောင်းထားပြီးတော့မှ ဂရန် လျှောက်ထားတဲ့ အဆောက်အဦ ဆောက်မယ့်အခြေအနေကို တွေ့ရပါတယ်။ ဒါကို ပြည်သူက လက်မခံလို့ ပဋိပက္ခ အနည်းငယ် ဖြစ်နေတာကိုလည်း ကျွန်တော်တို့ ကြားသိရပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ သနပ်ပင်နဲ့ ပဲခူးဆက်သွယ်လာတဲ့ ကျောက်သုံးလုံး လမ်းဆုံက ဆင်းပြီးတော့ တပ်မ(၇၇)ကနေပြီးတော့ ကျွန်တော်တို့ ဟင်္သာကုန်းကို ဖြတ်တဲ့လမ်းမှာ တပ်မ(၇၇)နဲ့ အသောကဘုန်းကြီးကျောင်းရဲ့ကြားမှာ အသောကဘုရားရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် နှစ်ပေါင်း(၃၀)ကျော်(၄၀)ပတ်ဝန်းကျင်ကဆို၊ ကျောင်းသားဘဝကဆို ကျွန်တော်တို့ ပဲခူး၊ သနပ်ပင်ကျောင်းသားတွေ ဘောလုံးကန်တဲ့ နေရာဖြစ်ပါတယ်။ ဘုရားကုန်းဖြစ်ပါတယ်။ အခု လက်ရှိအခြေအနေမှာ ကျွန်တော်တို့က ဒီကနေ့လွှတ်တော်ကာလ လပေါင်း(၃၀)အတွင်းမှာ ကျွန်တော် အပတ်စဉ် သွားရင်း၊ လာရင်းနဲ့ ကြည့်တာဟာ အဆောက်အဦ(၃)ခု ပေါ်လာပြီးတော့မှ ဘုရား ပျောက်တဲ့ အနေအထား ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ သွားတဲ့ လမ်းတစ်လျှောက်မှာ ပဲခူး၊ သနပ်ပင်သွားရင်း ဦးတိုက်ပြီးတော့ ကျွန်တော်တို့ ရွှေမုဋ္ဌောဘုရား၊ ဟင်္သာကုန်း ဘုရား၊ ရွှေဝါကုန်းဘုရား ဒီ ကျွန်တော်တို့ အသောကဘုရား ဟာဆို ကျွန်တော်တို့ လက်အုပ်ချီပြီးတော့ ဆုတောင်းနေကျဘုရား ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့ လမ်းဘေး ဝဲ/ယာမှာရှိတဲ့ ကျွန်တော်တို့ ဘုရားကြီးဟာ အဆောက်အဦ(၃)ခုနဲ့ ကာကွယ်လိုက်ပြီးတော့ ကျွန်တော်တို့ ဘုရားကြီးဟာ အိမ်နောက်ဖေးကို ရောက်သွားတာ တွေ့ရပါတယ်။ ဒါတွေကို ပြန်ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ဒီနေ့ မြေဂရန်ချထားမှုဟာ လွယ်လွယ်ကူကူချထားပေးနေတယ်၊ ချထားပေးတဲ့အပေါ်မှာ ကျွန်တော်တို့ တကယ် ဒီနေ့လက်ရှိ တောင်သူများကို တိုက်ရိုက်အကျိုးရှိမှု မရှိဘူး။ ပြည်သူတွေ ဒီနေ့ဟုတ်လား ပြည်သူတွေအတွက် တိုက်ရိုက်အကျိုးမရှိတဲ့အတွက်ကြောင့်မို့လို့ လူတစ်စုနဲ့၊ အဆင့်ဆင့်တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒီလိုပဲ ရပ်တည်နေတယ်လို့ ပြည်သူများ မျှော်လင့်တယ်လို့ ယူဆပြီးတော့မှ ပြည်သူများ တင်ပြလာတဲ့အပေါ်မှာလည်း ကျွန်တော့်အနေနဲ့လည်း ဒါဟာ ကျွန်တော်တို့ ပြည်သူလူထုအတွက် အကျိုးမရှိဘူး။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ အသိပေးဖို့လိုပြီ ဆိုပြီးတော့မှ ကျွန်တော် မေးခွန်းမေးရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ ဒီမေးခွန်းလေးကို ခြုံငုံပြီးတော့ မေးလိုတာကတော့ သနပ်ပင် - ကဝ - ပဲခူး လမ်းဘေး ဝဲ/ယာမှာရှိတဲ့ ကျွန်တော်တို့ လယ်ယာမြေများအား မြေဂရန် ချထားပေးမှုအပေါ်မှာ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေပေါ်မှာ အခြေခံ၍ ရှေ့ကို မည်သို့စိစစ် ဆက်လက်ဆောင်ရွက်သွားမည် နံပတ်(၁) သိရှိလို၍ မေးမြန်းလိုပါတယ်။ (ခ)ကတော့ ကျွန်တော်တို့ လမ်းဘေး ဝဲ/ယာတစ်လျှောက်ရှိ လယ်ယာမြေများအား လွယ်လွယ်ကူကူ ယခုကဲ့သို့ချပေးမယ်ဆိုရင် မြို့နဲ့ ကျေးရွာနဲ့ မြို့ချင်းဆက်လမ်းများမှာရှိတဲ့ တောင်သူများက တောင်းဆိုလာမယ်ဆိုရင် မည်သည့် ဥပဒေနဲ့ ဆက်လက်ဆောင်ရွက်ပေးသွားမည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စစ်တွေမြို့၏ လက်ရှိ မြို့ပြတည်ဆောက်မှု၊ တိုးချဲ့တည်ဆောက်မှု၊ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် ပညာရပ်ပိုင်းဆိုင်ရာတို့၌ အားနည်းချက်များ မရှိစေရန်နှင့် လူထုယုံကြည်အားကိုးသည့် စည်ပင်သာယာအုပ်ချုပ်မှုဖြစ်စေရန် အနာဂတ်၌ မည်ကဲ့သို့စီစဉ်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က စစ်တွေမြို့၏ လက်ရှိမြို့ပြ တည်ဆောက်မှု၊ တိုးချဲ့တည်ဆောက်မှု၊ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် ပညာရပ်ပိုင်းဆိုင်ရာတို့၌ အားနည်းချက်များ မရှိစေရန်နှင့် လူထုယုံကြည်အားကိုးသည့် စည်ပင်သာယာအုပ်ချုပ်မှုဖြစ်စေရန် အနာဂတ်၌ မည်ကဲ့သို့ စီစဉ်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေရန် မေတ္တာပို့သ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် စစ်တွေမြို့ကို အခြေပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရခိုင်(၁)မဲဆန္ဒနယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးအေးမောင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းနဲ့ပတ်သက်လို့ မနေ့ကလည်း ဒီ အကြောင်းအရာလေးတွေမှာ အခြေခံပြီး ကျွန်တော်မေးမြန်းခဲ့ပါတယ်။ အဲဒီတော့ လွတ်လပ်ရေး ရပြီးတော့ (၆၆)နှစ်ကျော်ကျော်လောက်ဖြစ်လာတဲ့ ကာလမျိုးအထိ ကျွန်တော်တို့ရဲ့ မြို့ပြအခြေအနေကို ပြန်သုံးသပ်မိပါတယ်။ အဲဒီတော့ မြို့ပြတစ်ခုရဲ့ စည်ပင်ဖွံ့ဖြိုးမှုဆိုတာ မြို့ပြမှာရှိတဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်ဆိုတော့ ဒီမြို့ပြလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ဟာလည်းပဲ နိုင်ငံတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပေါ်လစီတွေနဲ့ တစ်ခါဆက်စပ်ပြီးကာမှ ပတ်သက်နေပြန်ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့က နောက်ဆုံးမှာ နိုင်ငံတော်အစိုးရဆိုတဲ့ အမြင့်ဆုံးမှာရှိတဲ့ အဖွဲ့အစည်းအပေါ်မှာပဲ ကျွန်တော်တို့က နိုင်ငံသူ/နိုင်ငံသား တစ်ဦးအနေနဲ့ရော ပြည်သူအနေနဲ့ရော တင်ပြနေကြရတာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက တစ်ခါ ကျွန်တော်တို့ ပြည်သူ/ပြည်သားတွေကို ကြည့်တဲ့အခါမှာ သိန်းငှက်ကြီးလို ပျံဝဲပြီးကာမှ ကောင်းကင်က ကျွန်တော်တို့ ဘယ်နေရာ၊ ဘယ်ဒေသမှာတော့ဖြင့် ဘယ်လိုအခက်အခဲတွေရှိတယ် ဆိုတာ စဉ်ဆက်မပြတ် လေ့လာ

သုံးသပ်နေရမှာ ဖြစ်သလို အောက်ခြေအဖွဲ့အစည်းတွေကလည်းပဲ စဥ်ဆက်မပြတ် တင်ပြပြီးကာမှပဲ အမှန်တရားရဲ့၊ အခက်အခဲရဲ့ ဖြေရှင်းရမယ့် အချက်အလက်တွေကို ကျွန်တော်တို့ ပြန်လှန်သုံးသပ် နိုင်ရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် အထက်အောက် ဆက်စပ်မှုနဲ့ အထက်အောက် ခုနကလို ကူးလူး ဆက်ဆံမှု ဟာ အင်မတန်အရေးကြီးပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ခေတ်ပေါင်းများစွာကို ပြန်ကြည့်တဲ့အခါမှာ ခုနကလို အထက်အောက် ချုပ်ကိုင်မှုတွေ မမှန်ခဲ့ကြလို့ အခုဆိုရင် (၂)နှစ်ခွဲသော ကာလကို ပေါက်တဲ့ နောက် ပိုင်းမှာ Decentralize လုပ်မယ်ဆိုတဲ့ အသံလေးတွေ ထွက်လာပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ မူဘောင်အတွင်းထဲက သွားကြမယ့် လမ်းကြောင်းဖြစ်လို့ ကြိုဆိုပါတယ်။ ဒါပေမယ့်လို့ ဒီနေ့အထိ (၂)နှစ်ခွဲသောကာလကို ဖြတ်သန်းပြီးသောကာလမှာ ကျွန်တော်တို့ရဲ့ ပြည်သူလူထုတွေဟာ လက်ရှိဒေသအစိုးရတွေရဲ့ လုပ်နိုင်ကိုင်နိုင်တဲ့ အတိုင်းအတာတွေကို ပြန်လှန်သုံးသပ်ကြပါတယ်။ ဗဟို ချုပ်ကိုင်မှုများပြီးကာမှ ဗဟိုရဲ့ခွင့်ပြုချက် မရခဲ့လို့ရှိရင် ဒေသမှာ အကောင်အထည်ဖော်နိုင်ခြင်း မရှိဘူးဆိုတဲ့ ခုနက အယူအဆလေးတွေနဲ့ ပြည်နယ်လွှတ်တော်မှာ မေးတာမြန်းတာတွေကိုတောင်မှ ပြည်နယ်အစိုးရက ဆောင်ရွက်မပေးနိုင်တဲ့ ကာလမျိုးမှာ အခုလို ပြည်ထောင်စုလွှတ်တော်ရဲ့ လွှတ်တော် တစ်ခုဖြစ်တဲ့ အမျိုးသားလွှတ်တော်ကို ကျွန်တော် တင်ပြမေးမြန်းပြီးကာမှ လွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် သက်ဆိုင်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနကို မေးမြန်းမှာဖြစ်ပေမယ့်လို့လည်း အကြောင်းမညီညွတ်ခဲ့လို့ နိုင်ငံတော်သမ္မတရုံးရဲ့ ဒုတိယဝန်ကြီးတစ်ပါးက လာရောက်ဖြေရှင်းပေးမယ် ဆိုတာမျိုးကို ဝမ်းပန်းတသာ ကြိုဆိုပါတယ်။

အဲဒီတော့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ဒေသတစ်ခုကို ကွက်ပြီးပြောတယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ အမြင်တွေ ရှိကောင်းရှိနိုင်ပါတယ်။ သို့သော် လည်းပဲ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုဟာ တစ်နိုင်ငံလုံးအတွက် အရေးကြီးတာမို့လို့ ကျွန်တော်တို့ရဲ့ ကမ်းခြေဒေသမှာရှိတဲ့ ကျွန်တော်တို့ရဲ့ဒေသ(၂)ခုကိုပြန်ကြည့်လို့ရှိရင် တရုတ်ပြည်သည် လည်းကောင်း၊ အိန္ဒိယပြည်သည်လည်းကောင်း၊ ကျွန်တော်တို့ရဲ့ ဆိပ်ကမ်းနှစ်ခုကို အခပေးပြီးကာမှ ယူသွားပြီးပါပြီ။ သူတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက်၊ သူတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွန်တော်တို့ဒေသကို အသုံးချသွားပြီးပြီ ဆိုတာကို ကျွန်တော်တို့ မှတ်တမ်းပြုကြရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကမ်းခြေ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ပေးခြင်းဟာ ပြည်ထောင်စုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ပေးခြင်း မည်တယ် ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ကျွန်တော်တို့ စတင်ပုံသွင်းဖို့ လိုပါပြီ။ ဒေသတစ်ခုကို ဖွံ့ဖြိုးတိုးတက်မှု လုပ်ပေးခြင်းအားဖြင့် ခွဲထွက်မယ်ဆိုတဲ့ ခုနက တစ္ဆေကြီးလို ကျွန်တော်တို့ဟာ အိပ်မက်မှာ ထားခဲ့ပြီးကာမှ တကယ့်လက်တွေ့ Reality နဲ့ ကျွန်တော်တို့ ပြန်ပြီးကာမှ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်းဟာ ပြည်ထောင်စုခိုင်မြဲမှုအတွက် အခြေခံအချက်အလက် ဖြစ်တယ်ဆိုတဲ့ ခံယူချက်ကို ပြောင်းပြီး၊ ပြည်နယ်အစိုးရတွေ လုပ်ပိုင်ခွင့်တွေကို ပိုမြင့်ဖို့၊ ဗဟိုအစိုးရရဲ့ ချုပ်ကိုင်မှုကို လျှော့ချဖို့၊ နိုင်ငံရေးအားဖြင့် ဖိအားပေးနိုင်တဲ့ ကာလဖြစ်တာမို့လို့ ကျွန်တော်တို့ ဒီအချိန်ဒီကာလမှာ ဒီရခိုင်ပြည်နယ် အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ စည်ပင်သာယာရေးလုပ်ငန်းတွေမှာ Municipality မှာ လူထုပါဝင်တဲ့ ခုနက Community ခုနက Participant at Work ဖြစ်အောင် ကျွန်တော်တို့ ဘယ်လိုပုံသွင်းမလဲ ဆိုတာလေးကို ပြည်ထောင်စုဝန်ကြီးတွေကတစ်ဆင့် နိုင်ငံတော်အကြီးအကဲတွေ

ဆီကို တင်ပြလိုခြင်း ဖြစ်ပါတယ်ဆိုတော့ ကျွန်တော် တို့ရဲ့ မြို့ပြ၊ အထူးသဖြင့် ရခိုင်ဒေသရဲ့ စစ်တွေကို ပြန်သုံးသပ်ခြင်းအားဖြင့် တစ်ခြားဆိပ်ကမ်းရှိတဲ့ တစ်ခြားဒေသတွေကိုလည်း စံနမူနာယူပြီး တုန့်နိုင်း ယူနိုင်ပါတယ်။ ရခိုင်ဒေသဟာဆိုရင် ပြီးခဲ့တဲ့ ဗြိတိသျှတစ်ခေတ်လုံးဟာ (၁၈၇)နှစ် လောက်ရှိပါပြီ။ စစ်တွေမြို့ကြီးဟာ အဲဒီကာလ လွတ်လပ်ရေးမတိုင်ခင်မှာ၊ ဒုတိယကမ္ဘာစစ် မတိုင်ခင်မှာ အင်မတန် ကိုမှ ကမ္ဘာ့အလယ်မှာ တင့်တယ်ခဲ့တဲ့ ဆိပ်ကမ်းကောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ တစ်ခေတ်ကို စူးအက် တူးမြောင်း ဖွင့်တဲ့ကာလ၌ ချိန်ကိုက်ပြီးကာမှ ဗြိတိသျှဟာ ဒီဒေသက ကမ္ဘာမှာ ဒုတိယအကြီးဆုံး Export လုပ်နိုင်ခဲ့တဲ့ ဆိပ်ကမ်းကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီလိုပဲ မြို့တစ်ခု၊ မြို့ရွာတစ်ခု ဖွံ့ဖြိုးဖို့ဆိုတာ ကျွန်တော်ခုနကတင်ပြခဲ့သလိုပဲ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်အောင် ကုန်သွယ်ရေးလမ်းကြောင်း၊ သူရဲ့ Infrastructure သူ့ရဲ့ ခုနက စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးနိုင်အောင် မြို့ပြနဲ့ ခုနလုပ်ငန်းတွေကို ဒွန်တွဲထားခဲ့ကြတာကို တွေ့ရပါတယ်။

အဲဒါကြောင့်လည်း စက်မှုရပ်ကွက်တွေ၊ စက်ရုံစုရပ်ကွက်တွေ၊ စက်ရုံ၊ အလုပ်ရုံတွေ မီးဆွဲစက်ကအစ ကျွန်တော်တို့ ဒီ ဆန်စပါး၊ ခုနက ထုတ်လုပ်နိုင်တဲ့ ဒီ Rice Mill အဆုံး ကျွန်တော်တို့ က တည်ဆောက်ပြီး၊ ဒီဘက်က စစ်တွေမြို့ရဲ့ ဒီဘက်က မြောက်ပိုင်းမှာရှိတဲ့ ဆတ်ရိုးကျချောင်းကို ကုန်သွယ်ချောင်းအဖြစ် သုံးပြီးကာမှ ဖွံ့ဖြိုးမှုလမ်းကြောင်းကို တင်ခဲ့ပါတယ်။ အဲဒီတော့ ဒီနေ့ ဒီအချိန်ကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ခေတ်အဆက်ဆက် လွတ်လပ်ရေးအလွန်ခေတ်မှာ ကျွန်တော်တို့ ပြန်သုံးသပ်ဖို့ လိုပါတယ်။ ဝေဖန်ဖို့ထက် သင်ခန်းစာယူပြီးခါမှ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု ခိုင်မြဲရေးအတွက် ပိုပြီးသွတ်သွင်းနိုင်အောင် ကျွန်တော်တို့က ဒါ ပညာယူဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေ့အထိ ရခိုင်ပြည်နယ်၊ စစ်တွေအနီးအနားဟာ ဖွံ့ဖြိုးတိုးတက်နိုင်မှုကို ဖော်ပေးနိုင်တဲ့ မည်သည့်စက်မှုလုပ်ငန်းမှ မရှိပါဘူး။ စက်မှုလုပ်ငန်း မရှိတဲ့အခါမှာ ခုန Infrastructure ပိုင်းကို ပြန်တွေးကြပါတယ်။ ပြည်မနဲ့ ဆက်သွယ်တဲ့လမ်းဆိုတာ ပြီးခဲ့တဲ့ န.ယ.က၊ န.ဝ.တ လက်ထက်က ၁၉၉၀ ပြည့်လွန် နောက်ပိုင်းမှာမှ အမ်း-စစ်တွေလမ်းဆိုတာ ပေါ်လာပါတယ်။ မြေလတ်ပိုင်းနဲ့ ဆက်သွယ်ခွင့်ရလို့ ဒီကုန်သွယ်မှု အားသာချက်ကို ယူပြီးကာမှ ရခိုင်ပြည်နယ်၊ စစ်တွေ ပင်လယ် ထွက်ပေါက်ကို အသုံးပြုပြီး၊ မြေလတ်ပိုင်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ပြီလို့ ကျွန်တော်တို့ ယူဆခဲ့ပေမယ့်လို့လည်း လမ်းဟာ ကျွန်တော်တို့ ထင်သလောက် အရည်အသွေး မမီဘဲနဲ့ အခုလို တစ်ဝက်တစ်ပျက် ဖြစ်နေပါတယ်။ အဲဒီလိုပဲ Infrastructure ပိုင်းမှ အဓိကဖြစ်တဲ့ စွမ်းအင်ကဏ္ဍကို ကြည့်တဲ့အခါမှာ National Power Grid ကနေ ဆက်သွယ်ပေးနိုင်တဲ့ အခြေအနေ မရှိပါ။

အဲဒါကြောင့်မို့လို့လည်း ကျွန်တော်တို့ဟာ Water Falls တွေ အများကြီးကို ကျွန်တော်တို့ က တင်ပြအဆိုပြုခဲ့ပါတယ်။ စိုင်ဒင်တို့၊ ဒီဘက်က လေးမြို့တို့၊ တခြား အမ်းချောင်းတို့၊ သူဌေးတို့ ကျွန်တော်တို့ဘက်က အဆိုပြုခဲ့တာ ရှိပါတယ်။ ပြီးခဲ့တဲ့ အစိုးရကလည်း ဆောင်ရွက်ပေးခဲ့တာကို ဝမ်းပန်းတသာ ကြိုဆိုပါတယ်။ ဒါပေမဲ့ ဒီ Infrastructure ပိုင်းကို ပြန်ကြည့်တဲ့အခါ Off Shore မှာ ကျွန်တော်တို့ရဲ့ A-1 တို့ ဘာတို့မှာ Shwe Gas က ထွက်လာတဲ့အခါမှာ ရခိုင်ပြည်သူလူထုက ဒီ ရခိုင်တွေရဲ့ ကမ်းလွန်မှာထွက်တဲ့ သယံဇာတကို မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှု အသုံးပြုစေချင်တဲ့ ဆန္ဒဖော်ထုတ်မှုတွေဟာ အခုတစ်လော တော်တော်လေးကို သွက်သွက်ညံ့လာပါတယ်။ အဲဒီအခါမှာ ပြည်ထောင်စုက ဒီလူထုသဘောပေါက်အောင် ဘယ်လောက်အထိ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို

ပေးမလဲဆိုတဲ့ နိုင်ငံရေးအားဖြင့် ပေါ်လစီဟာ လိုအပ်လာပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ရဲ့ ဒီကျောက်ဖြူဒေသ၊ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်မှုကို မျှဝေပေးနိုင်တဲ့ ခုနက National Gas ရဲ့ Percentage တချို့ကို ခုနက Gas Turbine သုံးခြင်းအားဖြင့်လည်းကောင်း၊ ရန်ကုန်ကဲ့သို့သော (၃၅)ကျပ်နှုန်းနဲ့ တစ်ယူနစ်နှုန်းနဲ့ လူထုကိုပေးခြင်း၊ စက်မှုဇုန်ကိုကျတော့ ကာလပေါက်ဈေး၊ နိုင်ငံတကာဈေးနဲ့ လျော်ညီတဲ့နှုန်းကို ယူခြင်းအားဖြင့် လူထုသုံးတဲ့ ခုနက Ultralize လုပ်တဲ့နှုန်းနဲ့ စက်မှုဇုန်၊ စက်မှုထွက်ပစ္စည်းကို သုံးတဲ့နှုန်းကို မတူအောင်ခွဲခြားပြီးကာမှ ဒီလုပ်ငန်းကို လုပ်ပေးမယ်ဆိုရင် Infrastructure ပိုင်းမှာ လူထုရဲ့ နှစ်သိမ့်မှုကိုရမှာလည်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီအချက်လေးကို ပြန်ကြည့်တဲ့အခါ ကျေးရွာတစ်ခု ဖွံ့ဖြိုးဖို့အတွက် နံပါတ်(၁) သူ့ရဲ့ လူမှုစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက်မယ့် ကုန်သွယ်မယ့်၊ အလုပ်လုပ်မယ့် ၀န်းကျင်တစ်ခု လိုအပ်ပါတယ်။ အဲဒါကို မဖန်တီးနိုင်ခဲ့တာဟာ ကျွန်တော်တို့ဒေသ၊ မြို့ပြရဲ့ခုနလိုကျဆုံးမှုရဲ့ နံပါတ်(၁)အချက်ပါ။ နံပါတ်(၂)က Infrastructure ပိုင်း၊ ကျွန်တော်ခုနက တင်ပြတဲ့ ကုန်သွယ်လမ်း၊ ခုနက ပစ္စည်းသွယ်လမ်း၊ Export လုပ်တဲ့လမ်းကြောင်း ဖြစ်တဲ့ ခုနက ပြည်မကို ဖောက်တဲ့လမ်းကြောင်းဟာ ခုမှ လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှ ပြီးခဲ့တဲ့ န.ယ.က၊ န.၀.တ လက်ထက်မှ စဖောက်နိုင်ခဲ့ပါတယ်။ အဲဒါမှာလည်းပဲ ပြည်နယ်အစိုးရ အဆင့်ဆင့်၊ ဒေသအစိုးရအဖွဲ့ အဆင့်ဆင့်ရဲ့ လုပ်ပိုင်ခွင့်ဟာ နိုင်ငံရပ်အတွင်း မရှိခဲ့ပါဘူး။ မ.ဆ.လ ခေတ်မှာလည်း မရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့ခေတ်မှာလည်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဒီခေတ်မှာ ရဲရဲကြီးပြန်မြင်လာတဲ့အခါမှာ ကျွန်တော်တို့က ၀မ်းသာတယ်၊ ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်အပြည့်အ၀နဲ့သာ အရည်အချင်း ပြည့်ပြည့်၀၀ ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်နိုင်မှု ရှိပါတယ်။ အဲဒီအခါမှာ ဗဟိုအစိုးရရဲ့ ပုံပိုးမှု၊ လက်ရှိ Municipality မှာ သုံးနေတဲ့ မြို့နယ်ကရတဲ့ ပိုက်ဆံကို မြို့နယ်မှာ သုံးမယ်ဆိုတဲ့ အတိုင်းအတာဟာ အင်မတန်ကိုမှ ဒါ စဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။ ခုနက ဗဟိုဘဏ်ရဲ့ လုပ်ပိုင်ခွင့်ကို ဖွင့်ပြီးကာမှ (၄)ရာခိုင်နှုန်းနဲ့ ခုနလို ချေးမယ် ဆိုတဲ့ ငွေကြေးစီးဆင်းမှုက အင်မတန်စိတ်၀င်စားဖို့ ကောင်းပါတယ်။ အဲဒါကြောင့် လွတ်လပ်တဲ့ ပြည်သူ ပါ၀င်တဲ့၊ အများယုံကြည်တဲ့၊ ခုနက မြို့ပြစည်ပင်အုပ်ချုပ်မှုကို ကြီးကြပ်နိုင်တဲ့ အဖွဲ့တစ်ခုဟာ လိုအပ်လာပါပြီ။ ပြီးခဲ့တဲ့ခေတ်ကို ပြန်ကြည့်တဲ့အခါမှာ ခုနက တာ၀န်ပေးလို့ လာခဲ့တဲ့ အရာရှိကြီးတွေ ရှိပါတယ်။ အခွန်ကောက်တယ်။ နည်းမျိုးစုံနဲ့ ကောက်ပြီးခါမှ မြို့ပြတည်ဆောက်မှုနဲ့ ပတ်သက်လို့ ကြိုက်သလို လုပ်သွားတယ်။ ဒါပေမဲ့ ဒီဟာနဲ့ပတ်သက်လို့ လူထုပါ၀င်မှု မရှိတဲ့အခါမှာ လုပ်ကား လုပ်၏ သို့သော် ခုနကလို လူထုရဲ့ ကျေးဇူးတင်ခြင်းကို မခံရဘဲနဲ့ ခုနကလို အခြေအနေ အကြောင်းကြောင်းတွေကြောင့် မြို့ပြတစ်ခု ရဲ့စည်ပင်မှုကို ကြည့်တဲ့အခါမှာ လူထုက တိုင်းတာပါတယ်။ ဘာလုပ်သလဲ ခုနက မြို့ပြက ဖွံ့ဖြိုးဖို့အတွက် စီးပွားရေးလုပ်ငန်း ရှိသလား။ ကုန်သွယ်မှု လုပ်ငန်းဖွံ့ဖြိုးအောင် ဘာလုပ်သလဲ။ ဆိပ်ကမ်းဖွံ့ဖြိုးသလား။ လမ်းဖွံ့ဖြိုးသလား။ မီးကောင်းသလား။ ရေသန့် ရသလား။ ရေသန့် လူထု သန့်သန့်ရှင်းရှင်း သောက်သုံးနိုင်အောင် ဘယ်လို Reservational ကို တည်ထောင်သလဲ။ ဒီရေသန့် ရှိတဲ့နေရာကနေ မြို့လူထုကို ပေးနိုင်အောင် ဘယ်လိုစီစဉ်ထားသလဲ။ မိလ္လာနှင့် ရေနုတ်မြောင်းစနစ် ကောင်းရဲ့လား။ ကျောင်းကျန်းမာရေး ဒါတွေ အကုန်လုံးဟာ မြို့ပြစည်ပင်သာယာရေးအတွက် အင်မတန် အရေးကြီးပါတယ်။ ဒါပေမဲ့ ဒါကို ပြန်ကြည့်တဲ့အခါမှာ တော်တော်လေးကို ချို့တဲ့တာ တွေ့ပါတယ်။ အဲဒီကြားထဲမှာ ၂၀၁၂ လောက်မှာ ဇွန်မှာ ရခိုင်နဲ့ ဘင်္ဂါလီပဋိပက္ခ ဖြစ်တဲ့အခါမှာ ကျွန်တော်တို့စစ်တွေရဲ့ ဖွံ့ဖြိုးမှုဟာ zero ကို ရောက်သွားပါတယ်။

ဆိုတော့ ဒီဥစ္စာတွေဟာ ပြန်နိုးထဖို့အတွက် ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေ ဘာဖြစ်နေသလဲ ဆိုတာကို အမှန်သုံးသပ်ဖို့ လိုပါတယ်။ ပြည်ထောင်စု စည်ပင်သာယာရေးဝန်ကြီးဌာနဟာ အခုလောက် ဆိုရင် စစ်တွေမြို့ရဲ့ အခြေအနေအားလုံးကို သုံးသပ်ပြီးပြီလို့ ကျွန်တော် ယူဆပါတယ်။

အဲဒါကြောင့်လည်း ဒုတိယဝန်ကြီး ရှင်းပြမယ့် အထဲမှာတော့ဖြင့် ပြည်နယ်ဝန်ကြီးချုပ်ရုံး ကပေးပို့တဲ့စာကို ဖတ်ပြရုံပဲ ကျွန်တော်ယူဆပါတယ်။ ဆိုတဲ့အခါကျတော့ လက်ရှိအခြေအနေကို ကျွန်တော်နည်းနည်းတင်ပြချင်ပါတယ်။ (၁) ရခိုင်ပြည်နယ် စစ်တွေမြို့ကို ခုနကလိုပင်လယ်ကမ်းစပ် (၁၅)ပေအထက်မှာ ရှိတဲ့အခါမှာ ချောင်းကြီး(၃)ခုက စီးဆင်းပါတယ်။ စီးဝင်ပါတယ်။ ဒီဘက်က ကုန်သွယ်ချောင်းဖြစ်တဲ့ ဆတ်ရိုးကျချောင်းဟာ အဓိက ကမ်းရိုးတန်းကိုသွားတဲ့ သင်္ဘောတွေ၊ စက်လှေတွေ ဝင်ထွက်သွားလာပြီးကာမှ ဒီဘက်မှာ ရေခဲစက်တို့၊ ဆန်စက်တို့ ရှိတဲ့အခါမှာ တကယ့် ကုန်သွယ်ချောင်းကြီး ဖြစ်ပါတယ်။ အဲဒီချောင်းကနေပြီးတော့ ချောင်းသွယ်လေးတွေဟာ ဒီဘက်က အုန်းတစ်ပင်တို့၊ ကျွန်တော်တို့ ဟိုတုန်းကတော့ နာဇီလို့ ခေါ်ပါတယ်။ စက်ရုံစုရပ်ကွက်တို့ စသည်ဖြင့် ရပ်ကွက်လေးတွေကို ချောင်းသွယ်လေးတွေက စီးဝင်ပါတယ်။ အဲသလိုပဲ ခလယ်လောက်မှာ ဆတ်ရိုးကျချောင်းဆိုတာ ရှိပါတယ်။ တော်တော်လေးကြီးပါတယ်။ သူက တစ်ခါ မြို့ရဲ့တစ်ဝက် လောက်ကို လွှမ်းမိုးနေပါတယ်။ ပထမဝင်တဲ့နေရာမှာ ဥပမာဆိုပါစို့ - ကျွန်တော်တို့ ပါဒလိတ်ချိတ် ရှိမယ်။ ပြီးရင် ရှုပတောင်၊ ရှုပမြောက်၊ ဘောက်သီးစု စသည်ဖြင့် လမ်းသစ် စသည်ဖြင့် ဖြတ်သွား ပါတယ်။ ပြီးလို့ရှိရင် ဟိုးဘက်က တောင်ပိုင်းအစွန်ဆုံးမှာ သဗ္ဗာန်ချောင်း ဆိုတာ ရှိပါတယ်။ သူက တစ်ခါစီးဝင်တဲ့အခါမှာ ဒီဘက်က ပြည်တော်သာတို့၊ ဘောလုံးကွင်းတို့ ဆိုတဲ့ ရပ်ကွက်တွေကို စီးဝင် ပါတယ်။ ဆိုတော့ ဒီချောင်းတွေဟာ ဒီရေတက်တဲ့အချိန်မှာ ကုလားတန်မြစ်ကရေတွေ အကုန်လုံးဟာ မြို့ထဲကို စီးဝင်ပါတယ်။ တကယ်လို့များ ဒီရေတက်တဲ့ကာလလေးနှင့် မိုးရွာတဲ့ကာလ တိုက်ဆိုင် ခဲ့မယ်ဆိုရင် တစ်မြို့လုံး ဒီရေလွှမ်းပြီးကာမှ ဆားငန်ရေ ဖုံးလွှမ်းသွားတာကို အမြဲတမ်းကြုံရပါတယ်။

အထူးသဖြင့် မြေနိမ့်ပိုင်းမှာရှိတဲ့ ရွှေပြားရပ်ကွက် အ.ထ.က(၃)ရဲ့ရှေ့မှာ ရွှေပြားဈေး ဆိုတာ ရှိပါတယ်။ ဒီဘက်က ဆင်ကူးလမ်းနဲ့ ဒီဘက်က လမ်းမကြီးကို ဆက်သွယ်ပေးတဲ့ ပေ(၁၀၀၀)လောက် ရှိတဲ့ လမ်းဆိုရင် ဒီဘက်မှာ အ.ထ.က(၃)ကို တက်တဲ့ ကျောင်းဆရာ/ဆရာမတွေ၊ ကျောင်းသူတွေ ရှိပါတယ်။ ဒီဘက်မှာ ဆရာတော်၊ သံဃာတော်တွေ ဆွမ်းခံကြွတာ ရှိပါတယ်။ နောက်ဈေးသွား၊ ဈေးလာတွေ ရှိပါတယ်။ ဒီမှာ အမြဲတမ်း ရေနစ်ပြီးကာမှ ဒီလို ဆားငန်ရေ လွှမ်းမိုးနေတဲ့အခါမှာ ဒါကြီးကို ကျွန်တော်တို့ရဲ့ မြို့ပြစည်ပင်သာယာမှုကို လုပ်နေတဲ့ မြို့နယ်စည်ပင်သာယာဟာ ဘာလုပ်နေသလဲ။ ပြည်နယ်စည်ပင်ကလည်း ရှိတယ်။ ဗဟို ပြည်ထောင်စုအစိုးရရဲ့ကိုယ်စား အုပ်ချုပ် နေတဲ့ ပြည်နယ် အစိုးရလည်း ရှိတယ်။ ဘာတွေလုပ်နေသလဲဆိုတာ ကျွန်တော်တို့ ပြန်လှန်သုံးသပ်တဲ့ အခါမှာ ဒီနေ့ထိ ကျွန်တော်တို့ မတွေ့ရသေးပါဘူး။ ဒါပေမယ်လို့ အနာဂတ် စီမံကိန်းကတော့ ရှိနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ ဒီချောင်းတွေကို ဆတ်ရိုးကျချောင်းရဲ့ အဝမှာရှိတဲ့ ဒီချောင်းသွယ်ရဲ့ ထိပ်မှာ ရေငန်တားတဲ့ တာတမံတွေ၊ တာတမံထက် ရေတံခါးကြီးတွေ၊ တံခါးလတ်တွေ တည်ဆောက်ပေးပြီးကာမှ ဒီရေအဝင်မှာ ပိတ်ထားနိုင်လိမ့်မယ်ဆိုရင် ဒီဘက်က သဗ္ဗာန်ချောင်းရဲ့အဝ၊ ဒီဘက်က ဆတ်ရိုးကျချောင်းရဲ့ခုနက ချောင်းသွယ်လေးတွေ ဒီဘက်က ကျွန်တော်တို့ ဘီလူးမ ချောင်းရဲ့ အဝလောက်မှာ ပိတ်ထားနိုင်ခဲ့မယ်ဆိုရင် ဒီရေကို ကျွန်တော်တို့ တားဆီးနိုင်မှာဖြစ်သလို

မိုးတွင်း ရေလျှံလာပြီးကာမှ တစ်မြို့လုံးက စီးဆင်းလာတဲ့ရေတွေကို ပြန်လည် စီးဆင်းနိုင်ဖို့အတွက် ဒီချောင်းတွေကို ပြန်လှန်တူးမယ်။ ချောင်းရဲ့ ဝဲ/ယာ တွေမှာ ခုနကလို ကျောက်သားတွေနဲ့ နံရံတွေ သေချာဖို့ပြီးကာမှ၊ သာယာသပ်ရပ်ပြီးကာမှ ခုနကလို Drainage ချောင်းတစ်ခုအဖြစ် ဖန်တီးပေး နိုင်မယ်ဆိုရင် ဒီမြို့ရဲ့ Drainage က တော်တော်လေး ကောင်းသွား မှာပါ။ ရေလွှမ်းခြင်းဒဏ်ကိုလည်း ကာကွယ်နိုင်မှာဖြစ်သလို အညစ်အကြေးထုတ်တဲ့ တကယ် ချောင်းလည်း အပန်းဖြေ၊ မြို့လယ် အပန်းဖြေ ချောင်းကြီးတစ်ခုအဖြစ် ပုံဖော်ပြီးကာမှ ပင်လယ်ကမ်းစပ် ကျွန်တော်တို့ရဲ့ ပင်လယ်ရေ မျက်နှာပြင်အထက် (၁၅)ပေလောက်မှာရှိတဲ့ မြို့တစ်ခုရဲ့လက်ရှိ အခြေအနေကို ထိန်းသိမ်း၊ ထိန်းညှိ ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ တင်ပြတဲ့ အဆိုပြုချက်ပါ။

အဲဒါလေးတွေကို ကျွန်တော် ခြုံငုံသုံးသပ်ပြီးကာမှ ပြည်ထောင်စုဒုတိယဝန်ကြီးကိုယ်စား သမ္မတရုံးကလာတဲ့ ဒုတိယဝန်ကြီးကို ကျွန်တော်မေးခွန်းလေး (၄)၊ (၅)ခုလောက် ကျွန်တော် တင်ပြ ချင်ပါတယ်။ (၁)ကတော့ဖြင့် ခုနက ပြည်သူလူထု ပါဝင်ပူးပေါင်းဆောင်ရွက်တဲ့ ဟိုးခေတ်က မြူနီစပယ်အမတ်လိုမျိုးနဲ့ ကျွန်တော်တို့က ဖွဲ့စည်းပြီး စည်ပင်သာယာလုပ်ငန်းကို ကြီးကြပ်ဖို့အတွက် ပြည်နယ်လွှတ်တော်မှာ တင်ပြပြီးခါမှ အတည်ပြုထားပြီးသား ဥပဒေတစ်ခု ရှိခဲ့ဖူးပါတယ်။ အဲဒီ ဥပဒေအရ ဒါလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုးကားပြီးခါမှ ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်၊ ပြည်နယ် လွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်အရ အတည်ပြုပြီးသား ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ် စည်ပင် သာယာရေးဥပဒေတစ်ခု ရှိပါတယ်။ အဲဒီဥပဒေဟာ ဒီနေ့အထိ အသက်ဝင်ခြင်း မရှိဘဲနဲ့ သမ္မတရုံးက ပေးပို့တဲ့စာအရ ခုနက ပြည်သူလူထုရဲ့ ပါဝင်ပူးပေါင်းမှုကို လျှော့ပြီးခါမှ ခုနက ဗျူရိုကရက်အစိုးရ ဝန်ထမ်းတို့ရဲ့ ကြီးကြပ်မှုနဲ့ အပြန်အလှန်လုပ်ထားတော့မယ့် သဘောမျိုးဖြစ်နေတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ မကိုက်ညီတဲ့ အသုံးအနှုန်းလေးတွေကို ကျွန်တော်တို့ ပြည်နယ်လွှတ်တော်မှာ ကြားနေ ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းပေးဖို့ တင်ပြချင်ပါတယ်။ ပြည်သူလူထု ပါဝင်ပူးပေါင်းတဲ့ ခုနက စည်ပင်သာယာ လုပ်ငန်းတွေ ပိုမိုရှိလာမှပဲ ခုနလို စည်ပင်သာယာရဲ့ ဒီနေ့အထိ ကြုံတွေ့ခဲ့ရတဲ့ လူ့ထုရဲ့ မယုံကြည်မှု၊ ဝင်ငွေနဲ့ထွက်ငွေ အထူးသဖြင့် မြို့ရွာစည်ပင်သာယာရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းလုပ်တဲ့အခါမှာ ခုနက အင်ဂျင်နီယာပိုင်းဆိုင်ရာ အားနည်းချက်၊ အထူးသဖြင့် မြို့ပြရဲ့ စည်ပင် သာယာရေးလုပ်ငန်းကိုကြည့်တဲ့အခါမှာ ကျွန်တော်တို့က လမ်းရယ်၊ သူ့ရဲ့လမ်းဘေးဝဲ၊ ယာမှာရှိတဲ့ ပလက်ဖောင်းရယ်၊ အဲဒီကြားမှာရှိတဲ့ ရေနုတ်မြောင်းရယ်၊ ရေစီးရေလာ ကောင်းဖို့ရယ်၊ ရေသန့် ပေးသွင်းနိုင်တဲ့ ပိုက် System ရယ်၊ အညစ်အကြေးထုတ် သိမ်းတဲ့စနစ်ရယ် ဒါတွေကို ကျွန်တော်တို့ ပြန်သုံးသပ်ပါတယ်။ အဲဒီနေရာမှာ အားနည်းချက်တွေ အများကြီးရှိတာကို တွေ့ရပါတယ်။ အဲဒီ တစ်ခုကို ရှင်းလင်းပေးဖို့ နံပါတ်(၁)အနေနဲ့ ကျွန်တော် တင်ပြချင်တယ်။

ဒုတိယအချက်က ခုနက ကျွန်တော် တင်ပြခဲ့တဲ့ ဒီရေမြင့်တဲ့ ကာလလေးမှာ၊ ဒီရေတက်တဲ့ ကာလလေးမှာ ဒီချောင်းတွေကတစ်ဆင့် စစ်တွေမြို့ကြီးကို ရေမလွှမ်းနိုင်အောင်၊ မိုးများတဲ့ကာလမှာ ခုနကလို Drainage က ပိုကောင်းအောင် နံပါတ်(၂)မေးခွန်းကတော့ဖြင့် ဒီ ရေဝင်ကို တားနိုင်တဲ့ ရေတံခါးကြီး၊ တံခါးလတ်တွေ ဒီချောင်းအဝတွေမှာ တည်ဆောက်ပေးနိုင်မလားဆိုတဲ့ မေးခွန်းပါ။ တတိယတစ်ခု ကတော့ ခုနက ချောင်းတွေကို စက်ယန္တရားကြီးတွေနဲ့ တူးပြီးခါမှ တကယ့်မြို့လယ် ခုနက အညစ်အကြေးစွန့်တဲ့ ချောင်းကြီးတစ်ခုအဖြစ် ဖန်တီးပြီးကာမှ သာယာသန့်ရှင်းပြီး အပန်း

လာဖြေနိုင်တဲ့ မြို့လယ် သန့်ရှင်းတဲ့ချောင်းကြီးတစ်ခုအဖြစ် ပုံဖော်ပြီး လုပ်ပေးနိုင်မလားဆိုတဲ့ တစ်ချက်ပါ။ ပြီးလို့ရှိရင် ခုနက ကျွန်တော် တင်ပြခဲ့တဲ့အထဲမှာ ပါပါတယ်။ ရွှေပြားဈေးလမ်း ပေ(၁၀၀၀)လောက် ရှိပါတယ်။ ဆရာ/ဆရာမတွေ အခက်အခဲတွေ ရှိပါတယ်။ သံဃာတော်တွေ ဆွမ်းခံကြွတဲ့အခါမှာ အင်မတန် အခက်အခဲ ရှိပါတယ်။ အဲဒီကျောင်းကြီးရဲ့ရှေ့က ရွှေပြားဈေးလမ်းကြီး ကို အသစ်ပြန်လည်ပြုပြင် ပေးနိုင်မလားဆိုတာပါ။ နှစ်ပေါင်း(၂၀)ကျော်ပါပြီ ဒီအတိုင်းထားခဲ့တာ။ အဲဒီတစ်ချက်ရယ် နောက် မင်းဂံဆိုတဲ့ ရပ်ကွက်တစ်ခုရှိပါတယ်။ ၁၉၈၉ နောက်ပိုင်းမှာ ခုနက ဘီလူးမချောင်း ဘေးဝဲယာမှာရှိတဲ့ ခုနက ဂရန်မရှိတဲ့အိမ်တွေကို ပြောင်းပေးထားတဲ့ဟာပါ။ ဝန်ထမ်း တွေလည်း ရှိပါတယ်။ အဲဒီမှာ နှစ်ပေါင်း(၂၄)နှစ်လောက်ရှိပါပြီ။ ဒီအတိုင်းအကွက်ရိုက်ပြီးခါမှ ခုနက မင်းဂံရပ်ကွက် အဝင်လမ်း တစ်လမ်းကို JICA Project က ကတ္တရာလေးတစ်ခု ခင်းပေးရုံက လွဲပြီး မည်သည့် ခုနကလို ပြုပြင်မှုမှ မရှိဘဲ၊ ကျောက်ချောလမ်း မခင်းဘဲနဲ့ ဒီအတိုင်း ပစ်ထားခဲ့တာ နှစ်ပေါင်း(၂၄)နှစ်လောက် ရှိပါပြီ။ ဆိုတဲ့အခါကျတော့ ဒီဘက်က စစ်တွေနဲ့ အမ်းလမ်းကနေ ဝေသာလီရင်ပြင်က မိုးတွင်းမှာ ရေလျှံလာတဲ့ အခါမှာ အဲ့ဒီတစ်ခုလုံးဟာ ရေဝပ်တဲ့ရပ်ကွက်ကြီးတစ်ခု ဖြစ်သွားပါတယ်။

အဲဒါကြောင့်မို့လို့ မိုးတွင်းကာလမှာ ကလေးသူငယ်တွေ သွေးလွန်တုပ်ကွေး၊ ခုနက ငှက်ဖျားဒဏ်တွေကို နည်းမျိုးစုံနဲ့ ခံနိုင်ကြတဲ့ တကယ့်ရပ်ကွက်ကြီးပါ။ လူတန်းစားပေါင်းစုံ ရှိပါတယ်။ လူဦးရေငါးသောင်းကျော်လောက် ရှိပါတယ်။ အဲဒီတော့ ဒီရပ်ကွက်ကြီး ရေမလွှမ်းနိုင်အောင်၊ ရေစီးရေလာကောင်းအောင် စက်ယန္တရားကြီးတွေနဲ့တူးပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ။ နောက်တစ်ခုက စစ်တွေမြို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေနဲ့ စက်ရုံ SEZ တို့၊ ဘာတို့ မစဉ်းစားနိုင်သေးဘူး ဆိုရင် ကျွန်တော်တို့ရဲ့ အဓိက ဒီဗမာပြည်ဘက်ကလာတဲ့ ကုန်စည်တွေနဲ့ ခုနက တက္ကန္ဒားကို ကုန်သွယ်မှုတွေ ပေးနေတဲ့ ရွှေမင်းဂံဆိပ်ကမ်း ဆိုတာ ရှိပါတယ်။ အဲဒီ ရွှေမင်းဂံဆိပ်ကမ်း နဲ့ ခုနက ဒီဘက်က စစ်တွေ - အမ်းလမ်းကို ဆက်စပ်ပေးတဲ့လမ်းလေးတစ်ခု ရှိပါတယ်။ အဲဒီလမ်းလေးဟာ ခုဆိုရင် အခြေအနေ တော်တော် ဆိုးပြီးခါမှ ကုန်ကားကြီးတွေပုံမှန်မသွားလာနိုင်တဲ့အခြေအနေရှိပါတယ်။ အဲဒါကြောင့် အဲဒီလမ်းကို ကွန်ကရစ်လမ်းအဖြစ်ခင်းပေးနိုင်မယ်ဆိုရင် လက်ရှိတည်ရှိနေတဲ့ စစ်တွေမြို့ရဲ့ဈေးကွက် အခြေအနေဟာ အခြေအနေတစ်ခုအထိ ကျွန်တော်တို့ကောင်းမွန်လာမှာ ဖြစ်လို့ ပြည်သူပြည်သားတွေ ကလည်း ဝမ်းပန်းတသာကြိုဆိုကြမှာမို့ လို့ ခုနက ကျွန်တော်တင်ပြတဲ့ အချက်အလက်လေးတွေကို တကယ်လို့ ပြည်နယ်အစိုးရက ဆောင်ရွက်မယ့်အစီအစဉ်ရှိခဲ့ ရင်လည်းပဲ ဒီလွှတ်တော်ကတစ်ဆင့်၊ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူအကျိုးငှာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့မှ ဝံဖူးချောင်းအထိ လမ်းကျယ်ချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က ချင်းပြည်နယ်၊ မတူပီမြို့မှ ဝံဖူးချောင်းအထိ လမ်းကျယ်ချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မတူပီမြို့နယ်နဲ့ ရေဇွာမြို့နယ်အကြား လမ်းအကျယ် ချဲ့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ထုမြို့မှ မင်းတပ်-မတူပီ-ဟားခါး-ဖလမ်း-ငသိုင်းကြီး-တီးတိန်-ကလေးထိကို ပြည်ထောင်စုလမ်းမအဖြစ် ၁၉၇၄ ခုနှစ်က နိုင်ငံတော်က ကြေညာပြီး ဖြစ်ပါတယ်။ ကျောက်ထုကနေ မတူပီမြို့အထိဟာ ဆယ့်နှစ်ရာသီ သွားနိုင်သော ကတ္တရာလမ်း လုပ်ပြီးပါပြီ။ ကလေး-တီးတိန်-သိုင်းကြီး-ဖလမ်း-ဟားခါးမှာလည်း ဆယ့်နှစ်ရာသီသွားကားလမ်းများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သို့သော် ဟားခါးနှင့် မတူပီကြားမှာ ယနေ့တိုင်အောင် သုံးတန်ကား မသွားနိုင်ဘဲ ယနေ့တိုင်အောင် မဆောင်ရွက်ဘဲ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာရသလောက် မေးမြန်းတဲ့အခါမှာ ကားလမ်းပြင်ဆင်ရာမှာ ဘတ်ဂျက်လုပ်ငန်းများ မတူပီနဲ့ ဟားခါးကြားမှာ မပါဘူး။ သာမန်ပြင်ဆင်စရိတ်သာလျှင် ပါတယ်လို့ သိရှိရပါတယ်။ နောက်တစ်ခုက မြို့မှစတင်ပြီး တစ်နှစ်မှာ (၅)၊ (၆)မိုင်သာလျှင် ကားလမ်းများ၊ ကတ္တရာလမ်းများ ဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိတယ်လို့လည်း သိရတယ်။ ဟားခါးနဲ့ မတူပီဟာ မိုင်(၁၇၆)မိုင် ကွာဝေးပါတယ်။ အဲဒီမှာ အဲဒီနှုန်းထားနဲ့ တစ်နှစ်ကို (၆)မိုင်နဲ့ (၅)မိုင်နဲ့ ပြင်ဆင်မယ်ဆိုရင်၊ ကတ္တရာလမ်း ခင်းပေးမယ်ဆိုရင် အနှစ်(၂၀)၊ (၂၅)နှစ်လောက် ကြာမယ့်အချိန်ကာလ ဖြစ်ပါတယ်။ ဒါဆို ဒီကြားကာလမှာ ပြည်သူလူထုများဟာ ကုန်စည်သယ်ဆောင်နိုင်ရေး၊ တစ်မြို့နဲ့ တစ်မြို့၊ တစ်ရွာနဲ့တစ်ရွာ ကုန်စည်သယ်ဆောင်နိုင်ရေးအတွက် အလွန်အခက်အခဲ ရှိပါတယ်။ ချင်းပြည်နယ်ဟာ လေယာဉ်ကွင်းမရှိ၊ တခြားရထားလမ်း မရှိ၊ သင်္ဘောလမ်းလည်း မရှိလို့ ကုန်းတွင်းလမ်း ကားလမ်းကိုသာလျှင် အားကိုးရတဲ့ ဒေသဖြစ်တဲ့အတွက် ဒီ ဟားခါးနဲ့မတူပီ ကားလမ်းကို အထူး ဆယ့်နှစ်ရာသီသွား ကားလမ်းများ ပြင်ဆင်ပေးနိုင်ရန် ကျွန်တော် တင်ပြဆွေးနွေးရပါတယ်။ ဆယ့်နှစ်ရာသီ သွားကားလမ်းဆိုရာ၌ ကျောက်ချောလမ်းနဲ့ ကတ္တရာလမ်းများကို ဆောင်ရွက်ပါက နိုင်ငံတော်ဘတ်ဂျက် အလွန်ကုန်ကျမယ့်အပြင် အချိန်ကာလလည်း ကြန့်ကြာမှာ ဖြစ်တဲ့အတွက် ကျောက်ချောလမ်းနဲ့ ကတ္တရာလမ်းကို လတ်တလောမဆောင်ရွက်ဘဲ လိုအပ်တဲ့နေရာကို ကျောက်ချောလမ်းသို့မဟုတ် ကွန်ကရစ်လမ်းများ ခင်းပေးပြီး ဆယ့်နှစ်ရာသီ သွားနိုင်အောင် ဆောင်ရွက်ပေးပါရန်လည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးဌာနအား တင်ပြပါတယ်။

ရေဇွာနဲ့ မတူပီဟာ (၆၆)မိုင်သာဝေးတယ်။ သို့သော် အဲဒီ(၆၆)မိုင် ဝေးတဲ့နေရာဟာ ဆယ့်နှစ်ရာသီ ကားမသွားနိုင်သေးပါဘူး။ ၁၉၇၄ ခုနှစ်မှာ ဟားခါးနဲ့ မတူပီဟာ ဂျစ်ကားများ ပေါက်ရောက်နေပြီ ဖြစ်တယ်။ သို့သော် ယနေ့ နှစ်ပေါင်း(၄၀)ကြာကာလအထိ (၃)တန်ကား၊ ကုန်တင်ကား ယနေ့တိုင် မသွားနိုင်ဘဲ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီ ရေဇွာနဲ့မတူပီကားလမ်းကို (၃)တန်ကား သွားနိုင်တဲ့အဆင့်ထိ ကားလမ်းချဲ့ပေးပါရန် မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဝံဖူးချောင်းမှ ဟု ဖော်ပြရာ၌ မတူပီနဲ့ရေဇွာသည် (၆၆)မိုင်ဝေး၍ ဝံဖူးချောင်းမှ လမ်းနယ်နိမိတ် ရေဇွာနဲ့မတူပီ လမ်းနယ်နိမိတ် သတ်မှတ်တဲ့နေရာ ဖြစ်တဲ့အတွက် ဝံဖူးချောင်းမှ ရွာထိပ်အထိကို ဒီနှစ်အတွင်းလမ်း

ပြင်ဆင်ပေးမယ်လို့ လေ့လာသိရှိရပါတယ်။ ဝံဖူးချောင်းမှ မတူပီဘက်ကို လမ်းပြင်ဆင်စရာ မရှိသေးကြောင်း သိရှိရတဲ့အတွက် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မတူပီမြို့မှ ဝံဖူးချောင်းအထိ လမ်းအကျယ်ချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လမ်းအကျယ် ချဲ့ပေးပါက မည်သည့်အချိန်ကာလတွင် ချဲ့ပေးနိုင်မည်နည်း ဟု မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂း၁၃။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် မေးမြန်းခဲ့တဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ဇင်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ သနပ်ပင်မြို့နယ်ကို သွားတဲ့ ကားလမ်းဘေးယာဘက်မှာ ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာမှာ ဆီဆိုင်(၄)ဆိုင် တည်ရှိပြီးတော့ ဝင်းစတားဆီဆိုင်ဟာ ကွင်းအမှတ်(၆၄၁)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ(၀.၁၃)ဧကရှိတဲ့ လယ်မြေကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၃-၁၀-၁၉၉၇ ရက်စွဲပါစာအမှတ်၊ ၅/၁၂-၆/ဦး-၆ အရ သစ်ခွဲစက်မြေအဖြစ် လ/န-၃၉ ခွင့်ပြုပြီးမြေပေါ်မှာ စက်သုံးဆီအရောင်းဆိုင်ဖွင့် လှစ်ရောင်းချလျက်ရှိပါကြောင်း၊ သိကြားမင်းဆီဆိုင်ဟာလည်း ကွင်းအမှတ်(၆၃၉)၊ ဦးပိုင်အမှတ်(၁/၅)၊ ဧရိယာ(၀.၀၇)ဧကမှာရှိတဲ့ လယ်မြေကို လယ်ဝန်ရုံး သတ်မှတ်ပေးမှု အမှုတွဲအမှတ်၊ ၄၂၉/၁၁(ပဲခူး)၁၉၅၆-၅၇ အရဆန်စက်မြေအဖြစ် ခွင့်ပြုမိန့်ရရှိပြီး မြေပေါ်မှာ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိပါကြောင်း၊ ချွန်တောင်းဆီဆိုင်ဟာဆိုရင် ကွင်းအမှတ်(၆၃၉)၊ ဦးပိုင်အမှတ်(၁/၂)၊ ဧရိယာ(၀.၂၇)ဧကရှိတဲ့ လယ်မြေကို လယ်ဝန်ရုံး သတ်မှတ်ပေးမှု အမှုတွဲအမှတ်၊ ၄၂၉/၁၁(ပဲခူး)/၁၉၅၆-၅၇ အရ ဆန်စက်မြေအဖြစ် ခွင့်ပြုမိန့်ရရှိပြီး မြေပေါ်မှာ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း၊ နိုင်ဆီဆိုင် ဟာလည်း ကွင်းအမှတ်(၆၃၉)၊ ဦးပိုင်အမှတ်(၁/၄)၊ ဧရိယာ(၀.၅၄) ဧကရှိတဲ့ လယ်မြေကို လယ်ဝန်ရုံး သတ်မှတ်ပေးမှု အမှုတွဲအမှတ်၊ ၄၂၉/၁၁(ပဲခူး)/၁၉၅၆-၅၇ အရ ဆန်စက်မြေအဖြစ် ခွင့်ပြုမိန့် ရရှိပြီး မြေပေါ်မှာ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဇင်းအပြင် ပဲခူးမြို့နယ်အပိုင်မှာရှိတဲ့ သနပ်ပင်ကိုသွားတဲ့ ကားလမ်းဘေးယာဘက်မှာ ကမာနတ်ကျေးရွာရှိ လယ်မြေများမှာ ဦးစိုးလင်း ပါ (၃)ဦးမှ ကွင်းအမှတ်(၆၃၉)၊ ဦးပိုင်အမှတ် (၃/၂၊ ၄/၂၊ ၁၈/၁) တွင် ဧရိယာ(၁၂.၃၉) ဧကကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၁-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊

၄/၆-၄၁/ဦး-၆ အရ လ/န-၃၉ ရရှိပြီးတော့၊ မြေပေါ်မှာ ခြံစည်းရိုး ကာရံပြီးတော့ အဆောက်အဦ ဆောက်လုပ် အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ ကားလမ်းဘေးယာဘက်မှာ ရှိတဲ့ ကမာနတ်ကျေးရွာမှာ ဦးတင်ဟန် ကနေပြီးတော့ ကွင်းအမှတ် (၆၄၂)၊ ဦးပိုင်အမှတ်(၅/၁၊ ၅/၃) ဧရိယာ(၃.၀၃)ဧကေရှိတဲ့ လယ်မြေကို ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၁၄-၃-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၄/၆-၄၁/ဦး-၆ အရ လ/န-၃၉ မြေရရှိပြီးတော့ မြေပေါ်မှာ ခြံစည်းရိုး ကာရံပြီးတော့ အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကားလမ်းဘေးဝဲ ဘက်ကပ်လျက် ကမာနတ်ကျေးရွာမှာ ဦးမောင်ဝင်း ကနေပြီးတော့ ကွင်းအမှတ်(၆၄၂)၊ ဦးပိုင်အမှတ်(၅/၄၊ ၅/၆)၊ ဧရိယာ(၂.၄၉)ဧကရှိတဲ့ လယ်မြေကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၁-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၄/၆-၄၁/ဦး-၆ အရ လ/န-၃၉ ရရှိပြီး မြေပေါ်မှာ ခြံစည်းရိုးကာရံပြီးတော့ အဆောက်အဦ ဆောက်လုပ်အသုံးပြု လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကားလမ်းဘေးဝဲဘက်မှာရှိတဲ့ ဦးမျိုးကျော်အောင် ပါ(၂)ဦး ဟာလည်း ကမာနတ်ကျေးရွာ ကွင်းအမှတ်(၄၆၂)၊ ဦးပိုင်အမှတ်(၂၊ ၃/၃)၊ ဧရိယာ(၅.၅၃)ဧကရှိတဲ့ လယ်မြေကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၇-၃-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃/၆-၄၁/ဦး-၆ အရ၊ လ/န-၃၉ ရရှိပြီး မြေပေါ်မှာ ခြံစည်းရိုးကာရံပြီးတော့ အဆောက်အဦဆောက်လုပ် အသုံးပြုလျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့အပြင် ကားလမ်းဘေးဝဲဘက်မှာရှိတဲ့ ဦးမြင့်ဇော် မှလည်း ကမာနတ်ကျေးရွာ ကွင်းအမှတ်(၄၆၂)၊ ဦးပိုင်အမှတ်(၁/၃) ဧရိယာ(၁.၉၇)ဧကရှိတဲ့ လယ်မြေကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၄-၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၄/၆-၄၁/ဦး-၆ အရ လ/န-၃၉ ရရှိပြီးတော့ မြေပေါ်မှာ ခြံစည်းရိုး ကာရံပြီးတော့ အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက် ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကားလမ်းဘေးဝဲဘက်မှာရှိတဲ့ ဦးအောင်နိုင် မှလည်း ကမာနတ်ကျေးရွာ ကွင်းအမှတ်(၄၆၂)၊ ဦးပိုင်အမှတ်(၁/၂)၊ ဧရိယာ(၂.၀၁) ဧကရှိ လယ်မြေကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၄-၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၄/၆-၄၁/ဦး-၆ အရ လ/န-၃၉ ရရှိပြီး မြေပေါ်မှာ ခြံစည်းရိုးကာရံ အသုံးပြုလျက်ရှိပါ ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ ကားလမ်းဘေးဝဲဘက်မှာရှိတဲ့ ကမာနတ်ကျေးရွာ ဒေါ်ခင်ခင်မူ မှလည်း ကွင်းအမှတ်(၄၆၂)၊ ဦးပိုင်အမှတ်(၁/၄)၊ ဧရိယာ(၃.၆၄)ဧကကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၇-၆-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၄/၆-၄၁/ဦး-၆ အရ လ/န-၃၉ လျှောက်ထားရန် မြေပုံရေးကူးခွင့် ရရှိပြီးတော့ တရားဝင် လ/န-၃၉ ခွင့်ပြုမိန့် မရရှိသေးသော မြေပေါ်မှာ ခြံစည်းရိုးကာရံ အသုံးပြုလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပဲခူးမြို့နယ် အတွင်းမှာ ရှိတဲ့ ကားလမ်းဘေးဝဲယာမှာ ယခင်အစိုးရလက်ထက်က တရားဝင် လ/န-၃၉ ခွင့်ပြုမိန့် ရရှိပြီး စက်သုံးဆီအရောင်းဆိုင်(၄)ဆိုင်နှင့် အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက်ရှိသော မြေ(၆)ဦး ရှိပါတယ်။ တရားဝင်ခွင့်ပြုမိန့် မရရှိသေးဘဲနဲ့ အဆောက်အဦဆောက်လုပ် အသုံးပြုလျက်ရှိတဲ့မြေ (၁)ဦး ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သနပ်ပင်မြို့နယ်အတွင်းမှာ သနပ်ပင်မြို့နယ်မှ ကဝမြို့နယ်ကိုသွားတဲ့ ကားလမ်းဘေး ယာဘက်မှာ ဦးခင်မောင်နိုင်၊ ဒေါ်မြင့်မြင့်ဝင်း မှ အောက်စုရပ်ကွက်၊ အကွက်အမှတ် ရပ်/၁၊

ဦးပိုင်(၁)၊ ဧရိယာ(၁.၀၂၅)ဧကရှိတဲ့ လယ်မြေကို ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၄-၃-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃/၆-၄၁/ဦး-၆ အရ လ/န-၃၉ ခွင့်ပြုမိန့်ရရှိပြီး မြို့မြေအမှုတွဲ အမှတ်၊ ၅၇/၅/၂၀၁၁-၂၀၁၂ အရ ဆန်စက်မြေအဖြစ် အနှစ်(၃၀) မြို့မြေအငှားဂရန် ရရှိပြီး မြေပေါ်မှာ ခြံစည်းရိုးကာရံပြီးတော့ အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက်ရှိကြောင်း စိစစ် တွေ့ရှိရပါသည်။

အဆိုပါ ကားလမ်းဘေးဝဲဘက်မှာ ဦးဆန်းဝင်း မှလည်း ဈေးပိုင်းရပ်ကွက်၊ ကွင်းအမှတ် (၈၅၉-က)၊ ဦးပိုင်(၃၀/၁)၊ ဧရိယာ(၃.၃)ဧကရှိ လယ်မြေအား အခြားနည်းအသုံးပြု ခွင့်ပြုမိန့် လျှောက်ထားရန်အတွက်ကို မြေပုံရေးကူးခွင့်သာရရှိပြီး တရားဝင် အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးသော မြေပေါ်မှာ ခြံစည်းရိုးကာရံပြီးတော့ အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ ကားလမ်းဘေးဝဲဘက်မှာ ဦးမျိုးဦး မှ ဈေးပိုင်းရပ်ကွက်၊ ကွင်းအမှတ်(၈၅၉-က)၊ ဦးပိုင်(၃၀/၃)၊ ဧရိယာ(၃.၁၇)ဧကရှိတဲ့ လယ်မြေကို အခြားနည်းအသုံးပြု ခွင့်ပြုမိန့် လျှောက်ထားရန် အတွက်ကို မြေပုံရေးကူးခွင့်သာရရှိပြီး တရားဝင် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးသော မြေပေါ်မှာ ခြံစည်းရိုးကာရံ၍ အဆောက်အဦဆောက်လုပ် အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိ ရပါသည်။

ထို့အပြင် အဆိုပါ ကားလမ်းဘေးဝဲဘက်တွင် ဦးမောင်မောင်နိုင် မှ ဈေးပိုင်းရပ်ကွက်၊ ကွင်းအမှတ်(၈၅၉-က)၊ ဦးပိုင်(၂၄)၊ ဧရိယာ(၂.၈၀)ဧကရှိ လယ်မြေအား အခြားနည်းအသုံးပြု ခွင့်ပြုမိန့် လျှောက်ထားရန်အတွက် မြေပုံရေးကူးခွင့်သာရရှိပြီး တရားဝင် အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးသော မြေပေါ်တွင် ခြံစည်းရိုးကာရံပြီးတော့ အဆောက်အဦဆောက်လုပ် အသုံးပြုလျက် ရှိပြီးတော့ သနပ်ပင်မြို့နယ်အတွင်းမှာရှိတဲ့ ကားလမ်းဘေး ဝဲ/ယာမှာ စက်သုံးဆီ အရောင်းဆိုင် မရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ သနပ်ပင်မြို့နယ်အတွင်းရှိ ကားလမ်းဘေးဝဲ/ယာမှာရှိတဲ့ ယခင် အစိုးရ လက်ထက်က လ/န-၃၉ ခွင့်ပြုမိန့်ရရှိပြီး ဆန်စက်မြေအဖြစ် အဆောက်အဦ ဆောက်လုပ်အသုံးပြု လျက်ရှိသောမြေ (၁)ဦးနှင့် တရားဝင်ခွင့်ပြုမိန့် မရရှိသေးသော၊ ခြံစည်းရိုးကာရံ၍ အဆောက်အဦ ဆောက်လုပ် အသုံးပြုလျက်ရှိသောမြေ (၃)ဦးရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကဝမြို့နယ်အတွင်းမှာ သနပ်ပင်မြို့နယ်မှ ကဝမြို့နယ်ကိုသွားတဲ့ ကားလမ်းဘေး ဝဲဘက် မှာ ပေါက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၁၉-ခ)၊ ဧရိယာ(၀.၂၁)ဧကရှိတဲ့ လယ်မြေကို လူနေ အိမ်များ ကျူးကျော်ဆောက်လုပ်ထားပြီးတော့ တရားဝင် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့် မရရှိ သေးသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ ကားလမ်းဘေးယာဘက်မှာ အုန်းနဲ့ကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၁၀၀၉)၊ ဦးပိုင်အမှတ်(၁၃/၂) ဧရိယာ(၅.၇၅)ဧကရှိတဲ့ လယ်မြေကို အောင်ဇေယျ ရွာသစ်အဖြစ် လူနေအိမ်များ ဆောက်လုပ်ထားပြီးတော့ တရားဝင်အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့ပြင် ကားလမ်းဘေးယာဘက်မှာရှိတဲ့ အုန်းနဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၀၉၊ ၁၀၀၉-ဃ)၊ ဦးပိုင်အမှတ်(၁၃/၁၊ ၁၅/၁၊ ၁၄၊ ၁၅/၂) ဧရိယာ(၇.၉၈)ဧကရှိတဲ့ လယ်မြေကို စက်မှုလယ်ယာမြေစခန်းအဖြစ် ဆောက်လုပ်ထားပြီးတော့ တရားဝင် အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့် မရရှိသောမြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၎င်းကားလမ်းဘေး ယာဘက်မှာရှိတဲ့ အုန်းနဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၀၉)၊ ဦးပိုင်အမှတ်(၁၃/၂)၊ ဧရိယာ(၀.၂၂)ဧကရှိတဲ့ လယ်မြေကို မင်းမင်း စက်သုံးဆီဆိုင်အဖြစ် ဆောက်လုပ်ထားပြီးတော့ တရားဝင် အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးသောမြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၎င်းကားလမ်းဘေးဝဲဘက်မှာ အုန်းနဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၀၉-ခ)၊ ဦးပိုင်အမှတ်(၅၊၁၄)၊ ဧရိယာ(၂.၆၇)ဧကရှိတဲ့ လယ်မြေကို သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်ရုံအဖြစ် ဆောက်လုပ်ထားပြီး တရားဝင် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးသောမြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကားလမ်းဘေးဝဲဘက်မှာရှိတဲ့ အုန်းနဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၀၉)၊ ဦးပိုင်အမှတ်(၂၈/၃)၊ ဧရိယာ(၅.၂၄)ဧကရှိတဲ့ လယ်မြေကို အုန်းနဲ့တိုက်နယ်ဆေးရုံအဖြစ် ဆောက်လုပ်ထားပြီးတော့ တရားဝင် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၎င်းကားလမ်းဘေးယာဘက်မှာ အုန်းနဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၀၉-ဃ)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၂.၅၉)ဧကရှိတဲ့ လယ်မြေကို အုန်းနဲ့ကျေးရွာ မူလတန်းကျောင်းအဖြစ် ဆောက်လုပ်ထားပြီးတော့ တရားဝင် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကားလမ်းဘေးယာဘက်မှာ အုန်းနဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၀၉- ၁၀၀၉-ခ)၊ ဦးပိုင်အမှတ်(၂၊ ၁၀)၊ ဧရိယာ(၀.၂၀)ဧကရှိတဲ့ လယ်မြေကို ကြက်ခြံအဖြစ် ဆောက်လုပ်ထားပြီးတော့ တရားဝင် အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကားလမ်းဘေးဝဲဘက်မှာရှိတဲ့ ဖွဲ့ဘားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၂၇)၊ ဧရိယာ(၀.၅၀)ဧကရှိတဲ့ လယ်မြေကို လူနေအိမ်အဖြစ် ဆောက်လုပ်ထားပြီး တရားဝင် အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကားလမ်းဘေးဝဲဘက်မှာ ကဝ (၁)ရပ်ကွက်၊ ကွင်းအမှတ်(၁၁၉၂-ခ)၊ ဦးပိုင်အမှတ်(၅၀/၃) ဧရိယာ(၂.၅၀) ဧကရှိတဲ့ လယ်မြေကို လျှပ်စစ်ဓာတ်အားခွဲရုံအဖြစ် ဆောက်လုပ်ထားပြီး တရားဝင် အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့် မရရှိသေးသောမြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကားလမ်းဘေးယာဘက်မှာ ရစ်ကန်ကြီး အလယ်ရွာကျေးရွာ၊ ကွင်းအမှတ်(၉၉၆-က)၊ ဧရိယာ(၂.၁၈)ဧကရှိတဲ့ လယ်မြေကို လူနေအိမ် (၇)လုံးနှင့် ကြက်ခြံ(၂)ခြံ ဆောက်လုပ်ထားပြီး တရားဝင် အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးသော မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် ကဝမြို့နယ်အတွင်းမှာ ကားလမ်းဘေးဝဲ/ယာမှာ ယခင်အစိုးရလက်ထက်က တရားဝင် လ/န-၃၉ ခွင့်ပြုမိန့်ရရှိပြီး အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက်ရှိသော မြေမရှိသော်လည်းပဲ တရားဝင်ခွင့်ပြုမိန့်မရရှိသေးသော ပေါက်ကုန်းကျေးရွာ၊ ဖွဲ့ဘားကျေးရွာ၊ အုန်းနဲ့ကျေးရွာ (အောင်ဇေယျရွာသစ်)နှင့် ရစ်ကန်ကြီး အလယ်ရွာတို့တွင် လူနေအိမ်အဖြစ်

အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက်ရှိသော မြေ(၈.၅၄)ဧက ရှိပါတယ်။ ထို့ပြင် စက်မှုလယ်ယာစခန်းမှ (၇.၉၈)ဧက၊ သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်ရုံမှ (၂.၆၇)ဧက၊ အုန်းနဲ့တိုက်နယ်ဆေးရုံမှ (၅.၂၄)ဧက၊ အုန်းနဲ့ အ.မ.က ကျောင်းမှ (၂.၅၉)ဧက၊ အုန်းနဲ့လျှပ်စစ်ဓာတ်အားခွဲရုံ (၂.၅၀)ဧကနှင့် အုန်းနဲ့ကျေးရွာမှာ ကြက်ခြံ(၀.၂၀)ဧက၊ ရစ်ကံကြီးအလယ်ရွာမှာ ကြက်ခြံ(၀.၁၃)ဧကတို့ ယနေ့ထိ အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အထက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး အဆိုပါ ကားလမ်းဘေးဝဲ/ယာမှာ ယခင် အစိုးရလက်ထက်က လ/န(၃၉) ခွင့်ပြုမိန့်ရရှိပြီး အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက်ရှိတဲ့ မြေများရှိပြီး၊ ခွင့်ပြုမိန့် မရရှိဘဲ ထိုအချိန်ကတည်းက ယနေ့အထိ အဆောက်အဦ ဆောက်လုပ်အသုံးပြုလျက်ရှိသော မြေများသာ ရှိပါတယ်။ ယခုအစိုးရလက်ထက်တွင် လယ်ယာမြေဥပဒေ (၇၈ မှ ၉၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးအတည်ပြုတဲ့ကိစ္စရပ် မရှိသေးပါ။ လက်ရှိအချိန်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစီမံချက်ကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ခွင့်ပြုမိန့်မရရှိသေးဘဲ လယ်ယာမြေ အခြားနည်းအသုံးပြုနေသူများအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ရရှိပြီးပါက အခြားနည်း အသုံးပြုခွင့် ဆက်လက်လျှောက်ထားရမည်ဖြစ်ပြီးတော့ ခွင့်ပြုမိန့် မရရှိသေးမီကာလအတွင်း လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များ လိုက်နာရန် ပျက်ကွက်လျှင် လယ်ယာမြေ ပုဒ်မ ၁၉ အရ ဝန်ကြီးဌာနကနေပြီးတော့ ဤကိစ္စအလို့ငှာ ခန့်အပ်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနှင့် ပတ်သက်ပြီး စစ်တွေမြို့ရဲ့ လက်ရှိ မြို့ပြတည်ဆောက်မှု၊ အုပ်ချုပ်စီမံခန့်ခွဲမှုနဲ့ မြို့ပြအထွေထွေဖွံ့ဖြိုးမှု တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စစ်တွေမြို့နယ်စည်ပင်သာယာရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၊ နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ မြို့နယ်စည်ပင်သာယာရေးကော်မတီအား မြို့မိမြို့ဖများမှ ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်မှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင်များအဖြစ် လူမှုရေး၊ စီးပွားရေးကိုယ်စားလှယ်တစ်ဦး၊ ကျွမ်းကျင်ပညာရှင်အခြေပြု ကိုယ်စားလှယ်တစ်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ အဖွဲ့ဝင်အဖြစ်ပါဝင်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိမှ အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားပါတယ်။

စစ်တွေမြို့နယ်စည်ပင်သာယာရေး ကော်မတီအနေနဲ့ အများပြည်သူယုံကြည်အားကိုးလာတဲ့ စည်ပင်သာယာရေးအဖွဲ့ ဖြစ်လာရေးအတွက်ကို စည်ပင်သာယာရေး ဝန်ထမ်းများမှ ပူးပေါင်းပြီးတော့ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်တွေမြို့လူထုအား သန့်ရှင်းတဲ့ သောက်သုံးရေ

ရရှိရေးအတွက်ကို စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကန်တော်ကြီး ရေပေးရေး၊ ကန်ပိုင်ချောင်း အမှတ်(၁)ရေပေးရေးနှင့် ကန်ပိုင်ချောင်းအမှတ်(၂)ရေပေးရေးတို့မှ နေ့စဉ် ရေဂါလံ(၁.၈၀)သန်း အား ပို့လွှတ်ဖြန့်ဝေပေးလျက် ရှိပါတယ်။

အဆိုပါ ရေလှောင်ကန်များအားလုံးရဲ့ ရေသိုလှောင်နိုင်မှု ပမာဏမှာ (၆၆၆)သန်းဖြစ်ပြီး တော့ ကန်တော်ကြီးရေလှောင်ကန်ဟာ (၄၈၉)သန်းနဲ့ ကန်ပိုင်ချောင်းရေလှောင်ကန် အမှတ်(၁)ဟာ (၉၀)သန်းနဲ့ ကန်ပိုင်ချောင်းရေလှောင်ကန် အမှတ်(၂)ဟာ ရေဂါလန်(၈၇)သန်း ဖြစ်ပါတယ်။ ထို့အပြင် အောက်တိုင်ရေလှောင်ကန်တွင်းမှာလည်း ရေဂါလံ(၂၂၀)သန်းအား အရေးပေါ် သောက်သုံးရေ ပြတ်လပ်မှု ရှိသည့်အခါများတွင် အရန်ရေအဖြစ် သုံးစွဲနိုင်ပါတယ်။ သို့သော်လည်းပဲ ပင်မ ရေအရင်းအမြစ် ဖြစ်တဲ့ ကန်တော်ကြီး ရေပေးဝေရေးလုပ်ငန်းမှာ ၁၉၀၆ ခုနှစ်က စတင်ဆောင်ရွက် ခဲ့တဲ့ အတွက်ကြောင့် ယခုအခါ နှစ်တစ်ရာကျော်တိုင် ကြာမြင့်နေပြီ ဖြစ်ပါတယ်။ ထို့ပြင် ပင်မ ရေလှောင်ရေပို့ ပိုက်လိုင်းများမှာလည်း နှစ်(၈၀)ခန့် ကြာမြင့်နေပြီဖြစ်ပါသဖြင့် ရေယိုစိမ့်မှု၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါတယ်။

စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စစ်တွေမြို့ပေါ် သောက်သုံးရေဖူလုံစွာရရှိရေး အတွက် နှစ်စဉ်တိုးတက်ဆောင်ရွက်လျက်ရှိရာ ရေအရင်းအမြစ်အသစ်များဖြစ်တဲ့ အောင်တိုင်၊ ကန်ပိုင်ချောင်းအမှတ်(၁)၊ ကန်ပိုင်ချောင်းအမှတ်(၂)တို့ကို ရှာဖွေဆောင်ရွက်ခဲ့ပါတယ်။ ထို့ပြင် စစ်တွေမြို့ရေပေးရေးအား အဆင့်မြှင့်တင်ပြီးတော့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် နှစ်တစ်ရာတိုင်ကျော်ခဲ့ပြီဖြစ်တဲ့ ကန်တော်ကြီးရေပေးရေးလုပ်ငန်းကိုလည်း အဆင့်မီပြုပြင်ရေး အတွက်ကို ရေပိုက်ကြီးများ လဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန် ဂျပန်ချေးငွေ (ODA Loan)(၂၁၃၅.၈၈)သန်းရရှိရေးအတွက်ကို တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ရေလိုအပ်ချက်ရှိ လာပါက ရေအရင်းအမြစ်အသစ်များ ထပ်မံရှာဖွေဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ စစ်တွေမြို့ရဲ့ မြို့ပြလမ်းတံတား ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရေး ရေစီးရေလာကောင်းမွန်ရေး၊ သောက်သုံးရေ ဖြန့်ဝေရေး၊ မြို့ကွက်သစ်များတိုးချဲ့ဖော်ထုတ်ရေးနှင့် မြို့ပြသာယာလှပရေးတို့အတွက်ကို စစ်တွေမြို့ မြို့ပြစီမံကိန်း (Town Planning) ရေးဆွဲထားပြီး ဖြစ်ပါတယ်။ Town Planning ပါ လုပ်ငန်းများကို ဘဏ္ဍာငွေ ကောက်ခံရရှိမှုဝင်ငွေပေါ်မှာမူတည်ပြီးတော့ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အမှတ်(၉) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် မေးမြန်းခဲ့တဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီး ဝံဖူးချောင်းဟာ ဟားခါး-မတူပီလမ်းမိုင် (၁၂၅/၀)မှာ တည်ရှိပါတယ်။ ဟားခါးမြို့ကနေပြီးတော့ (၁၂၅/၀)မိုင်၊ မတူပီမြို့ ကနေပြီးတော့ (၄၈/၃)မိုင် ကွာဝေးပါတယ်။ ဟားခါး-မတူပီလမ်းဟာ ပြည်ထောင်စုအစိုးရ အဖွဲ့ကနေပြီးတော့ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အနေနဲ့ မတူပီမြို့မှ ဝံဖူးချောင်းအထိ မိုင်(၁၇၃/၃ နဲ့ ၁၂၅/၀)အတွင်း (၄၈)မိုင်(၃)ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၂၉.၀၂၅)သန်း နဲ့ လျာထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

၄င်းအပြင် (၁)မိုင် သစ်မာခင်း ရေထုတ်ပြွန်ဟောင်းအား သံကူကွန်ကရစ် ရေထုတ်ပြွန် အဖြစ် ပြောင်းလဲတည်ဆောက်ခြင်း(၂၀)ခု၊ ရန်ပုံငွေကျပ်(၁၀၆.၀၀)သန်းဖြင့် လည်းကောင်း၊ (၂)မိုင် သံကူကွန်ကရစ် ရေထုတ်ပြွန်ပါ ကျောက်ကြီးစီ မြေကာနံရံဆောက်လုပ်ခြင်း (၈)ခု၊ ရန်ပုံငွေ ကျပ်(၇၉.၀၀)သန်းဖြင့်လည်းကောင်း၊ (၃)မိုင် သံကူကွန်ကရစ် ရေထုတ်ပြွန်ပါ မြေထိန်းနံရံကာရံ ဆောက်လုပ်ခြင်း(၅)ခု၊ ရန်ပုံငွေ(၄၉.၅၀)သန်းဖြင့်လည်းကောင်း၊ (၄)မိုင် လမ်းကျဉ်းတဲ့ နေရာများမှာ လမ်းကွေ့များအား (၃၄)ပေအကျယ် ရရှိရန် စက်အား၊ လူအားနဲ့ လမ်းတာချဲ့ခြင်း စက်အားဖြင့် (၉၁၁၆၀)ကျင်း၊ လူအားဖြင့် (၇၇၅၈၀)ကျင်း၊ ရန်ပုံငွေကျပ်(၆၀၁.၀၀)သန်း၊ (၅)မိုင် လမ်းကျဉ်းတဲ့ နေရာ၊ လမ်းကွေ့များကို (၃၄)ပေအကျယ် ရရှိရန်အတွက်ကို စက်အား၊ လူအားနဲ့ လမ်းတာချဲ့ခြင်း စက်အားဖြင့် (၁၄၀၀၀၀)ကျင်း၊ လူအားဖြင့် (၃၇၀၀)ကျင်း၊ ရန်ပုံငွေ (၄၁၄.၀၀) သန်းဖြင့် လည်းကောင်း၊ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တောင်းခံထားပြီး ရရှိပါက ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တို့မှာလည်း ရန်ပုံငွေများ ထပ်မံ တောင်းခံရရှိပါက လမ်းတာချဲ့ခြင်းလုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေ ဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**အခြေခံပညာနယ်ပယ်တွင် တိုးချဲ့ပြုပြင်ဖွဲ့စည်းထားရှိသည့် ရာထူးအဆင့်အလိုက် တာဝန်နှင့်လုပ်ပိုင်ခွင့် များ ခွဲဝေသတ်မှတ်ထားရှိမှုနှင့် လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်ဆောင်နေမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အခြေခံပညာနယ်ပယ်တွင် တိုးချဲ့ပြုပြင်ဖွဲ့စည်းထားရှိသည့် ရာထူးအဆင့်အလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ထားရှိမှုနှင့် လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်ဆောင်နေမှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၀။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့် ဒုတိယဝန်ကြီးနှင့်တကွ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံပညာနယ်ပယ်မှာ တိုးချဲ့ပြုပြင် ဖွဲ့စည်းထားတဲ့ ရာထူးအဆင့်

အလိုက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ထားမှုနဲ့ လက်တွေ့လုပ်ဆောင် အကောင်အထည် ဖော်ဆောင်ရွက်နေမှုများနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန အခြေခံပညာနယ်ပယ်မှာ ယခုအခါ ခရိုင်အဆင့် ဖွဲ့စည်းပုံမှာ တိုးချဲ့ဖွဲ့စည်းလာနိုင်ပြီဖြစ်ပြီးတော့ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နဲ့ ရုံးချုပ်အဆင့် ဆိုပြီးတော့ ပိုင်းခြားအကန့်အသတ်များ ပီပီပြင်ပြင် ဖွဲ့စည်းပေါ်ပေါက်လာရာ သင့်တင့်မျှတသော လစာနှုန်းထားများလည်း ပြုပြင်သတ်မှတ်ပေးနိုင်ခဲ့အတွက် အခြေခံကျပြီးတော့ သိသာမြင်သာသော အပြောင်းအလဲများ ဖြစ်နေတဲ့အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤသို့ ဖွဲ့စည်းပုံတိုးချဲ့ ပြုပြင်ပြောင်းလဲလာသည်နှင့်အမျှ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို တိုက်ရိုက်ကိုင်တွယ်ကာ ပညာရေးရည်မှန်းချက်များကို လက်တွေ့ တာဝန်ခံ၊ တာဝန်ယူ အကောင်အထည်ဖော်နေကြတဲ့ ကျောင်းအုပ်ကြီးများ၊ မြို့နယ်အဆင့် ပညာရေးတာဝန်ကို တာဝန်ခံ၊ တာဝန်ယူနေကြတဲ့ မြို့နယ်ပညာရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်အဆင့် တာဝန်ခံ၊ တာဝန်ယူနေကြတဲ့ ခရိုင်ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တာဝန်ခံ၊ တာဝန်ယူနေကြတဲ့ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူး၊ ညွှန်ကြားရေးမှူးများနဲ့ ရုံးချုပ်မှ အခြေခံပညာ ယန္တရားကြီးတစ်ခုလုံး ရည်မှန်းချက်များ ပေါက်ရောက်အောင်မြင်စေရန် အတွက် ဦးဆောင်တာဝန်ခံ၊ တာဝန်ယူ အကောင်အထည်ဖော်နေကြတဲ့ ညွှန်ကြားရေးမှူးချုပ်နဲ့ အရာရှိများအနေဖြင့် ရာထူးအဆင့်အလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ထားရှိပြီး တော့ ဝန်ကြီးဌာနနဲ့ ဦးစီးဌာန(ရုံးချုပ်)တွေက ဗဟိုချုပ်ကိုင်မှုအနည်းဆုံးနဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် များကိုဖြန့်ခွဲကာ လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေး ဘက်တော်သား အခြေခံပညာကို ထင်သာမြင်သာ သိသိသာသာ ပြုပြင်ပြောင်းလဲပေးစေလိုသော မိဘပြည်သူများက မျှော်လင့်လျက်ရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာနယ်ပယ်မှာ ကျောင်းအုပ်ကြီးတို့ဟာ ပညာရေးရည်မှန်း ချက်များကို လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်နေကြသူများ ဖြစ်တဲ့အတွက် ချမှတ်ထား သော ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းချက်များနဲ့အညီ မိမိတို့လက်အောက်ရှိတဲ့ ဆရာ/ဆရာမများ၊ ဝန်ထမ်းများကို ထိထိရောက်ရောက် ကိုင်တွယ်ထိန်းသိမ်းနိုင်မည့် တာဝန်နဲ့လုပ်ပိုင်ခွင့်များကို အပ်နှင်း ထားရန် မလွဲမသွေ လိုအပ်လျက်ရှိပါတယ်။ မြို့နယ်အဆင့် ပညာရေးအရာရှိများဟာလည်းပဲ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိကြတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြတဲ့အတွက် အောက်ခြေဝန်ထမ်းကနေ ပြီးတော့ မူလတန်းပြဆရာအဆင့်လောက်နဲ့ တူညီတဲ့ ရာထူးတာဝန်များကို ခန့်ထားခြင်း၊ ပြောင်းရွှေ့ ခြင်း အပါအဝင် တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာ ပညာရေးကြီးကြပ်မှု ကော်မတီများနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်အကောင်အထည်ဖော်ရန် သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ခရိုင်ပညာရေး အရာရှိများကတော့ဖြင့် ဒုတိယညွှန်ကြားရေးမှူး များ ဖြစ်ကြတဲ့အတွက် အလယ်တန်းပြအဆင့်နဲ့တူတဲ့ ရာထူးနဲ့အဆင့်တူညီတဲ့ ရာထူးများဆိုင်ရာ ခန့်ထားရေး၊ ပြောင်းရွှေ့ရေးများ အပါအဝင် တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ပညာရေးကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းဦးဆောင်ကာ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ထပ်မံအကြံပြုလိုပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပညာရေးမှူးများကတော့ ညွှန်ကြားရေးမှူးများ ဖြစ်ကြတဲ့ အတွက် အထက်တန်းပြဆရာအဆင့်နဲ့ တူညီတဲ့ ရာထူးအဆင့်နဲ့ ပတ်သက်တဲ့ ရာထူးများ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး အပါအဝင် တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ပညာရေးကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းပြီး ဦးဆောင်တာဝန်ယူ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ အခြေခံပညာဦးစီးဌာန ရုံးချုပ် များကတော့ ပြန်တမ်းဝင်တဲ့ အထက်အဆင့် ရာထူးများနဲ့ဆိုင်တဲ့ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး များအပြင် ပညာရေးစီမံကိန်းနဲ့ ပညာရေးရည်မှန်းချက်များကို မိမိတို့အဆင့်အလိုက် ပေါက်ရောက် အောင်မြင်အဆင်ပြေရေးတို့ကို ထိထိရောက်ရောက် တိုင်းတာစစ်ဆေး တာဝန် ကြပ်မတ်ပေးခြင်းဖြင့် တာဝန်နဲ့လုပ်ပိုင်ခွင့်များ သတ်မှတ်ဖော်ဆောင်ပေးသွားရန် အချိန်တန်ပြီဖြစ်ကြောင်း လက်ရှိ တာဝန်ယူ နေကြသည့် ဌာနတွင်းမှ တာဝန်ရှိသူများကလည်းကောင်း၊ ပညာရေး လိုလားသူများကလည်းကောင်း မျှော်လင့်စောင့်စားလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာနယ်ပယ်အတွင်းမှာ ရာထူးအဆင့်အလိုက် တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို သတ်မှတ်ထားရှိပြီးကောင်း ဖြစ်နိုင်သော်လည်း ထင်သာမြင်သာ လက်တွေ့ လုပ်ပိုင်ခွင့်များနဲ့ အပ်နှင်းထားခြင်း မရှိသေးကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ရုံးချုပ်အဆင့်နဲ့ ဝန်ကြီးရုံး အဆင့်တို့ကသာ တိုက်ရိုက်ကိုင်တွယ်ကာ လုပ်ပိုင်ခွင့်များကို ဗဟိုဦးစီးချုပ်ကိုင်မှုအသွင်ဖြင့် ဖော်ဆောင်လျက်ရှိနေကြောင်းကို လက်တွေ့လုပ်ဆောင်နေမှုများက သက်သေပြလျက် ရှိနေပါတယ်။ ယင်းသို့ချုပ်ကိုင်ဆောင်ရွက်နေခြင်းမှာ သင့်၊ မသင့်ကို ပြန်လည် စဥ်းစားသုံးသပ်ကာ ပြုပြင်ပြောင်းလဲ သင့်သည်များကို အမြန်ပြုပြင်ပြောင်းလဲရန် အချိန်တန်ပြီဖြစ်ကြောင်း လက်တွေ့တာဝန်ယူ အကောင် အထည်ဖော်နေကြတဲ့ အဆင့်ဆင့်သော ပညာရေးဘက်တော်သားများ၊ ပညာရေးအရာရှိများ၊ ပညာရေးကို တိုးတက်မြင့်မားရန် လိုလားနေကြတဲ့ မိဘပြည်သူများက ဆန္ဒပြုကာ ထောက်ပြ အကြံပြုလျက်ရှိနေပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းရဲ့ ပထမမေးခွန်းကတော့ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာနယ်ပယ်မှာ တိုးချဲ့ပြုပြင်ဖွဲ့စည်းထားရှိတဲ့ ရာထူးအဆင့် အလိုက် တာဝန်နဲ့လုပ်ပိုင်ခွင့်များ ရေးဆွဲသတ်မှတ်ထားခြင်း ရှိ/မရှိ။ ဒုတိယမေးခွန်းကတော့ ရာထူး အဆင့်အလိုက် တာဝန်နဲ့ လုပ်ပိုင်ခွင့်များ ရေးဆွဲသတ်မှတ်ထားပြီး ဆိုပါကလည်း ဌာနတွင်းမှာ ထင်သာမြင်သာ တရားဝင်ထုတ်ပြန်ကြေညာကာ အသိပေးကြေညာထားခြင်း ရှိ/မရှိ။ တတိယမေးခွန်း ကတော့ ထင်သာမြင်သာ တရားဝင် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါကလည်း ဗဟိုချုပ်ကိုင်မှု အနည်းဆုံးဖြင့် လက်တွေ့ကျကျ လုပ်ဆောင် အကောင်အထည်ဖော်နေခြင်း ရှိ/မရှိ တို့ကို ဖြေကြား ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးများစွာ တင်ပါတယ်။

**ဂန့်ဂေါမြို့နယ်၊ ကျောကျေးရွာအထက်တန်းကျောင်း(ခွဲ)တွင် အသစ်ဆောက်လုပ်လျက်ရှိသော နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ရန်ပုံငွေချထားပေးရန်နှင့် ကျောကျေးရွာအုပ်စု၊ စကားကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဂန့်ဂေါမြို့နယ်၊ ကျောကျေးရွာအထက်တန်းကျောင်း(ခွဲ)တွင် အသစ်ဆောက်လုပ်လျက်ရှိသော နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ရန်ပုံငွေချထားပေးရန်နှင့် ကျောကျေးရွာအုပ်စု၊ စကားကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စု ဝန်ကြီးများ၊ ကြွရောက်လာသော အကြံပေးပညာရှင်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ဂန့်ဂေါမြို့နယ်၊ ကျောကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားနှင့် ကျောင်းဆောင် လုံလောက်မှုမရှိ၊ ကျေးရွာ အစီအစဉ်ဖြင့် အသစ်တည်ဆောက်လျက်ရှိတဲ့ နှစ်ထပ်ကျောင်းဆောင်သစ်ကလည်း အပြီးမသတ်နိုင်သေး၍ ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ကျောကျေးရွာအုပ်စုတွင် ဝေးလံခက်ခဲသော စကားကျေးရွာ မူလတန်း(လွန်)ကျောင်းအား အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် သတ်မှတ် ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုပြီးတော့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ် ကျောကျေးရွာဟာ ပုံတောင် ပုံညာကြားမှာ၊ ဝေးလံခက်ခဲတဲ့နေရာမှာ တည်ရှိပြီးတော့ ယခင်တုန်းက ဘယ်လောက်တောင် ချောင်ကျလဲဆိုရင် အလံနီခေတ်က အလံနီပါတီဌာနချုပ် အခြေပြုခဲ့တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ သို့သော်လည်းပဲ တပ်မတော်အစိုးရလက်ထက်မှာတော့ ရထားလမ်းဥမင် ဖောက်လုပ်ခြင်း၊ ကားလမ်းများ ချောမွေ့ပြေပြစ်လာခြင်း၊ ကာကွယ်ရေးပစ္စည်းစက်ရုံကြီးများ တည်ဆောက်ပေးခြင်း တို့ကြောင့် လူဦးရေတိုးတက်များပြား စည်ကားလျက်ရှိပါတယ်။ ထို့အတူပဲ ကျောကျေးရွာမှာရှိတဲ့ တွဲဖက်အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ (က)အဆင့် ရဲစခန်းစသည်ဖြင့် လိုက်လျောညီထွေစွာ တည်ရှိပြီးတော့ ဒေသခံများနှင့် ဝန်ထမ်းမိသားစုများရဲ့ သားသမီး ကျောင်းသားဦးရေမှာလည်း အထူးပင် တိုးတက်လာပါတယ်။ ကျောကျေးရွာ အ.ထ.က(ခွဲ)မှာရှိတဲ့ ကျောင်းသူ/ကျောင်းသား (၁၄၀၀)ကျော်အတွက် ကျောင်းဆောင်ကတော့ နှစ်ထပ်ကျောင်း ဆောင်(၁)ဆောင်နဲ့ တစ်ထပ် ကျောင်းဆောင်(၁)ဆောင်သာ ရှိတဲ့အတွက်ကြောင့် ကျေးရွာအစီအစဉ်နဲ့ တည်ဆောက်ထားတဲ့

နှစ်ထပ်ကျောင်းဆောင်သစ်က အခုအချိန်မှာ အပြီးသတ်နိုင်ခြင်း မရှိသေးတဲ့ အနေအထားဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီတစ်ပိုင်းတစ်စ အနေအထားမှာပဲ၊ ဆောက်လုပ်ဆဲ အနေအထားမှာပဲ ကျောင်းစာသင်ခန်းများ ဖွဲ့ပြီးတော့ အဲဒီအထဲမှာ စာသင်နေကြတာကို ကျွန်တော် ကျောရောက်တုန်းက တွေ့ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီ ကျောမှာရှိတဲ့ အ.ထ.က(ခွဲ) အထက်တန်းကျောင်းဆောင်သစ် အပြီးသတ် ဆောက်လုပ်နိုင်ရန် ရန်ပုံငွေချပေး၊ ကျွန်တော်ထင်ပါတယ်၊ လေးပုံပုံရင် သုံးပုံလောက် ပြီးနေပြီ။ အနည်းငယ်ပဲ ကျန်တော့တာ ဖြစ်ပါတယ်။ အဲဒါကြောင့် လိုအပ်တဲ့ ရန်ပုံငွေကို ယခုနှစ်ထပ်တိုးဘတ်ဂျက်မှာ ထည့်သွင်းပေးနိုင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျောကျေးရွာအုပ်စုမှာရှိတဲ့ စကားကျေးရွာ ဆိုတာ ကျောကျေးရွာရဲ့မြောက်ဘက် (၆)မိုင်ခန့်မှာ တည်ရှိပြီးတော့ အလယ်တန်းကျောင်းသားဦးရေ (၁၇၀)နဲ့ စုစုပေါင်းကျောင်းသားဦးရေ (၂၈၀)ကျော်ရှိတဲ့ မူလွန်ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ စကားနဲ့ ကျော ဟာ (၆)မိုင်ဝေးပြီးတော့ လမ်းခရီးမှာ ကျောချောင်းကြီးကို ကွေ့ကောက်ပြီးတော့ အကြိမ်ကြိမ်ဖြတ်သန်းရတဲ့အတွက်ကြောင့် အခုလို မိုးရာသီမှာဆိုရင် ကျောင်းတက်၊ ကျောင်းဆင်း ဆောင်ရွက်နိုင်ခြင်း မရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုပါ ကျောကျေးရွာအုပ်စု စကားကျေးရွာရဲ့ မူလတန်းလွန်ကျောင်းကိုလည်း တွဲဖက်အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးလိုက်မယ်ဆိုလို့ရှိရင် အဲဒီဒေသတစ်ဝိုက်မှာရှိတဲ့ စကား၊ ကျဲ၊ နွှန်းကြီး၊ ကသတ်၊ ဒီဘက်ကဆို ပဲမစား အဲဒီရွာတွေအားလုံးဟာ စတဲ့၊ အဲဒီမှာရှိတဲ့ ကျောင်းသူ/ကျောင်းသားတွေ၊ အလယ်တန်း ကျောင်းသူ/ကျောင်းသားတွေအတွက် ပညာရေးကဏ္ဍအလွန် ဖွံ့ဖြိုးတိုးတက်ပါလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။

သို့ဖြစ်၍ ကျောကျေးရွာအုပ်စု၊ စကားကျေးရွာရဲ့ မူလတန်းလွန်ကျောင်းကို တွဲဖက်အ.လ.က အဖြစ် အဆင့်တိုးမြှင့်ပေးရန် အမှန်တကယ် လိုအပ်နေပါသဖြင့် ထိုကဲ့သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ခုနက ကျောကျေးရွာကလည်း အထက်တန်းကျောင်းဆောင်သစ်ကို ဘတ်ဂျက်တိုးပြီးတော့ ဘတ်ဂျက်ချပေးဖို့နဲ့ အဲဒီကျောအထက်တန်းကျောင်းကလည်း တကယ်တမ်းကျတော့ ပတ်ကားအထက်တန်းကျောင်းအဖြစ် ရပ်တည်ဖို့ အချိန်တန်နေပြီ ဖြစ်ပါတယ်။ ကျောင်းသားဦးရေက အင်မတန် များပြားပြီးတော့ ခုဟာက ရွာနဲ့ မမျှအောင်ကို ကျောင်းသားတွေက များပြားနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒါကို အဆင့်တိုးမြှင့်ပေးဖို့နဲ့ ဘတ်ဂျက်ရန်ပုံငွေ ချပေးဖို့ စကားကျေးရွာက၊ စကားကျေးရွာဆို၊ ဟိုဘက် က.ပ.စ (၂၃)နဲ့ဆို အဲဒီက ကျောင်းသူ/ ကျောင်းသားတွေက အများကြီး အဲဒီမှာ ကျောင်းတက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၂း၃၀။**

**ဒေါက်တာစန်းလွင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေကြောင်း နှုတ်ခွန်းဆက်မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ စန်းလွင် ဖြစ်ပြီးတော့ ကိုယ်စားလှယ်ကြီး (၂)ဦးရဲ့ မေးခွန်းများကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ဖြေကြားရမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု မေးမြန်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု မေးတဲ့ မေးခွန်းကတော့ အခြေခံပညာ နယ်ပယ်တွင် တိုးချဲ့ပြုပြင် ဖွဲ့စည်းထားသည့် ရာထူးအဆင့်အလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ထား ရှိမှုနှင့် လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်ဆောင်နေမှု အခြေအနေနဲ့ ဆက်စပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာနယ်ပယ်မှာ တိုးချဲ့ပြုပြင် ဖွဲ့စည်းထားတဲ့ ရာထူးအဆင့်အလိုက်၊ တာဝန်နဲ့ လုပ်ပိုင်ခွင့်များ တရားဝင် ရေးဆွဲသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ တရားဝင် ရေးဆွဲသတ်မှတ်ထားပြီးဖြစ်တဲ့ ရာထူးအဆင့်အလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့က တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့ စာအုပ်များ ဖြန့်ဝေပြီးတော့ တရားဝင် အသိပေးထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုအခါမှာ ဝန်ကြီးရုံးနဲ့ ဦးစီးဌာနရုံးချုပ်များကနေပြီးတော့ ဗဟိုချုပ်ကိုင်မှုများ လျှော့ချပြီးတော့ ယခင်ကဆောင်ရွက်ခဲ့တဲ့ အထက်မှ အောက်သို့ (Top Down) ဆိုတဲ့ စနစ်အစား အောက်မှ အထက်သို့ ဆိုတဲ့ (Bottom Up)ဆိုတဲ့ စနစ်ကို လိုက်နာကျင့်သုံးနေပြီ ဖြစ်ပါတယ်။ အဲဒီလို လိုက်နာကျင့်သုံးနေပြီဖြစ်တဲ့အတွက် ယခုအခါမှာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များက အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်ရတဲ့ ပညာရေးစီမံခန့်ခွဲရေးကိစ္စများ၊ ဘဏ္ဍာရေးကိစ္စရပ်များကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းကမ်းမူဘောင်အတွင်း ကနေပြီးတော့ တာဝန်ခံဆုံးဖြတ်ဆောင်ရွက် အကောင်အထည်ဖော်ခြင်းကို လက်တွေ့ကျကျ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေနဲ့ ဆက်လက်ဖြေကြားရမယ့် မေးခွန်းကတော့ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဦးလှဆွေ ရဲ့ မေးခွန်းကတော့ ဂန့်ဂေါမြို့နယ်၊ ကျောကျေးရွာ အထက်တန်းကျောင်း(ခွဲ) တွင် အသစ်ဆောက်လုပ်လျက်ရှိသော နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ရန်ပုံငွေ ချထားပေး ရန်နှင့် ကျောကျေးရွာအုပ်စု၊ စကားကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ကျောကျေးရွာ အုပ်စု၊ စကားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ကျောကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းခွဲတွင် ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်သစ် အပြီးသတ်နိုင်ရေး

အတွက်ကတော့ လာမယ့် ဘဏ္ဍာရေးနှစ်များမှာ သာမန်အသုံးစရိတ် ခေါင်းစဉ်အောက်ကနေပြီးတော့ ရန်ပုံငွေ ခွဲဝေချထားပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကော်မတီရဲ့အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၉။**

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ တင်ပြဆွေးနွေးသွားရမယ့် ဥပဒေဟာ စောစောတုန်းက ဥက္ကဋ္ဌကြီး အမိန့်ရှိထားတဲ့ အားလုံးသောပြည်သူများ စိတ်ဝင်စားနေတဲ့ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ စိစစ်တွေ့ရှိချက်ကို ကျွန်တော် နည်းဥပဒေနဲ့အညီ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီဥပဒေဟာ ပြည်သူ့လွှတ်တော်မှာ စပြီးတော့ Initiative လုပ်တဲ့ ဥပဒေ ဖြစ်ပါတယ်။ ဥပဒေကို Initiative လုပ်တဲ့အချိန်တုန်းက တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေဆိုပြီးတော့၊ စတင်ပြီးတော့ Initiate လုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ တစ်ဆင့်တစ်ဆင့် ကျွမ်းကျင်နားလည်တဲ့သူများ၊ လယ်ယာကဏ္ဍနဲ့ပတ်သက်လို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ပြီးတော့ကာ သူတို့ရဲ့ Opinion တွေ၊ အကြံဉာဏ်တွေကို ရယူလိုက်တဲ့အချိန်အခါမှာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအဖြစ် ပြောင်းလဲလာတာ ဖြစ်ပါတယ်။ မီဒီယာတွေမှာလည်းပဲ ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဝေဖန်ချက်မျိုးစုံ ပေးခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီလို အကြံပြုချက်၊ ဝေဖန်ချက်မျိုးစုံနဲ့ ပေါင်းစည်းပြီးတော့၊ ဒီဥပဒေကို ပြည်သူ့လွှတ်တော်က အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်ကို ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ အဲဒီဥပဒေကို ရေးဆွဲခဲ့တဲ့ပုဂ္ဂိုလ်တွေ၊ ဘာသာရပ် ကျွမ်းကျင်သူတွေကို ဖိတ်ခေါ်ပြီး ဥပဒေရဲ့

ရည်ရွယ်ချက်များအတိုင်း အပိုအလိုမရှိ သိပ်သိပ်သည်းသည်း ဖြစ်ဖို့အတွက် အလေးထား မေးမြန်း ဆွေးနွေးခဲ့ရပါတယ်။

ဒီလွှတ်တော်မှာ အနည်းငယ် တင်ပြလိုချင်တာကတော့ ကျွန်တော်တို့ ဒီတစ်ပတ်လွှတ်တော်မှာ အရေးကြီးတဲ့ ဥပဒေကြမ်းများဟာ ကျွန်တော်တို့အားလုံး လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ ကျွန်တော်တို့ စုပေါင်းပြီးတော့ အဖြေရှာခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေတွေဟာ ဆက်သွယ်ရေးဥပဒေ၊ နောက် အများပြည်သူ ဝေဖန်နေတဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ဥပဒေ၊ ရှေးဦးသူငယ်ပြုစုရေးဥပဒေ၊ လူ့အခွင့်အရေးကော်မရှင်ဥပဒေ စသဖြင့် ဒီလိုဥပဒေတွေကိုလည်း ကျွန်တော်တို့တွေဟာ၊ ဥပဒေကြမ်းကော်မတီဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အကူအညီနဲ့၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ပြီး ဖြစ်ပါတယ်။ ဒါကတော့ တချို့ဟာလည်းပဲ ကြားနာရမယ့် အဆင့်မှာလည်းပဲ ရှိပါတယ်။ မည်သို့ပင် ဖြစ်စေ ကျွန်တော်တို့ ဥပဒေကြမ်းပူးပေါင်းကော်မတီဟာ တတ်နိုင်သမျှ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကနေ ပေးအပ်တဲ့တာဝန်တွေအပေါ်မှာ တတ်စွမ်းနိုင်သမျှ ကျွန်တော်တို့ ကြိုးစားလျက် ရှိပါတယ်။ ဒီနေရာမှာ အမှားအယွင်း ပါခဲ့လို့ရှိရင် အပြောအဆိုများ၊ အမှားများ ဖြစ်သွားခဲ့လို့ရှိရင် ကျွန်တော်တို့ကို နားလည်ပေးနိုင်ဖို့ အတွက်ကိုလည်းပဲ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လွှတ်တော် ကိုယ်စားလှယ်များကို တောင်းပန်အပ်ပါတယ်ခင်ဗျား။

အဲဒီတော့ ကျွန်တော် ဆက်လက်ပြီးတော့ ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ တင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေကြမ်းကို၊ ရည်ရွယ်ချက်ကို ပြောကြတဲ့၊ ဆိုကြတဲ့အခါမှာ တော်တော်လေးကို ဝေဖန်ကြတာ ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေရေးထားချက်နဲ့ ဥပဒေရဲ့ ရည်ရွယ်ချက်ကို ရေးသားသူများကိုပါ ဖိတ်ခေါ်ပြီးဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ ဒီဥပဒေမှာ တောင်သူလယ်သမားတွေ အရင်းအနှီးရဖို့အတွက် ချေးငွေပေးဖို့ အဓိက၊ ချေးငွေပေးမယ်၊ နည်းပညာကိုပေးမယ်။ နည်းပညာကို ထိထိရောက်ရောက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ နောက် လယ်ယာထုတ်ကုန်ရောင်းချတဲ့ အခါမှာ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ဈေးကွက်ကို တောင်သူ လယ်သမားတွေရဖို့ပဲ ကျွန်တော်တို့ ဒါ ရည်ရွယ်ပါတယ်။

နောက်တစ်ချက်က လုပ်ကွက်ငယ် တောင်သူတွေကို ထိထိရောက်ရောက် ကူညီပေးဖို့ ဖြစ်တယ်။ ဦးစားပေးပြီး အကူအညီပေးဖို့ ဖြစ်တယ်။ နောက်တစ်ချက်က သဘာဝဘေး အန္တရာယ်တွေ၊ ပိုးမွှားတွေ ဒီလို ကျရောက်လာလို့ရှိရင်၊ ဒီလို လုပ်ကွက်ငယ် တောင်သူလယ်သမားတွေဟာ ဒုက္ခရောက်တဲ့အတွက် သူတို့ကို ဘယ်လိုကူညီမလဲ ဒီလို ကျွန်တော်တို့ ရည်ရွယ်ပါတယ် ဆိုတဲ့ အချက်ဟာ ဥပဒေကြမ်းမှာလည်းပါတယ်။ ဒီဥပဒေရေးဆွဲတဲ့ ပုဂ္ဂိုလ်တွေဟာလည်း ဒါကို ရှင်းပြတဲ့ အနေအထား ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီရည်ရွယ်ချက်တွေကို ဖြစ်မြောက်ဖို့အတွက် ကျွန်တော်တို့က ဒီရည်ရွယ်ချက်တွေကို အများပြည်သူ မြင်သာထင်သာ ရှိစေရမယ်။ လွယ်လွယ်ကူကူ နားလည်စေရမယ်ဆိုတဲ့ ရေးထုံးတွေလည်း ကျွန်တော်တို့ ပြင်ပါတယ်။ ဖြည့်စရာရှိတာတွေကိုလည်း ဖြည့်ခဲ့တယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့က လုပ်ကွက်ငယ်ဆိုလို့ရှိရင် လုပ်ကွက်ငယ်တဲ့ တောင်သူလယ်သမားဟာ ဘာလဲဆိုတဲ့ အဓိပ္ပာယ်မျိုး

ကျွန်တော်မေးစရာရှိပါတယ်။ အဲဒီတော့ လုပ်ကွက်ငယ် တောင်သူလယ်သမားဆိုတာက ဒီဥပဒေထဲမှာ လုပ်ကွက်ငယ် တောင်သူလယ်သမားရဲ့ Definition ကို ဖွင့်မယ်ဆိုလို့ရှိရင်လည်း ဥပဒေဘောင် ကျော်သွားနိုင်တဲ့ အနေအထားမျိုး ဒါ ဖြစ်ပါတယ်။ အဲဒီတော့ လုပ်ကွက်ငယ်ကိုတော့ မဖွင့်သင့်ပါဘူး။ ရှုပ်ထွေးပါတယ် ဆိုပြီးတော့ ပြောကြတယ်၊ ဆိုကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့က လုပ်ကွက်ငယ်တောင်သူလယ်သမားကို ကျွန်တော်တို့ ဦးစားပေးတယ်ဆိုရင် ဒီ လုပ်ကွက်ငယ် တောင်သူလယ်သမားဟာ ဘာလဲဆိုတာကိုတော့ အဓိပ္ပာယ်ဖွင့်ဖို့ လိုတယ်။ ဒါကြောင့် မို့လို့ ကျွန်တော် တို့က ဒီဥပဒေမှာတော့ လုပ်ကွက်ငယ်တောင်သူလယ်သမား ဆိုသည်မှာ ဤဥပဒေ အရ ထုတ်ပြန်သော နည်းဥပဒေအရ သတ်မှတ်သည့် လုပ်ကွက်ငယ်များဖြစ်သည်လို့ ကျွန်တော်တို့က ဒီလိုနည်းဥပဒေမှာ မလွဲမသွေပြဋ္ဌာန်းနိုင်အောင် ကျွန်တော်တို့ ဖော်ညွှန်းလိုက်တယ်ဆိုတဲ့ အနေအထား လည်း ကျွန်တော်တို့ ဖြစ်ပါတယ်။ အဲဒီတော့ ရည်ရွယ်ချက်မှာ ရှင်းရှင်းလင်းလင်းဖြစ်အောင်၊ ပိုမိုတိကျ ပြည့်စုံအောင် ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ရေးသားတဲ့ အချက်တွေ ရှိပါတယ်။ နောက် ငွေချေးတဲ့ ကိစ္စတွေမှာလည်းပဲ တောင်သူလယ်သမားတွေဟာ ငွေချေးတဲ့အခါမှာ အခက်အခဲ ရှိတယ်။ ဒီနှစ်စဉ် ရာသီအလိုက်ချေးတဲ့ ချေးငွေတွေဟာလည်းပဲ ငွေမပေါ်ခင်မှာပြန်ဆပ်ရတဲ့အတွက် တောင်သူလယ်သမား တွေ အခက်အခဲတွေ ရှိစေတယ်ဆိုတဲ့ဟာတွေကိုလည်းပဲ ကျွန်တော်တို့ ဒီနေရာမှာ တတ်နိုင်သမျှ ပြေလည်အောင် ကျွန်တော်တို့ ဒီမှာ ရည်ရွယ်ချက်အတိုင်းဖြစ်အောင် ကျွန်တော်တို့ ပြန်လည် ပြင်ဆင်ရေးသားထားပါတယ်။

နောက်တစ်ချက်က National Disaster လို့ ခေါ်တဲ့ ဒီလို သဘာဝဘေးအန္တရာယ် ပိုးမွှား တွေကြောင့် ကျလာလို့ရှိလို့ရှိရင် နိုင်ငံတော်ဘတ်ဂျတ်က မည်မျှမည်ရွေ့ အကုန်အကျခံမလဲ။ အထူး သဖြင့် လုပ်ကွက်ငယ် တောင်သူလယ်သမားတွေအတွက် ထိုက်သင့်တဲ့ ကျခံမှုမျိုးကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဥပမာဖြင့် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက ကျခံချင်တယ် ဆိုလို့ရှိရင် သူက အခုကျွန်တော်တို့ ရေးဆွဲလိုက်တဲ့ ဥပဒေအရ သူဟာ အစိုးရအဖွဲ့ကို Proposal တင်လို့ရတဲ့ ပြဋ္ဌာန်းချက်တွေကို ကျွန်တော်တို့ ထိထိရောက်ရောက် ထည့်ထားတယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ လယ်သမားတွေဟာ မိမိစိတ်ကြိုက်ကို လွတ်လွတ်လပ်လပ် ရွေးချယ်စိုက်ပျိုးပိုင်ခွင့်ကို ကျွန်တော်တို့က ဖော်ညွှန်းတဲ့အခါမှာလည်းပဲ ကျွန်တော်တို့က နိုင်ငံတော်ရဲ့ အဓိကသီးနှံဖြစ်တဲ့ စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတယ် ဆိုတဲ့ဟာကို ပံ့ပေါ်အောင် ကျွန်တော်တို့ ဖော်ညွှန်းခဲ့တာတွေ ဒါတွေ ရှိပါတယ်။ အဲဒီတော့ လယ်ယာထုတ်ကုန် တွေကို အာမခံလုပ်ဖို့၊ သီးနှံအပေါင်ခံထားတဲ့စနစ်ကို လုပ်ဖို့ဆိုတဲ့ ဟာတွေကလည်းပဲ ခေတ်နဲ့အညီ တိုးတက်လာတဲ့ အယူအဆတွေ ဖြစ်တဲ့အတွက် ဒါတွေကိုလည်းပဲ ကျွန်တော်တို့ ထည့်သွင်းထားတာ ဖြစ်ပါတယ်။ ပြီးတော့မှ ကျွန်တော် တစ်ပိုဒ်ချင်း ပြန်ပြောပါမယ့်ခင်ဗျာ။

အဲဒီတော့ ဥပဒေနဲ့ လယ်ယာမြေကို ဒီနေ့လွှတ်တော်မှာ ကျွန်တော်တို့ ပြည်သူ့အကျိုးစီးပွား အတွက် ဆွေးနွေးတဲ့နေရာမှာ ဥပဒေမဲ့၊ တရားမဲ့ လယ်ယာမြေတွေကို သိမ်းဆည်းတဲ့ကိစ္စ၊ ဒီလိုကိစ္စတွေ ကို နောင်သောအခါမှာ မဖြစ်နိုင်ဖို့အတွက် ဥပဒေနဲ့မညီညွတ်တဲ့၊ တရားမျှတမှုမရှိတဲ့ မြေယာ သိမ်းဆည်းမှုတွေကို အကာအကွယ်ပေးရမယ်ဆိုပြီးတော့ ဒီဥပဒေမှာ ထည့်ထားတယ်ဆိုတဲ့သဘော ကျွန်တော်တို့ ဒါ ဖြစ်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ ရည်ရွယ်ချက်ကတော့ ဥပဒေဟာ ရည်ရွယ်

ချက်အတိုင်းပဲ ပေါက်မြောက်အောင် ကျွန်တော်တို့ ဒီမှာတတ်နိုင်သမျှ ဥပဒေကြမ်းကော်မတီအနေနဲ့ စဉ်းစားပြီးတော့ ဆောင်ရွက်ခဲ့ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပဏာမ ရှင်းလင်း တင်ပြ လိုပါတယ်။ အဲဒီတော့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာ ကျွန်တော်တို့ ဥပဒေရေးထုံးညီအောင် ကျွန်တော်တို့ ရေးထားတာ ရှိပါတယ်။ အဲဒါ ခုလွှတ်တော်ကိုယ်စားလှယ်ကြီးများ လက်ထဲမှာရှိနေတဲ့ လေ့လာတွေ့ရှိချက် အပိုဒ်(က)မှာ ပါပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုပြီးတော့ ဒါ တောင်သူလယ်သမား အကျိုးစီးပွားအတွက်၊ ဘာအတွက်၊ ညာအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုတဲ့ ရေးထုံးမျိုး မဟုတ်တော့ဘဲနဲ့ ပြည်ထောင်စု လွှတ်တော်က ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုပြီးတော့ ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့သူဟာ ပြည်ထောင်စု လွှတ်တော်ဆိုတာကို ပိုပြီးတော့ ဖော်ညွှန်းလိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ ကျွန်တော်တို့ ဒါ ဖြစ်ပါတယ်။ ဒါလည်း ရေးထုံးအတိုင်းပဲ၊ အရင် ဥပဒေတွေထဲမှာလည်း ဒီအတိုင်းပါပဲ ခင်ဗျား။

အဲဒီတော့ နောက်တစ်ခုကတော့ Definition မှာ ကျွန်တော်တို့က စိုက်ပျိုးရေးလုပ်ငန်း ဆိုတာ ဘာလဲ၊ မွေးမြူရေးလုပ်ငန်းဆိုတာ ဘာလဲ ဆိုတဲ့ Definition မျိုး၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးကို ကျွန်တော်တို့က ပယ်ဖျက်လိုက်ပါတယ်။ ဒီအဓိပ္ပာယ် ဖွင့်ဆိုခြင်းအားဖြင့် အများပြည်သူမှာလည်း ဝိဝါဒကွဲစေပါတယ်။ ကျွန်တော်တို့ထဲမှာလည်းပဲ ဒါ မွေးမြူရေးက ပါသလား။ ပျားမွေးမြူရေးက ပါသလား၊ ဆည်မြောင်းက ပါသလား စသည်ဖြင့် ဒီလိုမေးခွန်းတွေ ဖြစ်လာတဲ့အတွက် စိုက်ပျိုးရေး လုပ်ငန်းဆိုတာ ဘာလဲဆိုတာ ဒါ Commond Sense နဲ့ နားလည်နိုင်တဲ့၊ ဒါ မွေးမြူရေးဆိုတာ Commond Sense နဲ့ နားလည်နိုင်တဲ့ အခြေအနေမျိုးရောက်ဖို့ ဒါဟာ Definition မဖွင့်သင့်ဘူး ဆိုပြီးတော့ ကျွန်တော်တို့ ဒီလိုလုပ်လိုက်တယ် ဆိုတဲ့ အနေအထားဖြစ်ပါတယ်။ လုပ်ကွက်ငယ်ဆိုတာ ကိုလည်း ကျွန်တော်တို့ ဒါကိုတော့ လိုအပ်ချက်အရ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုလိုက်တယ်ဆိုတဲ့ ပုဒ်မ ၂ နဲ့ ပတ်သက်တဲ့ အခြေအနေကို ကျွန်တော်တို့ ရှင်းပါတယ်။ ပုဒ်မ ၃ မှာတော့ ဥပဒေရဲ့ ရည်ရွယ်ချက်ကို ပိုမိုပြည်စုံစေရန်နှင့် ရှင်းလင်းစေရန် ဥပဒေကို ကျွန်တော်တို့ ပထမ(၄)ချက်ကို ပြန်ပြင်ရေးလိုက် ပါတယ်။ အရင်းအနှီး ရရှိရေးအတွက် တောင်သူလယ်သမားများ သင့်တော်သော ချေးငွေနှင့် အကူအညီများပေးရန် ရည်ရွယ်ချက်က၊ (၂)က ထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူ လယ်သမားများအား နည်းပညာသွင်းအားစုနဲ့ ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီရန်၊ (၃)က လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊ (ဃ) လုပ်ကွက်ငယ်တောင်သူလယ်သမား များ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန် ဆိုပြီးတော့ ပြင်ဆင်လိုက်ပါတယ်။

နောက် ရည်ရွယ်ချက်တစ်ခုကတော့ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီး ဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး ပံ့ပိုးကူညီရန် ဆိုပြီးတော့ ဒီလို ကျွန်တော်တို့က ထပ်ဆင့် ပဉ္စမအချက်အနေနဲ့ ကျွန်တော်တို့ ထည့်လိုက်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ခေါင်းစဉ် ပြင်လိုက်တာပါ။ ခေါင်းစဉ်ကတော့ ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များ ဆိုပြီးတော့ ဒီလိုအဖွဲ့ ဖွဲ့တာနဲ့ သူ့ရဲ့ အလုပ်ကို ခေါင်းစဉ်နဲ့ ဒီလိုလုပ်

ထားပါတယ် မူလတုန်းက။ အဲဒါကို ကျွန်တော်တို့က ဒီခေါင်းစဉ်ကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များ ဆိုပြီးတော့ ကျွန်တော်တို့က ပိုပြင်အောင် အခန်းခေါင်းစဉ်ရဲ့ နာမည်ကိုပါ ပြင်ဆင်လိုက်တယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ ပြီးတော့မှ ကျွန်တော်တို့က ဒီအဖွဲ့ကို ဖွဲ့တဲ့အခါမှာ ယခင်တုန်းကတော့ ဘယ်ဝန်ကြီးဌာနတွေကနေ ပါရမယ်ဆိုလို့ ဝန်ကြီးဌာနတွေ မြောက်မြားစွာ ထည့်ထားတာ တွေ့ပါလိမ့်မယ် ဇယားမှာ။ သို့သော်လည်းပဲ ကျွန်တော်တို့က ဒီမှာ တိုက်ရိုက်သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေ၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး(၃)ဦးက ဦးဆောင်ပြီးတော့ အောက်ပါပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းဖို့ ဖြစ်တယ်ဆိုပြီး ကျွန်တော်တို့ ထည့်လိုက်ပါတယ်။ ဒါ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့ရမှာပါ။ (က) သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ။ (ခ) တောင်သူလယ်သမား ကိုယ်စားပြု အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ဆိုပြီးတော့ ကျွန်တော်တို့ ဒီလို ထည့်လိုက်ပါတယ်။ အဲဒါတွေနဲ့ လိုအပ်တယ် ဆိုပြီးတော့ ကျွန်တော်တို့ ဒါ ဖွဲ့စည်းမှုကို ကျွန်တော်တို့ လုပ်ပါတယ်။ စာမျက်နှာ(၃)၊ အပိုဒ်ခွဲ(ဃ)မှာ ဆိုလို့ရှိရင် ဦးဆောင်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေကို ကျွန်တော်တို့ ပိုပြင်အောင် ပြန်ရေးပြီးတော့ကာ ထည့်လိုက်ပါတယ်။ အဲဒီတော့ ဦးဆောင်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေဟာ တောင်သူလယ်သမားရဲ့ အကျိုးစီးပွားကို ဘယ်လိုဆက်စပ်ပြီးတော့ ဆောင်ရွက်ရမလဲ ဆိုတဲ့ လုပ်ငန်းတာဝန်တွေပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ (၁၃)ချက် ဖြစ်ပါတယ်။ မူလရေးသားစဉ်တုန်းကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ ပင်မလုပ်ပိုင်ခွင့်များကို ဒီအဖွဲ့ကနေပြီး ယူလိုက်ပြီးမှ ဒီအဖွဲ့ကနေပြန်ပြီးတော့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကို လွှဲတာတို့၊ မွေးမြူရေးဝန်ကြီးဌာနကို လွှဲတာတို့ ဒီလိုဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ ဒီမှာပြန်ပြီးတော့ သိပ်သိပ်သည်းသည်းဖြစ်အောင် အဖွဲ့ကနေပြီးတော့ လုပ်ငန်းတာဝန်ကို ပြန်ပြီးတော့ Delegate လုပ်တာပါ။ Delegate လွှဲပေးတာမျိုး မဟုတ်ဘူး။ အဖွဲ့ကလည်းပဲ မူလဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်တွေထက် ပုံမှန်လုပ်ပိုင်ခွင့်တွေကို ဝင်ရောက်စွက်ဖက်တာ၊ ဝင်ရောက် ရယူတာမျိုးလည်း မဖြစ်စေရဘူး ဆိုပြီးတော့၊ ဒီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့လည်း အဆင်ပြေအောင် ဆိုပြီးတော့ အသုံးအနှုန်းများကို အဲဒီလို ကျွန်တော်တို့ ပုံမှန်ဖြစ်အောင် ပြုပြင်ပြောင်းလဲပြီးတော့ သုံးစွဲထားတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဒီ (၁၃)ချက်ကို ဖတ်ကြည့်လို့ရှိရင် လုပ်ငန်းတာဝန်အနေနဲ့ ပိုပိုပြင်ပြင် ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။

ဥပမာအားဖြင့် အဲဒီအထဲမှာဆိုရင် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားကျရောက်မှုနှင့် အခြားသော အကြောင်းများကြောင့်သော်လည်းကောင်း၊ လယ်ယာမြေနဲ့ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှု ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူလယ်သမားများအား အထူးဦးစားပေးကူညီ ထောက်ပံ့ခြင်း ဆိုတဲ့ဟာမျိုး ကျွန်တော်တို့ ထည့်ထားတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ နောက်ကျန်တဲ့ဟာတွေကလည်းပဲ ညှိနှိုင်းနိုင်တယ်။ ဒီလို Delegate လုပ်တာတွေ မဟုတ်ဘဲနဲ့ ညှိနှိုင်းနိုင်တယ်ဆိုတဲ့ ဟာမျိုးကတော့ မိမိရဲ့ လုပ်ငန်းတာဝန်ကို ထိရောက်စွာ အကောင်

အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဆိုပြီးတော့ ဒီလိုလေး ကျွန်တော်တို့ ပြန်လည်ပြီးတော့ Cooperation, Coordination ကို ဒီလိုလေး ပြန်ထည့်ထားလိုက်တဲ့ အခြေအနေ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အုပ်ချုပ်မှုကိစ္စပါ။ အထူးသဖြင့် ဒီနေရာမှာ အခု ကျွန်တော်တို့က ပုဒ်မ ၆ ကို ပြင်လိုက်တယ်။ ပုဒ်မ ၆ မှာ ကျွန်တော်တို့က ဦးဆောင်အဖွဲ့က စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့ရမယ်။ အဲဒီတော့ စီမံခန့်ခွဲရေးအဖွဲ့ ဆိုတာဟာ တကယ်တော့ သီးနှံလိုအပ်လို့ရှိရင် ဝယ်နိုင်ဖို့ အတွက်၊ ရောင်းနိုင်ဖို့အတွက် ဖွဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဈေးနှုန်းကန့်သတ်မှု ဒီဥပဒေမှာ လုံးဝမရှိပါဘူး။ ဈေးနှုန်း ကန့်သတ်မယ်၊ ဘယ်လိုဈေးနှုန်းနဲ့ လုပ်မယ်ဆိုတာလည်း မရှိပါဘူး။ လိုအပ်ရင် ဝယ်မယ်လို့ဆိုရင် ဒီအဖွဲ့ ဖွဲ့မယ်။ လယ်ယာကုန်ထုတ် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့မယ်။ လယ်ယာကုန်ထုတ် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့တဲ့အခါမှာ ဘယ်သူတွေနဲ့ ဖွဲ့မယ်လို့လည်းပဲ ဥပဒေမှာ ရည်ညွှန်းထားခြင်း မရှိပါဘူး။ လိုအပ်မှ ဝယ်မှာဖြစ်တဲ့အတွက် ဘယ်တော့ လိုအပ်မလဲ မည်သူမျှ ကြိုတင်မပြောနိုင်ပါဘူး။ အဲဒီလို အခြေအနေမျိုးမှာ လယ်ယာကုန်ထုတ်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့နိုင်တယ်ဆိုတဲ့ Clause ကို ကျွန်တော်တို့က ပြဋ္ဌာန်းချက်ကို ထည့်ပေးထားပါတယ်။ ဒါကြောင့်မို့လို့ လည်းပဲ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တစ်ခုကိုလည်းပဲ ဦးဆောင်ပိုင်းမှာ ထည့်ထားတယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒီတော့ ဒီလယ်ယာကုန်ထုတ်စီမံခန့်ခွဲရေးအဖွဲ့က ဝယ်ယူမယ့် ကောက်ပဲသီးနှံ အမျိုးအစားနဲ့ ဝယ်ယူမယ့် အစီအစဉ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြရမယ် ဆိုပြီးတော့ ဒါ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ လုပ်ရမှာ ကျွန်တော်တို့ ဒါဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ ဒီနေရာမှာ ဘာဈေးနှုန်း၊ ဘယ်လိုဝယ်မယ်၊ ဘယ် သီးနှံ ဝယ်မယ်ဆိုတာ ဥပဒေမှာ ဖော်ပြခြင်း မရှိဘဲနဲ့ ဒီနေရာမှာ လိုအပ်လို့ရှိရင် ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ဖော်ညွှန်းထားခြင်းဖြစ်ကြောင်း၊ ဒီအခန်းကို ဖတ်ကြည့်လို့ရှိရင်၊ ပုဒ်မ ၆၊ ပုဒ်မ ၇ ကို ဖတ်ကြည့်လို့ရှိရင် မြင်သာထင်သာမှာ ကျွန်တော်တို့က ဒါဖြစ်ပါတယ်။

ထိုနည်းလည်းကောင်းပဲ ဒီဦးဆောင်အဖွဲ့က လိုအပ်တဲ့ လုပ်ငန်းကော်မတီတွေ၊ အဖွဲ့တွေကို လည်းပဲ ဒီ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့နဲ့ နောက် ကျွန်တော်တို့ နေပြည်တော် ကောင်စီပေါ့လေ၊ ဆိုတာကတော့ ပြည်ထောင်စုနယ်မြေ ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ ဥက္ကဋ္ဌကြီး က လမ်းညွှန်ထောက်ပြတဲ့အတွက် ကျွန်တော်တို့က ဒါပြည်ထောင်စုနယ်မြေက အုပ်ချုပ်ရေးအဖွဲ့မှ ဒီလိုသင့်လျော်တဲ့ ပုဂ္ဂိုလ်များနဲ့ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိတဲ့သူတွေနဲ့ ဖွဲ့စည်းတာဝန်ပေးအပ် နိုင်ပါတယ် ဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေမှာ ပြုပြင်ပြောင်းလဲပြီးတော့ သုံးစွဲထားတာကိုလည်း တွေ့ကြရမှာ ကျွန်တော်တို့ ဒါ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ တစ်ဖက်ကလည်း လုပ်ငန်းတာဝန် တွေ ဖော်ပြသလို၊ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးတွေနဲ့ ပတ်သက်လို့ ဒါတွေကို၊ ဒီအခွင့် အရေးတွေကို ရရှိစေဖို့ အတွက် ပုဒ်မ ၈ မှာ ဆိုလို့ရှိရင် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမယ်ဆိုပြီးတော့ ကျွန်တော်တို့ ဒီဦးဆောင်အဖွဲ့ကို ကျွန်တော်တို့ ဒီလိုရေးထားတာ ဒါ ဖြစ်ပါတယ်။ အဲဒီတော့ တောင်သူ လယ်သမားရဲ့ အခွင့်အရေးကိုလည်း အခွင့်အရေးနဲ့တူအောင် ကျွန်တော်တို့ ပြန်လည်ပြင်ဆင် ရေးသားထားပါတယ်။ အဲဒီတော့ နိုင်ငံတော်ရဲ့ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို

မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်၊ သင့်တော်သော စိုက်ပျိုးစရိတ်ချေးငွေနဲ့ ချေးယူခွင့်၊ ထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်၊ ရောင်းချခွင့်၊ လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊ တည်ဆဲဥပဒေများနဲ့အညီ တောင်သူလယ်သမား အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများကို ဖွဲ့စည်းတာဝန်ယူဆောင်ရွက်ခွင့်၊ ဒါက အခြေခံဥပဒေအရ သုံးတဲ့ စကားလုံးအတိုင်းပဲ ကျွန်တော်တို့ ဖော်ညွှန်းထားခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတွေက ကျွန်တော်တို့က တောင်သူလယ်သမား အခွင့်အရေးအနေနဲ့ ဒီလိုတစ်ဖက်က ဖော်ပြသလို၊ တောင်သူလယ်သမားတွေရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုလည်းပဲ၊ အကျိုးစီးပွားတွေကိုလည်းပဲ ဖော်ဆောင်ပေးရမယ် ဆိုပြီးတော့လည်းပဲ ကျွန်တော်တို့ ဒီ ပြင်ဆင်ရေးသားထားတာတွေ ကျွန်တော်တို့ ဒါရှိပါတယ်။

အဲဒီတော့ ဒီနေရာမှာ ချေးငွေနဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၁၂ မှာ ဝယ်ယူရေးနဲ့ပတ်သက်လို့ ရောင်းချရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဈေးနှုန်းလည်း မဖော်ပြဘူး။ ဟို လုပ်နိုင်ကိုင်နိုင်အောင် ကျွန်တော်တို့ ရေးထားတယ်။ သို့သော် ချေးငွေနဲ့ပတ်သက်လို့ တကယ်လိုတာ တောင်သူလယ်သမားတွေဟာ ချေးငွေလိုအပ်ပါတယ်။ လိုအပ်တဲ့အခါမှာ မိုးရာသီမှာ မိုးသီးနှံအတွက်စိုက်တယ်။ နွေသီးနှံအတွက်စိုက်တယ်။ ရာသီအလိုက် ချေးငွေများ ပေးတဲ့အခါမှာ တောင်သူလယ်သမားတွေဟာ နှစ်စဉ်ချေးငွေတွေတော့ ရပါတယ်။ ဒီနှစ်စဉ် ချေးငွေကို ပြန်လည်ပေးတဲ့အခါမှာ ချေးငွေပေးတဲ့အခါမှာလည်း ချေးငွေကို အပြည့်အဝ မရဘူး။ ပြန်ဆပ်ရတဲ့အခါကျတော့လည်း ငွေပေါ်ချိန်၊ ပစ္စည်းပေါ်ချိန်မှာ ပြန်ဆပ်ရတာမျိုး မဟုတ်ဘဲနဲ့ ဒီလိုအချိန်ကာလ သတ်မှတ်ချက်နဲ့ ဆပ်ရတဲ့အတွက် တောင်သူတွေမှာ အခက်အခဲ ဖြစ်ရတယ်ဆိုတဲ့ ဒီ တောင်သူလယ်သမားရဲ့ အခက်အခဲတွေကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက လွှတ်တော်ကို တင်ပြထားတယ်။

နောက်တစ်ချက်ကလည်းပဲ ကျန်တဲ့အဖွဲ့အစည်းတွေကလည်း ဒီ အခက်အခဲ ရှိပါတယ်ဆိုတဲ့ အခြေအနေမျိုးကို ပြောထားတဲ့အတွက် ကျွန်တော်တို့က ချေးငွေကိုပေးနိုင်ဖို့၊ အဲဒါကို ချေးငွေကို ကျွန်တော်တို့က နှစ်စဉ်ချေးငွေမျိုး မဟုတ်တော့ဘဲနဲ့ နှစ်ပေါက်ချေးငွေ၊ နှစ်ပေါက်၊(၁၂)လလုံး နှစ်ပေါက်ချေးငွေ ကျွန်တော်တို့ ပေးမယ်။ ဒီလို နှစ်ပေါက်ချေးငွေပေးဖို့၊ နှစ်ရှည်ချေးငွေပေးဖို့၊ နှစ်လတ်ချေးငွေပေးဖို့၊ တကယ်လက်တွေ့ကတော့ တောင်သူလယ်သမား ရာသီသီးနှံ စိုက်နေတဲ့သူကို နှစ်ရှည်ချေးငွေ ပေးဖို့ဆိုတာကတော့ လက်တွေ့ဘဝမှာ လွယ်ကောင်းလွယ်မှာပါ။ မည်သို့ပင်ဖြစ်စေ ဥပဒေမှာ မပါတဲ့အတွက် နောင်သောအခါမှာ အခက်အခဲ မဖြစ်ရအောင် နှစ်ပေါက်၊ နှစ်လတ်၊ နှစ်ရှည် ဆိုပြီးတော့ ဒီလိုလေးတွေ ဒါက ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှသာလျှင် ဒါ ချေးနိုင်တဲ့အတွက် ဒီလိုချေးနိုင်အောင်လို့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြလာ နိုင်အောင်လို့ ကျွန်တော်တို့က ဒီ Proposal ကို ဒီ ဘတ်ဂျက်ဘောင်ထဲက၊ ဘတ်ဂျက်ဘောင် လွတ်ပြီးတော့ လုပ်တာမဟုတ်ဘဲနဲ့ ဒီ ဘတ်ဂျက်အဆိုပြုချက်ထဲကနေပြီးတော့မှ ဒီနှစ်ပေါက်၊ နှစ်တို၊ နှစ်ရှည်ချေးငွေတွေကို ပေးနိုင်ဖို့၊ အဲဒီလို ပေးတဲ့အခါမှာလည်း သက်သာတဲ့ အတိုးနှုန်းနဲ့ ပေးနိုင်ဖို့၊ ကာလစည်းကမ်းသတ်ချက်ကိုလည်းပဲ သက်သာတဲ့အတိုးနှုန်း ဒီလိုထုတ်ချေး နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကို တင်ပြနိုင်တယ် ဆိုတာကို ကျွန်တော်တို့ ပုဒ်မများနဲ့ သေသေချာချာ ရှင်းရှင်းလင်းလင်း ရေးထားပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာလည်းပဲ အရင်းအနှီး လိုအပ်ချိန်မှာ ထုတ်ချေးပြီးတော့ တောင်သူလယ်သမား

တွေ အမှန်တကယ် အရင်းအနှီးလိုအပ်ချိန်မှာ ထုတ်ချေးပြီးတော့ သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်၊ အများပြည်သူနားလည်တဲ့ စကားလုံးနဲ့ပဲ ရေးပါတယ်။ သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်မှာ ပြန်လည်ပေးဆပ်နိုင်ဖို့အတွက် စိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့၌ ချိန်ကိုက်ညှိနှိုင်းပြီး ဆောင်ရွက်ပေးရန် ဆိုပြီးတော့ ကျွန်တော်တို့ချေးငွေကိစ္စမှာ အထူးအလေးအနက် ထားပြီးတော့ ဒီလို အထောက်အပံ့တွေ ပေးနိုင်ဖို့အတွက် ကျွန်တော်တို့ တိတိကျကျ ပြဋ္ဌာန်းထားတယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိအောင်နဲ့ စိတ်မပူရအောင် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

နောက် သဘာဝဘေးအန္တရာယ်နဲ့ ကြုံလာလို့ရှိရင် ပျက်စီးဆုံးရှုံးသွားတာတွေကို သက်သာမှုရစေဖို့အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်တဲ့ ပမာဏတစ်ရပ်ကို ကျခံသုံးစွဲဖို့ဆိုတဲ့ ဟာမျိုးကိုလည်း ကျွန်တော်တို့က ဒီမှာ လမ်းဖွင့်ပေးထားတယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။ နောက်တစ်ချက် က တောင်သူလယ်သမားတွေ သုံးစွဲတဲ့ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ ကျွန်တော်တို့ ပေါင်းသတ်ဆေးတွေဟာ Guarantee မရှိဘူး၊ အာမခံချက် ဘာမှလည်း မရှိဘူး ဆိုတဲ့ကိစ္စကို နောင်မှာ ဒီအဖွဲ့ကလည်း လုပ်နိုင်ကိုင်နိုင်ဖို့အတွက် တောင်သူလယ်သမားတွေ သုံးစွဲနေတဲ့ မျိုးစပ်တွေ၊ မျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ ပေါင်းသတ်ဆေးတွေ၊ ဓာတုဆေးတွေကြောင့် ဒါ ဓာတုဆေးတွေကို အာမခံချက်ပါရမယ်။ အာမခံချက်မပါသေးဘူးဆိုလို့ရှိရင် အာမခံချက် မပေးဘူးလို့ ဆိုလို့ရှိရင် ဒီမပေးတဲ့ဟာနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုဆိုးကျိုးတွေ ဖြစ်နိုင်တယ်ဆိုတာ တောင်သူလယ်သမားတွေကို အချိန်မီ အသိပေးဖို့ဆိုပြီးတော့ ဥပဒေမှာလည်းပဲ ဒီလိုအချက်တွေကို အကာအကွယ်အနေနဲ့ ကျွန်တော်တို့ ထည့်ထားတာ ဖြစ်ပါတယ်။ ဒါဟာ အာမခံနဲ့ပတ်သက်ပြီးတော့ နောင်မှာ လိုက်နာနိုင်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ ဒီလိုဖြစ်ပါတယ်။ အဲဒီနေရာမှာ နည်းပညာတွေ၊ သွင်းအားစုတွေကိုလည်းပဲ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ဖို့ ဆိုပြီးတော့လည်းပဲ ကျွန်တော်တို့ ပုဒ်မ ၁၈ ကို ပြန်လည် ပြင်ဆင်ရေးသားထားတာ ကျွန်တော်တို့ တွေ့ကြရမှာဖြစ်ပါတယ်။

အဲဒီအတိုင်းလည်းပဲ ကျွန်တော်တို့ ဒီ အစီရင်ခံစာ၊ စာမျက်နှာ(၆)မှာလည်း ကျွန်တော်တို့ တင်ပြထားပါတယ်။ နောက် အကယ်၍ သီးနှံကို ဝယ်ရတယ်၊ ရောင်းချရတယ်ဆိုလို့ရှိရင် အဲဒီမှာ နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့ ချပြီးတော့မှ ဝယ်နိုင်ဖို့ပေါ့နော်၊ အဲဒီဘတ်ဂျက်ကို ခွင့်ပြုလိုက်တဲ့အတွက် အကယ်၍များပေါ့လေ အရေးပေါ်လို့ ဒီလို ဝယ်မယ်ဆိုရင် အဲဒါကိုလည်းပဲ တကယ်အရောင်းအဝယ်၊ အရှုံးအမြတ်ဇယားကို စာရင်းစစ်အဖွဲ့နဲ့ စစ်ဆေးပြီးတော့မှ ဒီဟာကို ဆောင်ရွက်ဖို့ဆိုတဲ့ ဒီလိုဖြစ်နိုင်မယ့်ဟာတွေကို ကျွန်တော်တို့ အလွဲသုံးစား ဖြစ်နိုင်တယ်၊ ဟိုဟာ ဖြစ်နိုင်တယ်ဆိုတဲ့ ဟာတွေကိုလည်း ကျွန်တော်တို့ တားဆီးထားပါတယ်။ အဲဒီဟာတွေကလည်း နောင်သောအခါမှာ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့လို၊ ကုန်သွယ်ရေးအဖွဲ့တွေလို ဝန်ထမ်းတွေ ခန့်ပြီးတော့ ဝန်ထမ်းတွေစရိတ်ကလည်း ကြီးမယ်၊ ဂိုဒေါင်တွေလုပ်ဦးမယ်၊ ဒီလိုများ သွားနေသလားလို့ သံသယဖြစ်ဖွယ် ရှိပါတယ်။ သို့သော်လည်းပဲ ဥပဒေမှာ အဲဒါတွေကို မပါ ပါဘူးခင်ဗျား။ အဲဒါတွေကို ဝန်ထမ်းအဖွဲ့အစည်းများကို တိုးချဲ့ခွင့်လည်း လုံးဝမပေးပါဘူးခင်ဗျား။ အဲဒီလို အခြေအနေမျိုးကြောင့် ဒီဟာဟာ ဘယ်သူ့ရဲ့ ရုံးလုပ်ငန်းနဲ့ လုပ်ရမလဲလို့ ဆိုလို့ရှိရင် သက်ဆိုင်ရာ ဝန်ကြီးဌာနဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးဝန်ကြီးဌာနရဲ့ ကုန်ကျစရိတ်နဲ့ပဲ ကျခံရမယ်၊ အဲဒီ ဝန်ထမ်းနဲ့ပဲ လုပ်ရမယ်

ဆိုတဲ့ အခြေအနေမျိုး ကျွန်တော်တို့ ဒါ ဖြစ်ပါတယ်။ အဲဒီတော့ အရင်လို သီးနှံဝယ်ယူရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ကြီး တစ်ခါတည်းနဲ့ နိုင်ငံတော်က ချုပ်ကိုင်တဲ့သဘော မဟုတ်ကြောင်း၊ တောင်သူလယ်သမားများကို ကူညီစောင့်ရှောက်ဖို့ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြလိုပါတယ်။ ဒီနေရာမှာ လုပ်ကြကိုင်ကြတဲ့နေရာမှာ တောင်သူအပိုင်းကလည်းပဲ အလွဲသုံးစားလုပ်နိုင်သလို၊ ဝန်ထမ်းပိုင်းကလည်း အလွဲသုံးစားလုပ်နိုင်တယ်။ ကုန်သည်အပိုင်းကလည်း အလွဲသုံးစား လုပ်နိုင်တဲ့အတွက် ဒီလို တောင်သူလယ်သမားတွေကို ပေးတဲ့ ချေးငွေတွေ၊ အကူအညီတွေ၊ အထောက်အပံ့တွေကို နည်းလမ်းအမျိုးမျိုးနဲ့ ဖြတ်တောက်တယ်၊ အလွဲသုံးစား လုပ်တာတွေကို မကျူးလွန်နိုင်ဖို့အတွက် ကျွန်တော်တို့ ပုဒ်မတစ်ခု ကျွန်တော်တို့ ထည့်ထားပါတယ်။ အဲဒီ ပုဒ်မကတော့ ဘာလဲဆိုရင် ရာဇဝတ်ကြောင်းအရ ဒီလို ဖြတ်တောက်တယ်၊ အလွဲသုံးစား လုပ်တယ်ဆိုရင် ရာဇဝတ်အကြောင်းအရ အရေးယူဆောင်ရွက်နိုင်တယ်ဆိုတဲ့ အခန်းကို၊ ပုဒ်မကို ကျွန်တော်တို့ အထွေထွေအခန်းမှာ ထည့်ထားလိုက်တာ ဖြစ်ပါတယ်။ ဒါဟာ တားမြစ်လိုက်တဲ့သဘော၊ ကန့်သတ်လိုက်တဲ့သဘော ဒီလိုဖြစ်ပါကြောင်း ကျွန်တော်တို့ တင်ပြအပ်ပါတယ်။ အဲဒီတော့ ဦးဆောင်အဖွဲ့ရဲ့ ကုန်ကျစရိတ်၊ ရုံးလုပ်ငန်းတွေဟာ စောစောက ကျွန်တော် တင်ပြတဲ့အတိုင်း ကျွန်တော်တို့ ဒီ သက်ဆိုင်ရာ ဝန်ကြီးဌာနကပဲ ကျခံသုံးစွဲပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သီးခြားပိုက်ဆံ၊ ဘဏ္ဍာငွေကျခံစရာအခြေအနေမရှိပါကြောင်းနဲ့ ဒီနည်းဥပဒေတွေ၊ ဘာတွေများထုတ်ပြန်ဖို့၊ ဒါထုတ်ရမှာပါပဲ။ နည်းဥပဒေကို ထုတ်ပြန်တဲ့ အခါမှာလည်းပဲ သက်ဆိုင်ရာ Focal Ministry က သာလျှင် ဒီအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ထုတ်ပြန်သွားရန်ဖြစ်ကြောင်း ဆိုပြီးတော့ ကျွန်တော်တို့ ဒီလိုထည့်ထားပါတယ်။ ဒီသဘောဟာလည်းပဲ အဖွဲ့ကြီးနဲ့ သက်ဆိုင်ရာ Ministry တွေနဲ့ ပဋိပက္ခမဖြစ်အောင်၊ သက်ဆိုင်ရာ Ministry တွေနဲ့ အဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှုအားကောင်းအောင် တတ်နိုင်သမျှ ဥပဒေမူကြမ်းမှာ ဆက်ဆံရေးသဟဇာတဖြစ်ဖို့အတွက် ကျွန်တော်တို့ ရည်ရွယ်ပြီးတော့ ထည့်ထားပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကော်မတီရဲ့ သဘောထားကတော့ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေးနဲ့ မွေးမြူရေးနဲ့ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူများကို ဖိတ်ခေါ်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ သဘောထားမှတ်ချက်ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ကျွန်တော်တို့ တင်ပြအပ်ပါကြောင်း အစီရင်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မြင့်ဖေ ပြောသွားတဲ့ ကျွန်တော်တို့ မှားတာရှိရင်လည်း ခွင့်လွှတ်ပါဆိုတဲ့ စကားဟာ လိုအပ်ခြင်း မရှိပါဘူး။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်က ပြည်ထောင်စုအစိုးရအဖွဲ့က တင်သည့် ဥပဒေကြမ်းဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သည့် ဥပဒေကြမ်းဖြစ်စေ ဒီ ဥပဒေကြမ်းကို လွှတ်တော်ရဲ့ ကိုယ်စား သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဝန်ကြီးဌာန ပြည်သူများထဲက လာရောက်ဆွေးနွေးလိုတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း ဒါတွေအားလုံးနဲ့ ကြားနာညှိနှိုင်းပြီးတော့မှ လွှတ်တော်ကို ပြန်လည်တင်ပြရတဲ့ ကော်မတီပဲ ဖြစ်တယ်။ ကော်မတီက

တင်ပြလို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဆုံးဖြတ်မှ အတည်ဖြစ်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ဆုံးဖြတ်တယ်ဆိုတဲ့ အခါကျတော့လည်း ဒီနေ့ ဥပဒေကြမ်းတစ်ရပ် ရရှိလို့ရှိရင် ကျွန်တော်စပြီးတော့ သတင်းစာထဲမှာ ထည့်ခိုင်းလိုက်တယ်။ အရင်တုန်းက ဒါ ပြန်တမ်းမှာပဲ ထည့်ရတယ်။ သတင်းစာထဲမှာ ထည့်ခိုင်းလိုက်တဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတဲ့အခါကျတော့ ဒီဘာသာရပ်နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ စိတ်ဝင်စားသူများက ပါဝင်ဆွေးနွေးနိုင်အောင် ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုတာ ဒါ ဥပဒေကြမ်းကော်မတီရဲ့ ရှေ့မှောက်မှာ လာရောက်ဆွေးနွေးမှ မဟုတ်ပါဘူး။ ဟောဒီ အမျိုးသားလွှတ်တော်ထဲမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာ တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူကို ကိုယ်စားပြုထားတာ ဖြစ်ပါတယ်။

တယ်လီဖုန်းနဲ့ လှမ်းပြီးတော့ ကိုယ့်ကိုယ်စားလှယ်ကို လှမ်းပြောလို့ ရပါတယ်။ ဘယ်ဥပဒေကြမ်းရဲ့ ဘယ်အပိုဒ်ကတော့ ဘယ်လိုဖြစ်ချင်တယ်။ ဘယ်လိုဖြစ်စေချင်တယ်။ ဆီလျော်သည်ဖြစ်စေ၊ မဆီလျော်သည်ဖြစ်စေ ပြောတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်က ဒါကို နားထောင်ရမယ်။ လက်ခံရမယ်။ တင်ပြလို့ရှိရင် ဥပဒေကြမ်းကော်မတီနဲ့ ကြိုတင်ညှိသင့်ရင်လည်း ညှိရမယ်။ ကြိုတင်မညှိနိုင်ရင်လည်း ဒီနေ့ ဒီလို ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်က ဒါ TV Channel ကလည်း ပါမယ်။ ပါလို့ ပြည်သူက နားထောင်ပြီးတော့မှ ဘာကို ဘယ်လိုလုပ်လိုက်ပါလားလို့ လှမ်းပြီး ကိုယ့်ရဲ့ကိုယ်စားလှယ်ကို လှမ်းပြောတာမျိုးရှိရင်လည်း ဆွေးနွေးတဲ့နေ့မှာ ဆွေးနွေးနိုင်ပါတယ်။ ပြီးတော့မှ အားလုံးက အကောင်းဆုံးကို ဝိုင်းဆုံးဖြတ်တာဖြစ်တဲ့အတွက် ဆုံးဖြတ်တဲ့နေ့၊ ဆုံးဖြတ်တဲ့ အချိန်မှာတော့ အမှန်ဆုံးပဲ ဖြစ်တယ်။ မှားယွင်းတယ် ဆိုတာ ဘာမှားယွင်းတာလည်း ကျွန်တော်တို့ မှားယွင်းရင် ခွင့်လွှတ်ပါ။ မှားယွင်းတယ်ဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီလို့ မှားယွင်းမယ်သဘောက၊ အခြားသော တည်ဆဲဥပဒေများနဲ့ မကိုက်ညီရင် ရှေ့နောက်ဆီလျော်မှု မရှိရင် မှားယွင်းမယ် ဒါပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မှားယွင်းရင် ခွင့်လွှတ်ပါဆိုတဲ့ စကားကို ကောက်နှုတ် ပယ်ဖျက်လိုက်ပါ။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျွန်တော် လေးစားစွာ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်ကို ကျွန်တော်လက်ခံပါတယ်။ သို့သော်လည်းပဲ တချို့သော ကိစ္စရပ်လေးတွေက အသုံးအနှုန်းလေးတွေအပေါ်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ကျွန်တော်တို့ပဲ -----

**ဥက္ကဋ္ဌ**။ ။ ဘာဖြစ်လို့လဲ ကျွန်တော် ဆုံးဖြတ်တာ မကျေနပ်လို့လား။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မဟုတ်ပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ဆုံးဖြတ်ပြီးပြီ။ ဒီမှာ ထုပြီးပြီ။ ခင်ဗျား ပြောစရာအကြောင်း မရှိတော့ဘူး။ ထိုင်ပါ။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျေးဇူးတင်ပါတယ်။ လက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိရင် ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၂-၈-၂၀၁၃ ရက် (ကြာသပတေးနေ့) ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။**

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို (၁၃း၀၂)နာရီအချိန်တွင် ရပ်နားပါသည်။]